

နန္ဒကျော်သူ
တူတူပေါင်းပျော်
လူလေးဟော်
လျှမ်းလိုက်လန်းရှစ်
ဒုတိယပိုင်း
တက်သိမ်း

နန္ဒကျော်သူ

# တူတူပေါင်းပျော်လူလေးဖော်

(ဒုတိယပိုင်း-ဇာတ်သိမ်း)

## စိန်မရှိတဲ့သေတ္တာ

လှိုင်ဖုံးရှန်သည် တစ်ညလုံး အခြေအနေကိုစောင့်ကြည့်နေ၏။

မည်သည့်ထူးခြားချက်မှ မတွေ့သဖြင့် သူက ညဉ့်သန်းခေါင်တွင် စားသောက်ဆိုင်မှထွက်လာခဲ့၏။ အဖိုးတန်စိန်တုံးကြီးအား မည်သူမျှခိုးယူတော့မည်မဟုတ် ဟု သူက စိတ်ချသွား၏။

အကယ်၍ ခိုးယူလျှင်လည်း ယခုလို သန်းခေါင်ယံအချိန်၌ ခိုးယူရမည်ဖြစ်၏။ ယခုအချိန်အထိ မည်သည့်ထူးခြားချက်ကို မတွေ့ရသဖြင့် သူက စိတ်အေးသွား၏။

သူက အေးအေးဆေးဆေး လျှောက်လာရင်းမြို့တော်ဝန်ဂေဟာနားအရောက်တွင်“မီး... မီး”ဟူသော အလန့်တကြားအော်သံများကိုကြားလိုက်ရပြီး လူများအော်ဟစ်ပြေးလွှားလာနေသည်ကို တွေ့လိုက်ရ၏။

လှိုင်ဖုံးရှန်သည် ဉာဏ်ကောင်းသူဖြစ်၏။ ယခုလို ထိုနေရာ၌ မီးလန့်သည်မှာ သမာရိုးကျမဟုတ်ဘဲ ရှို့မီးဖြစ်ရမည်ကိုကောင်းစွာနားလည်၏။

ဒုစရိုက်သမားများသည် အထိတ်တလန့်ဖြစ်စေရန် မီးရှို့ပြီး

စိန်တုံးကြီးကိုဝင်လုကြမည်မှာ သေချာ၏။

လွှီဖုံးရှန်သည် မီးလောင်သည့်နေရာသို့မသွားဘဲ စိန်တုံးကြီးယူပြီးလွတ်အောင်ပြေးမည့်ဘက်အား မှန်းဆလိုက်၏။

ထို့နောက် လမ်းမကြီးအတိုင်း ပြေးလွှားသွား၏။ တစ်နေရာအရောက်တွင် မြို့စောင့်တပ်သားများက လူ(၃) ယောက်အား ဖမ်းဆီးထားသည်ကို တွေ့လိုက်ရ၏။

ထိုလူများ လက်ထဲတွင် စိန်တုံးထည့်သည့်သေတ္တာအား တွေ့လိုက်ရ၏။

လွှီဖုံးရှန်က ထိုလူအားကြည့်လိုက်ရာ အံ့အားသင့်သွား၏။

အကြောင်းမှာ ထိုလူ(၃)ယောက်သည် အရက်သမား ယန်းကျိုကွေ၊ လောင်းကစားသမား လုကျောင်းနှင့် မိန်းမပွေသူသခင်လေးစုံတို့ ဖြစ်နေသောကြောင့် ဖြစ်၏။

ယန်းကျိုကွေတို့သုံးယောက် လက်ထဲမှသေတ္တာထဲတွင် စိန်တုံးကြီးမရှိပါ။ သေတ္တာအခွံသက်သက်သာ ဖြစ်၏။

ယန်းကျိုကွေတို့သုံးယောက်မှာ အံ့အားသင့်နေ၏။ အထူးသဖြင့် ယန်းကျိုကွေမှာ မယုံကြည်နိုင်အောင်ဖြစ်နေ၏။

သူသည် ထိုသေတ္တာအား မည်သူမျှမယူမီ လက်ဦးမှုယူကာ ရယူနိုင်ခဲ့၏။ သို့သော် သေတ္တာထဲမှစိန်တုံးကြီးမှာ မည်သည့်နေရာသို့ရောက်ရှိသွားပါသနည်း။

လုံခြုံရေးတပ်သားများသည် ယန်းကျိုကွေတို့အားအမျိုးမျိုးစစ်ဆေးသော်လည်း ယန်းကျိုကွေတို့က မသိဟူသာ ဖြေကြ၏။



မည်သို့ဆိုစေ ထိုစိန်တုံးကြီးပျောက်သည့်ကိစ္စတွင် ယန်းကျိုကွေတို့မှာ တရားခံကြီးများဖြစ်နေပေသည်။

လွှီဖုံးရှန်သည် သူတို့သုံးဦးအားကြည့်၍ အဖြေမရသည့်အဆုံးတွင် စိတ်ပျက်ကာ လမ်းမကြီးအတိုင်း ပြန်လျှောက်လာခဲ့၏။

သူက လမ်းချိုးတစ်ခုသို့ရောက်သောအခါ မြင်းတစ်စီးနှင့်လူတစ်ယောက်အား အမှတ်မထင်တွေ့လိုက်၏။

ထိုလူအား လွှီဖုံးရှန် သိထား၏။ ထိုလူမှာ ချယ်ရီဖြစ်နေသဖြင့် လွှီဖုံးရှန်က အံ့အားသင့်သွား၏။

သူမသည် မြင်းရထားလုံးမစီးဘဲ အဘယ်ကြောင့် မြင်းစီးသွားရပါသနည်း။ သူမက မည်သည့်နေရာသို့သွားပါသနည်း။

လွှီဖုံးရှန်က တွေးရင်း ချယ်ရီ၏မြင်းနောက်သို့ ပြေးလိုက်သွားလေတော့သည်။

လွှီဖုံးရှန်သည် ချယ်ရီ၏မြင်းနောက်သို့ပြေးလိုက်သွား၏။

သို့သော် လမ်းချိုးတစ်ခုအရောက်တွင် ရပ်၍ စဉ်းစားလိုက်၏။ သူက ချယ်ရီနောက်သို့ပြေးလိုက်ခြင်းဖြင့် မည်သို့အကျိုးထူး ပါမည်နည်း။

အကယ်၍ သူမက အဘယ်ကြောင့် မိမိနောက်သို့လိုက်သနည်းဟုမေးလျှင် သူ့တွင် အဖြေမရှိပါ။

ချယ်ရီသည် မြို့စောင့်တပ်မှူးကြီး၏ဇနီးဖြစ်ပြီး ချမ်းသာကြွယ်ဝသောအမျိုးသမီးဖြစ်၏။

သူမအား လက်ပူးလက်ကြပ်မမိဘဲ စွပ်စွဲနိုင်ခွင့်မရှိပါ။ ထို့

ပြင် စိန်တုံးခိုးသည့်ယန်းကျူကွေတို့အား ဖမ်းမိထားပြီ ဖြစ်၏။

လွီဖုံးရှန်၏စိတ်ထဲတွင် အဘယ်ကြောင့်မှန်းမသိ ယန်းကျူကွေတို့သုံးယောက်အား စိန်တုံးသူခိုးဟု မယူဆပေ။ သူတို့ကလည်း စိန်တုံးခိုးသည်ဟုဝန်ခံပြီး သူတို့လက်ထဲတွင် စိန်တုံးမတွေ့ရသဖြင့် သူ့စိတ်ထဲတွင် မဝေခွဲနိုင်ဘဲရှိ၏။

ဤသို့ဆိုလျှင် စိန်တုံးသည် မည်သည့်နေရာသို့ရောက်သွားပါသနည်း။

စိန်တုံးသူခိုး(၃)ယောက်သည် ပျောက်ဆုံးနေသောစိန်တုံး၊ အချိန်မတော် မြင်းတစ်ကောင်နှင့်တွေ့ရသည့်ချယ်ရီ....။

လွီဖုံးရှန်သည် ဘာဆက်လုပ်ရမှန်းမတွေးနိုင်တော့သဖြင့် အနားယူရန် ခြေလှမ်းပြန်လှည့်လိုက်လေတော့သည်။

ချယ်ရီသည် မြင်းအား ခပ်သွက်သွက်ပြေးနေရာမှနောက်သို့ လှည့်ကြည့်လိုက်၏။

သူမနောက်မှ လူတစ်ယောက်ပြေးလိုက်လာသည်ကို တွေ့ရသဖြင့် အဆိပ်အပ်အား အသင့်ထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထား၏။

သို့သော် ယင်းသို့တိုက်ခိုက်နေလျှင် ချိန်းထားသူနှင့်လွဲမည်ကိုစိုးသဖြင့် လမ်းချိုးတစ်ခုအရောက်တွင် မြင်းအား ရပ်တန့်ကာ အမှောင်ရိပ်ထဲသို့တိုးဝင်လိုက်၏။

နောက်မှလိုက်လာသူက မျက်ခြေပြတ် ပြီးထွက်သွားမှ သူမက အမှောင်ထဲမှထွက်ခဲ့၏။



သူမက ပိတုန်းစားသောက်ဆိုင်သို့ဦးတည်လိုက်၏။ ထိုအချိန်တွင် ပိတုန်းစားသောက်ဆိုင်၌ လူရှင်းနေပြီဖြစ်၏။

လောင်းကစားခန်းမထဲတွင် ကစားနေသူအချို့ကိုသာ တွေ့ရ၏။ ချယ်ရီသည် ပိတုန်းစားသောက်ဆိုင်အနီးတွင် မြင်းကိုရပ်တန့်လိုက်၏။

ထို့နောက် တိတ်တဆိတ် ဝင်ရောက်လိုက်လေတော့သည်။

သူမသည် အမှောင်ထုအား ချဉ်းကပ်ပြီး တိတ်တဆိတ် လှုပ်ရှားလိုက်၏။

ချိန်းဆိုထားသည့်အခန်းရှေ့သို့လျှောက်လာသောအခါ သော့ခတ်ထားသည်ကို တွေ့လိုက်ရသဖြင့် သူမက မစဉ်းစားတတ်အောင်ဖြစ်သွား၏။

သူမက တံခါးသော့အားကိုင်ရန် ဟန်ပြင်လိုက်စဉ် အခန်းတွင်းမှ....

"အရှေ့ပြတင်းပေါက်က ဝင်ခဲ့ပါ"

ဟူသော အသံတိုးတိုးကိုကြားလိုက်ရ၏။

ချယ်ရီသည် အခန်းထဲမှအသံရှင်ပြောသည့်အတိုင်းပင် အရှေ့ပြတင်းပေါက်အားကျော်ကာ ဝင်ရောက်လိုက်၏။ အခန်းထဲတွင် အလွန်အားနည်းသောမီးပုံးမှိန်မှိန်လေးသာ ထွန်းညှိထား၏။

အခန်းအလယ်ရှိ စားပွဲတွင် မြင်းကုန်သည်ဖိမာထိုင်နေ၏။

ချယ်ရီက ပြုံးကာ အနားသို့လျှောက်သွားပြီး အိတ်ထဲတွင် ဝှက်ယူထားသောသေတ္တာအား လှမ်းပေးလိုက်၏။

ဖိမာက လေသံတိုးတိုးဖြင့်....

"ကျုပ် လူရွေးတာမှန်သွားတယ်... ဒီတာဝန်ကို မင်းကလွဲပြီး ဘယ်သူမှဆောင်ရွက်နိုင်မှာ မဟုတ်ဘူး"

ချယ်ရီအဖြစ် ရုပ်ဖျက်ဟန်ဆောင်ထားသော နတ်မိမယ်တလျှံက တစ်ချက်ပြုံးလိုက်၏။

"ကျွန်မကလည်း ရှင့်ကိုမို့လို့ လုပ်ပေးတာပါ... ဒီလောက်အန္တရာယ်များတာ တခြားလူဆို မလုပ်ပေးဘူး"

ဖိမာက သေတ္တာအားဖွင့်ကြည့်လိုက်၏။ စိန်တုံး၏ တဖျပ်ဖျပ်လက်သောအရောင်မှာ အခန်းတစ်ခုလုံးပင် လင်းသွားသည်ဟု ခံစားမိ၏။

သူက ကျေနပ်စွာပြုံးပြီး နတ်မိမယ်တလျှံအား ကြည့်ကာ....

"မင်းက ငါ့ကိုကူညီတာဆိုရင် ဒီရွှေတွေမယူတော့ဘူးလား"

နတ်မိမယ်တလျှံက စားပွဲပေါ်မှရွှေထုပ်အား ရင်ဘတ်ထဲထည့်ကာ....

"ကျွန်မရဲ့စွန့်စားခကိုတော့ ယူရမှာပေါ့... တခြားလူဆိုရင် ဘယ်လောက်ပေးပေး မလုပ်ဘူးရှင့်"

ဖိမာက ပြုံးလိုက်၏။ သူက နတ်မိမယ်တလျှံအနီးသို့ ရွှေ့ထိုင်ကာ ပခုံးပေါ်သို့ လက်တစ်ဖက်တင်လိုက်၏။

"မင်းက ငါ့တစ်သက်မှာ မမေ့နိုင်စရာကောင်းတဲ့မိန်းကလေးပါပဲကွာ"

သူကပြောပြီး နမ်းရှိုက်ရန်ဟန်ပြင်လိုက်၏။ နတ်မိမယ်တလျှံက ကျေနပ်စွာ ပြုံးကာ မျက်လုံးမှိတ်ထားလိုက်၏။ ရုတ်တရက် နတ်မိမယ်တလျှံ၏ မျက်နှာရှုံ့မဲ့ကာ မျက်လုံး ပွင့်လာ၏။

"ရှင်... ရှင်... လူယုတ်မာ"

သူမက စကားမဆက်နိုင်တော့ပါ။ သူမ၏ရင်ဘတ်မှ နီရဲသောသွေးများ စီးကျလာ၏။ ကုလားထိုင်ပေါ်မှ ယိမ်းထိုးကျသွား၏။

အသံကြားမည်စိုး၍ ဖိမာက အသာပွေ့ကာ ကြမ်းပြင်ပေါ်



သို့ချပေးလိုက်၏။

ထို့နောက် သူမ၏ရင်ဘတ်ထဲမှ ရွှေထုပ်အား နှိုက်ယူကာ မီးအိမ်ကိုငြိမ်းသတ်ပြီး ပြတင်းပေါက်မှထွက်ခွာသွားလေတော့သည်။

နံနက်အာရုံအလင်းရောင်သည် သာယာလှပစွာပင် မြေကမ္ဘာပေါ်သို့ကျရောက်လာ၏။

ပိတုန်းစားသောက်ဆိုင်တွင် လူများ ရုတ်ရုတ်သဲသဲဖြစ်နေ၏။

လူဆိုးထိန်းဝမ်သည် ချယ်ရီ၏အလောင်းအား သေချာစွာ ကြည့်ပြီး မြို့စောင့်တပ်မှူးကြီးချင်းထိန်အား မော့ကြည့်လိုက်၏။

ချင်းထိန်၏မျက်နှာတွင် ဝမ်းနည်းခံပြင်းခြင်း၊ ကြေကွဲခြင်းတို့ဖြင့် နီရဲနေ၏။ လူဆိုးထိန်ဝမ်က ပိတုန်းစားသောက်ဆိုင်မှလူများအား စစ်ဆေးလိုက်၏။

"ချယ်ရီ... ဒီကိုရောက်လာတာ ခင်ဗျားတို့ ဘယ်သူသိသလဲ"

ဆိုင်တာဝန်ခံက....

"သူ နေ့လယ်ကတော့ မနက်စာ လာစားသွားတယ်... မွန်းလွဲအချိန်လောက်မှာ ပြန်ထွက်သွားပါတယ်"

ချင်းထိန်က....

"သူ ဒီမှာမနက်စာစားမယ်ဆိုတာ ကျုပ် သိတယ်... နေ့လယ်က မြို့တော်ဝန်ဂေဟာကိုရောက်လာတယ်... ညမိုးချုပ်တဲ့အထိနေတယ်... ညဉ့်နက်လာမှပွဲသွားကြည့်မယ်ဆိုပြီး ကျုပ်နဲ့လူချင်းကွဲသွားပါတယ်"

လူဆိုးထိန်းဝမ်မှာ စဉ်းစားရကျပ်နေ၏။

ချယ်ရီသည် ခင်ပွန်းဖြစ်သူအား ပွဲကြည့်မည်ဟုပြောကာ ဒီနေရာတွင် တစ်စုံတစ်ယောက်နှင့်လာရောက်ချိန်းတွေ့နေခြင်းလော။

သူက ဆိုင်တာဝန်ခံအား ကြည့်ကာ....

"ဒီအခန်းက ဘယ်သူငှားထားတာလဲ"

ဆိုင်တာဝန်ခံက ဧည့်မှတ်တမ်းစာအုပ်အား ပြန်ကြည့်ကာ

"နေ့လယ်ကတော့ မြင်းကုန်သည်ဖိမာဆိုတဲ့လူ နေသွားတယ်... ညနေမှာ အခန်းပြန်အပ်လို့ ကျွန်တော်ကိုယ်တိုင်သော့ပိတ်ခဲ့တာ အခုအချိန်အထိပါပဲ"

လူဆိုးထိန်းဝမ်က....

"ချယ်ရီရဲ့အလောင်းကို ဘယ်သူစတွေ့တာလဲ"

ဆိုင်တာဝန်ခံက....

"ကျွန်တော်ပဲ အရင်တွေ့တာပါ... တံခါးကို ကျွန်တော်ကိုယ်တိုင်သော့ခတ်ထားပေမယ့် ပြတင်းပေါက်တံခါးပွင့်နေတာတွေ့လို့ ပိတ်ဖို့အခန်းထဲဝင်လိုက်တဲ့အခါ ချယ်ရီရဲ့အလောင်းကို အခုလိုတွေ့ရတာပါပဲ"

လူဆိုးထိန်းဝမ်က မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်၏။

ချယ်ရီသည် မနေ့ညက ပွဲကြည့်မည်ဟု ခင်ပွန်းဖြစ်သူအား အကြောင်းပြပြီး ဤနေရာသို့ တိတ်တဆိတ် ရောက်လာခဲ့၏။

ထို့နောက် တစ်စုံတစ်ယောက်နှင့် ချိန်းတွေ့ပေမည်။

ထိုချိန်းဆိုထားသူက အကြောင်းတစ်စုံတစ်ရာကြောင့် သူမအား သတ်သွားခြင်းဖြစ်နိုင်၏။ အခန်း၏ ပြတင်းတံခါးပွင့်နေသဖြင့် ထိုနေရာမှ ထွက်သွားခြင်းဖြစ်နိုင်၏။

သို့သော် ဤတည်းခိုခန်းတွင် တည်းခိုနေသူများအားလုံးကို



လည်း လူသတ်သမားမဖြစ်နိုင်ဟု ပြောမရပေ။

ထို့ကြောင့် ညက တည်းခိုသူများအားလုံးကို တစ်ယောက်ချင်း စစ်ဆေးလိုက်၏။

လူသတ်သမားဟုထင်ရသူမရှိသဖြင့် ချယ်ရီ၏အလောင်းအား သင်္ဂြိုလ်ရန် ခွင့်ပြုလိုက်လေတော့သည်။

တပ်မှူးကြီးချင်းထိန်၏ တပည့်များသည် ချယ်ရီ၏အလောင်းအား သင်္ဂြိုလ်ရန် အစီအစဉ်များပြုလုပ်နေကြ၏။

ချင်းထိန်သည် ထိုနေရာတွင် ငေါင်စင်းစင်းနှင့်ထိုင်နေ၏။

သူ့ရှေ့စားပွဲတွင် အရက်အိုးတစ်လုံးရှိနေသော်လည်း မသောက်ရသေးပါ။ သူသည် ရီဝေသောမျက်လုံးအစုံဖြင့် ချယ်ရီ၏အလောင်းအား ကြည့်နေ၏။

သူ့စိတ်ထဲတွင် ချယ်ရီက အဘယ်ကြောင့် အချိန်မတော် ပိတုန်းစားသောက်ဆိုင်သို့ရောက်နေသည်ကို တွေးမရဘဲဖြစ်နေ၏။

သူ၏ဇနီးသည် တစ်စုံတစ်ယောက်နှင့် ဖောက်ပြန်နေသလော။ သို့မဟုတ် ညက မြို့တော်ဝန်အိမ်မှအပြန်တွင် လူဆိုးလူယုတ်မာများနှင့်တွေ့၍ မတရားပြုကျင့်ရသည်လော။

သူက အံတင်းတင်း ကြိတ်ကာ စဉ်းစားနေ၏။ သူသည် ဇနီးဖြစ်သူအား သတ်သည့်တရားခံကို စုံစမ်းဖော်ထုတ်လို၏။

သို့သော် ဇနီးအားသတ်သည့်တရားခံကို ရှာရန်ထက် မြို့တော်ဝန်ဂေဟာမှ စိန်တုံးကြီးပျောက်ဆုံးသည့်ကိစ္စကို စုံစမ်းရှာဖွေရန်မှာ ပိုအရေးကြီးနေ၏။

ထိုစိန်တုံးကြီးပျောက်ဆုံးသည့်ကိစ္စသည် ချန်အန်းမြို့တစ်ခုလုံးအား ဂယက်ရိုက်နေပြီဖြစ်၏။ ထိုစိန်တုံးကြီး ပျောက်ဆုံးသည့်ကိစ္စအတွက် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများမှာ ခေါင်းခဲနေကြ၏။

ချင်းထိန်သည် ရှေ့မှအရက်အိုးကိုကြည့်ကာ စိတ်ရှိလက်ရှိသောက်လိုသော်လည်း တာဝန်များရှိနေသေးသဖြင့် မသောက်မိအောင် စိတ်ကိုထိန်းထားရ၏။

ထိုစဉ် အနားသို့ လူတစ်ယောက်လာရောက်ရပ်နေသဖြင့် သူက မော့ကြည့်လိုက်၏။ သူက စိတ်ရှုပ်သွား၏။ ထိုလူနှင့်သူမှာ ခင်မင်ရင်းနှီးသော်လည်း သူက အထင်မကြီးပေ။

ထိုလူက သူ့အနားတွင် ဝင်ရောက်ထိုင်ချလိုက်သဖြင့် သူက မသက်မသာနှင့် နှုတ်ဆက်လိုက်ရ၏။

"ဘာကိစ္စလဲ... လွီဖုံးရှန်"

သူ့နားတွင် ဝင်ထိုင်လိုက်သူမှာ လွီဖုံးရှန်ပင်ဖြစ်လေသည်။

လွီဖုံးရှန်သည် ချင်းထိန်အား ပြုံးပြရင်း အားပေးလိုက်၏။

"ငါ ဘာကူညီရမလဲ ချင်းထိန်"

ချင်းထိန်သည် မသောက်ရန် စိတ်တင်းထားသည့်အရက်အား တစ်ခွက်ငှဲ့ကာ မော့သောက်ချလိုက်၏။

"မလိုပါဘူး... မင်းက ဘာတတ်နိုင်မှာလဲ"

လွီဖုံးရှန်က အောင့်သက်သက်ဖြစ်သွား၏။ သို့သော် သူသည် စိတ်သဘောထား ပြည့်ဝသူဖြစ်သဖြင့် တစ်ဘက်သား စိတ်ထိခိုက်နေချိန်တွင် ဆန့်ကျင်ဘက်စကားမပြောပေ။



"ငါက အရမ်းအသုံးကျတဲ့လူတော့ မဟုတ်ဘူး... ဒါပေမယ့် တစ်နေ့ရာမှာ အသုံးမဝင်လည်း တစ်နေရာမှာတော့ အသုံးဝင်ပါလိမ့်မယ်... နောက်ပြီး ချယ်ရီသေတဲ့ကိစ္စကို ငါ မကျေနပ်ဘူး"

ချင်းထိန်သည် မြို့စောင့်တပ်မှူးဖြစ်သဖြင့် တိုက်ခိုက်ရာတွင် ကျွမ်းကျင်၏။ သို့သော်လည်း ဦးနှောက်ကိုအသုံးချစဉ်းစားရာ၌ လူဆိုးထိန်းများလို မထက်မြက်ပေ။

ယခု လူဆိုးထိန်းဝမ်ပင် စုံစမ်းမေးမြန်းပြီးမတတ်နိုင်၍ ထွက်သွား၏။ လွီဖုံးရှန်က ဘာများတတ်နိုင်ပါ့မည်နည်း။

ချင်းထိန်သည် တွေးရင်း အလိုလို ဒေါသကြီးလာ၏။

"မင်းက ဘာကိုမကျေနပ်တာလဲ... မင်းက မကျေနပ်ဘူးဆိုတော့ ငါကကော ကျေနပ်လို့လား"

သူ၏အသံတွင် ဒေါသများ လွှမ်းမိုးနေ၏။

လွီဖုံးရှန်က ပြုံးကာ....

"ဟုတ်တယ်... ငါ့ထက် မင်းကပိုတောင် မကျေနပ်ဦးမယ်... သူ ဘာကြောင့်အသတ်ခံရတယ်ဆိုတာ မင်းက ပိုသိချင်မှာပေါ့"

ချင်းထိန်၏မျက်လုံးများ တောက်ပလာကာ လွီဖုံးရှန်အား ကြည့်လိုက်၏။

"ဟုတ်တယ်... လွီဖုံးရှန်... ငါ သိပ်သိချင်တယ်... မင်းသိရင် ပြောစမ်းပါကွာ"

လွီဖုံးရှန်က....

"ငါက ဘယ်လိုလုပ် အတပ်ပြောနိုင်မှာလဲ... ဒါပေမယ့် အကျိုးအကြောင်း စပ်ဆက်တွေးကြည့်တာပေါ့"

ချင်းထိန်က စိတ်ပျက်သွား၏။

"အဲ့ဒီလိုစုံစမ်းထောက်လှမ်းတာ လူဆိုးထိန်းဝမ်ရဲ့အလုပ်

ပါ… မင်းက သူ့ကိုသွားပြီး အကြံပေးသင့်တယ်"

လှိုင်ဖုံးရှန်၏မျက်နှာတည်သွားကာ….

"တလွဲမတွေးစမ်းပါနဲ့ ချင်းထိန်… သူက လူဆိုးထိန်းတစ်ယောက်ဖြစ်ပေမယ့် ခက်ခဲနက်နဲတဲ့ တရားခံတစ်ယောက်ကို ဖမ်းမိပါတယ်ဆိုတဲ့ သတင်းမျိုး မင်း ကြားဖူးလို့လား"

ချင်းထိန်မှာ ငိုင်သွား၏။

လှိုင်ဖုံးရှန်….

"ထားပါတော့… ငါတို့ချယ်ရီအကြောင်းပဲ ပြောကြမယ်… ငါ ညက ချယ်ရီကိုတွေ့လိုက်တယ်"

ချင်းထိန်က ခေါင်းထောင်လာ၏။

"ဟင်… မင်း ဘယ်မှာတွေ့လိုက်တာလဲ"

လှိုင်ဖုံးရှန်က….

"ငါတို့နှစ်ယောက်သိသမျှကိုပေါင်းလိုက်ရင် တရားခံကိုမိနိုင်တယ်"

ချင်းထိန်က….

"မင်းက ဘာသိချင်လို့လဲ"

"မနေ့ကနေ့လယ်က ချယ်ရီ ဒီမှာမြင်းရထားနဲ့လာတာ မင်းသိလား"

"သိတယ်… ငါ့ကိုပြောသွားတယ်"

"သူက ဟိုအခန်းမှာ အကြာကြီးနေသွားတယ်"

ချင်းထိန်က မျက်မှောင်ကုတ်ကာ….

"မနက်စာ လာစားပါတယ်ဆိုမှ ကြာချင်ကြာမှာပေါ့"

"မင်း စိတ်မလောပါနဲ့… မင်းသိထားတာ ဖြစ်ချင်ဖြစ်မယ်… မသိသေးတာ ဖြစ်ချင်ဖြစ်မယ်… မင်းက မြင်းကုန်သည်ဖိမာကို သိ



လား"

"မြင်းကုန်သည် ဖိမာ…."

သူက ခပ်တိုးတိုးရွတ်ရင်း ချယ်ရီသေဆုံးနေသော အခန်းမှာ မြင်းကုန်သည်ဖိမာတည်းခိုခဲ့သည်ကို သတိရလာ၏။

သူက စိတ်ဝင်စားလာကာ….

"အဲ့ဒီလူကိုတော့ ငါ မသိဘူး… ဒါပေမယ့် ချယ်ရီသေတဲ့အခန်းမှာ မနေ့က ညနေအထိ မြင်းကုန်သည်ဖိမာနေခဲ့တယ်ဆိုတာတော့ လူဆိုးထိန်းဝမ်စစ်ဆေးလို့သိခဲ့တယ်… ဒါနဲ့ ဖိမာက ဘယ်လိုပတ်သက်နေလို့လဲ"

လှိုင်ဖုံးရှန်သည် ကိုယ်ကိုရှေ့သို့ကိုင်းကာ လေသံတိုးတိုးဖြင့်

"မနေ့က မင်း မိန်းမချယ်ရီနဲ့မြင်းကုန်သည်ဖိမာ အချိန်တော်တော်ကြာအောင် စကားပြောနေတာ ငါတွေ့တယ်"

ချင်းထိန်က….

"မင်းက သေသေချာချာ သိနေရအောင် ငါ့မိန်းမကိုလိုက်ကြည့်နေလို့လား"

လှိုင်ဖုံးရှန်က….

"မင်းက ငါ့ကို တလွဲမထင်နဲ့… ငါက စိန်တုံးလုယူမဲ့သတင်းကြားလို့ ဒုစရိုက်သမားတွေကိုစောင့်ကြည့်နေတာ… အဲ့ဒါ ချယ်ရီကို အမှတ်အထင် တွေ့လိုက်တာ"

ချင်းထိန်မှာ ငိုင်တွေသွား၏။ ချယ်ရီသည် မြင်းကုန်သည်ဖိမာနှင့် မည်သို့ပတ်သက်နေပါသနည်း။

သူ့မိန်းမမှာ လူချစ်လူခင်များပြီး အပေါင်းအသင်းများသော်လည်း သူမသိသမျှ မိတ်ဆွေအားလုံး သူသိ၏။ ယခု ဖိမာအား မိမိလုံးဝမသိပါ။ ချယ်ရီသည် ဖိမာနှင့် မည်သို့ပတ်သက်နေပါသနည်း။

ဖိမာနေသွားသည့်အခန်း၌ မည်သည့်အကြောင်းကြောင့် သေဆုံးနေရပါသနည်း။

လွှီဖုံးရှန်သည် ဆိုင်လုလင်တစ်ယောက်အား ခေါ်ကာ....

"ညီလေး... မြင်းကုန်သည်ဖိမာက ဘယ်အချိန်မှာ အခန်း ပြန်အပ်သလဲ"

"ညနေပိုင်းက အပ်တာပါ"

"သူ ဘယ်မှာနေသလဲ"

"အဲ့ဒါတော့ မသိဘူး... ကျွန်တော်သိတာတော့ သူက နယ် တကာလှည့်ပြီး မြင်းအရောင်းအဝယ်လုပ်နေတဲ့ မြင်းကုန်သည်ပဲ"

"သူ ဒီမှာတည်းနေတာ ဘယ်လောက်ကြာပြီလဲ"

"သုံးရက်လောက် ရှိပြီ"

"သူ့ဆီကို ဘယ်သူလာသေးသလဲ"

"မြင်းပွဲစားတစ်ယောက်တော့ လာတယ်... လူကိုမှတ်မိ တယ်... နာမည်က လုံယီလား... လုံချီလား မသိဘူး"

"ကျေးဇူးပဲကွာ... သွားနိုင်ပါပြီ"

လွှီဖုံးရှန်သည် ဆိုင်လုလင်အား ငွေတုံးတစ်တုံးပေးကာ ပြန် လွှတ်လိုက်၏။

ပြီးမှ ချင်းထိန်ဘက်လှည့်ကာ....

"ချင်းထိန်... ချယ်ရီ ညက ဘာနဲ့ပြန်သလဲ... အိမ်က မြင်းရ ထားနဲ့ပဲလား"

ချင်းထိန်သည် ချယ်ရီ ဘာနှင့်ပြန်သည်ကိုသတိမထားမိပါ။

"အိမ်က မြင်းရထားနဲ့ပြန်တာတော့ မဟုတ်ဘူးဗျ... ဘာဖြစ် လို့လဲဆိုတော့ မနေ့က ငါတစ်ညလုံးခြံပြင်မှာ တာဝန်ကျနေတာ... အိမ်ကမြင်းရထားရပ်ထားရင် ငါသိမှာပေါ့"



လွှီဖုံးရှန်က....

"ဒါဖြင့်... မြင်းနဲ့ပြန်တာပေါ့"

ချင်းထိန်က ခေါင်းခါယမ်းလိုက်၏။

"မြင်းနဲ့ပြန်တာတော့ မဖြစ်နိုင်ဘူး... သူမှမြင်းမစီးတတ် တာ... တစ်ခါမှလည်း မြင်းမစီးဖူးဘူး"

လွှီဖုံးရှန်က လက်ဖျောက်တီးလိုက်၏။

"လာဗျာ... ကျုပ်တို့ မြင်းပွဲစားလုံယီကိုသွားရှာကြမယ်"

သူတို့သည် ပိတုန်းစားသောက်ဆိုင်ထဲမှလှမ်းထွက်လိုက်ကြ ၏။ လမ်းမပေါ်တွင် လူဆိုးထိန်းဝမ်နှင့် သူ့အဖွဲ့သားများ ပျာယီ ပျာ ယာလှုပ်ရှားနေကြသည်ကို တွေ့လိုက်ရသဖြင့် လွှီဖုံးရှန်က ပြုံးမိ လေတော့သည်။

မြင်းပွဲစားလုံယီသည် အသက်(၂၀)ကျော်ခန့်သာရှိသော် လည်း လူငယ်တစ်ယောက်ဖြစ်၏။

လွှီဖုံးရှန်နှင့်ချင်းထိန်က သူ့အိမ်သို့သွားရာ လုံယီကိုဆိုက် ဆိုက်မြိုက်မြိုက်ပင် တွေ့လိုက်ရ၏။

"ခင်ဗျားက လုံယီနော်"

"ဟုတ်ပါတယ်... ခင်ဗျားတို့က မြင်းလိုချင်လို့လား"

လွှီဖုံးရှန်က....

"မဟုတ်ဘူး... မေးစရာရှိလို့ပါ... မြင်းကုန်သည်ဖိမာကို မင်းသိတယ် မဟုတ်လား"

လုံယီက....

"ဟာ… သိတာပေါ့… သူက မြင်းကုန်သည်မဟုတ်ပါဘူး"

လှိုင်ဖုံးရှန်က ချင်းထိန်အား တစ်ချက်ကြည့်ပြီး လုံယိအား မေးလိုက်၏။

"ပိတုန်းစားသောက်ဆိုင်မှာ တည်းခိုတဲ့ဖိမာကိုပြောတာပါ"

လုံယိက….

"ကျွန်တော်ပြောတာလည်း အဲ့ဒီဖိမာပဲ… သူက မြင်းကုန်သည်မဟုတ်ဘူးဗျ… လူလိမ်တစ်ယောက်ပဲ"

ချင်းထိန်က….

"အေး… အဲ့ဒီဖိမာက ဘယ်မှာနေတာလဲ"

လုံယိက….

"သူက နေရာအတည်တကျမရှိဘူး… သူ အများဆုံးနေတာ တော့ ကျန်ရှန်းမြို့ပဲ"

"ကျေးဇူးတင်ပါတယ် ညီလေး"

လှိုင်ဖုံးရှန်က လုံယိအား နှုတ်ဆက်ပြီး ချင်းထိန်၏အိမ်သို့ လိုက်ပါသွားလေတော့သည်။

ချင်းထိန်၏အိမ်တွင် လူတော်တော်များများ ရှိနေ၏။

ဆွေမျိုးများမှာ မျက်ရည်တစမ်းစမ်းဖြင့် ချယ်ရီ၏ကောင်း သတင်းများကိုပြောနေကြ၏။ အခြားမိတ်ဆွေများကလည်း ရှာပန အခမ်းအနားအတွက် ပြင်ဆင်လုပ်ကိုင်ပေးနေကြ၏။

လှိုင်ဖုံးရှန်သည် ချင်းထိန်အား ချယ်ရီ၏ အလောင်းစင်အနီး သို့ ခေါ်ဆောင်သွား၏။



ချယ်ရီ၏အလောင်းရုပ်သွင်မှာ မပျက်စီးသေးပါ။

သူမ၏ရင်ဘတ်တွင် ချွန်ထက်သောအရာဖြင့် ထိုးသွင်းခံရ ပြီး ပွဲချင်းပြီး သေဆုံးသွားခြင်းဖြစ်၏။

ထိုစဉ် အနားသို့ လူဆိုးထိန်းဝမ်ရောက်လာ၏။ လူဆိုးထိန်း ဝမ်သည် လှိုင်ဖုံးရှန်အား ကြည့်မရပေ။

အကြောင်းမှာ လှိုင်ဖုံးရှန်က နေရာတကာ ဟိုစပ်စပ် သည် စပ်စပ်ပါတတ်ပြီး သူမထင်လျှင် မထင်သလို ဒုစရိုက်သမားများကို ဖမ်းခေါ်လာလေ့ရှိသောကြောင့် ဖြစ်၏။

အုပ်ချုပ်ရေးမှူးတာဟာန်က လှိုင်ဖုံးရှန်အား သဘောကျသော် လည်း သူ၏လုပ်ရပ်က မိမိ၏သိက္ခာအား ကျဆင်းစေသဖြင့် လူဆိုး ထိန်းဝမ်က သဘောမကျခြင်းဖြစ်၏။

ယခုလည်း ချယ်ရီ၏အလောင်းစင်နံဘေးတွင် လှိုင်ဖုံးရှန်အား တွေ့လိုက်ရသဖြင့် လူဆိုးထိန်းဝမ်က နှာခေါင်းရှုံ့လိုက်၏။

"မင်းက ဒီအလောင်းကိုလာကြည့်နေတာ ဆွေမျိုးတော်လို့ လား"

လှိုင်ဖုံးရှန်က ပြုံးကာ ခေါင်းခါယမ်းလိုက်၏။

"ကျုပ် မိတ်ဆွေမဟုတ်လို့ပေါ့ဗျာ… ကျုပ်ဆွေမျိုးသာ ဒီ လိုသေရင် ဒီကလူဆိုးထိန်းတွေကို မစုံစမ်းခိုင်းဘူး"

လူဆိုးထိန်းဝမ်၏မျက်နှာနီရဲသွားကာ….

"မင်းက အခု ဘာလုပ်ဦးမလို့လဲ"

လှိုင်ဖုံးရှန်က….

"ဒါ လူသတ်မှုဗျ… သေဆုံးတဲ့လူဟာ ဘယ်သူဆိုတာ အရင် သိအောင် စုံစမ်းသင့်တာပေါ့"

လူဆိုးထိန်းဝမ်က ချင်းထိန်အား ပြုံးကြည့်ကာ….

"တပ်မှူးကြီး… ဒီလူစိတ်မှကောင်းရဲ့လား… ဒီကိစ္စမှာ လူသတ်သမားကိုစုံစမ်းရမှာ မဟုတ်လား… ဒီသေတဲ့လူက ဘယ်သူဆိုတာ တပ်မှူးကြီးပဲ ပြောပါဦးဗျာ"

တပ်မှူးကြီးချင်းထိန်သည် သေဆုံးသူမှာ မိမိ၏ဇနီးချယ်ရီဖြစ်မှန်းသိလျက်နှင့် လှိုင်ဖုံးရှန်က အဘယ်ကြောင့်မေးသည်ကို နားမလည်နိုင်ပေ။

လှိုင်ဖုံးရှန်က လူဆိုးထိန်းဝမ်အား ပြုံး၍ကြည့်ကာ….

"ကဲ… လူဆိုးထိန်းကြီးပဲ ပြောပါဦး… ဒီသေတဲ့လူက ဘယ်သူဖြစ်မလဲ"

လူဆိုးထိန်းဝမ်က….

"မင်း ရူးနေလား… ဒီအလောင်းက ချယ်ရီရဲ့အလောင်းဆိုတာ အားလုံးသိတယ်"

"ကျုပ်ကတော့ ချယ်ရီမဖြစ်နိုင်ဘူးလို့ ယူဆတယ်"

သူ့စကားကြောင့် အားလုံးက အံ့အားသင့်သွား၏။

လူဆိုးထိန်းဝမ်က….

"လှိုင်ဖုံးရှန်… မင်း ရူးနေသလား"

လှိုင်ဖုံးရှန်က….

"ကျုပ် ရူးမရူးကြည့်ရသေးတာပေါ့… ချင်းထိန်… အလောင်းကို သေသေချာချာ ကြည့်ပါ… ချယ်ရီအစစ်ဟုတ်မဟုတ်ဆိုတာ…."

ချင်းထိန်သည် ချယ်ရီ၏အလောင်းစင်အနီးသို့ကပ်လာကာ ဦးခေါင်းကိုအသာအယာမပြီး တစ်နေရာသို့ကြည့်လိုက်၏။

"ဟင်…."

သူက အလောင်း၏ခေါင်းအား အလန့်တကြား လွှတ်ချလိုက်၏။



လူဆိုးထိန်းဝမ်က….

"ဘာဖြစ်လို့လဲ တပ်မှူးကြီး"

ချင်းထိန်က….

"ကျုပ်မိန်းမရဲ့ လည်ကုပ်ဆံပင်အစပ်နားမှာ မှဲ့အနက်ကြီးတစ်လုံးရှိတယ်ဗျ… အဲ့ဒါတော်ရုံလူ မသိဘူး… အခု အဲ့ဒီမှဲ့မရှိဘူး"

လှိုင်ဖုံးရှန်သည် အဝတ်စတစ်ခုဖြင့် အလောင်း၏မျက်နှာအား အသေအချာ ပွတ်သပ်နေ၏။ ထိုသို့ပွတ်သပ်နေရင်း ချယ်ရီ၏မျက်နှာမှ အခြားချောမော လှပသောမျက်နှာတစ်ခုအဖြစ် ပြောင်းလဲလာ၏။ အားလုံးက ကြက်သေ,သေသွားကြ၏။

လူဆိုးထိန်းဝမ်သည် လူအများကြားထဲတွင် အနည်းငယ်ရှက်သွားသဖြင့်….

"သူက ချယ်ရီမဟုတ်မှန်း မင်း သိတယ်ဆိုတော့ ချယ်ရီ ဘယ်ရောက်သွားတာလဲ… ပြောစမ်း"

လှိုင်ဖုံးရှန်မှာ အနည်းငယ်ဒေါသထွက်သဖြင့် မျက်နှာတည်သွားကာ လူဆိုးထိန်းဝမ်အား စိုက်ကြည့်လိုက်၏။

"ဒီမှာဝမ်… ဒီကိစ္စက ခင်ဗျားတို့လူဆိုးထိန်းတွေ ဖော်ထုတ်ရမှာလေ… ကျုပ်က ဒီလောက်သဲလွန်စရအောင် ရှာပေးတာတောင်မှ ခင်ဗျားက တရားခံကိုမဖမ်းနိုင်ရင်တော့ ရာထူးနဲ့ထိုက်တန်ရဲ့လားဆိုတာ စဉ်းစားရမယ်"

သူက ယင်းသို့ပြောပြီး ထောင့်တစ်နေရာတွင် ငြိမ်သက်စွာ တစ်ယောက်တည်း ထိုင်နေလေသည်။ ချင်းထိန်နှင့်လူဆိုးထိန်းဝမ်သည် အနည်းငယ် စုံစမ်းစစ်ဆေးပြီးနောက် လူဆိုးထိန်းဝမ်မှာ ပိတုန်းစားသောက်ဆိုင်သို့ ထွက်သွားလေတော့သည်။

## ဗီရိုထဲမှအလောင်း

လွီဖုံးရှန်သည် မျက်မှောင်ကုတ်ကာ စဉ်းစားနေ၏။

သေဆုံးသူမှာ ချယ်ရီအတုဆိုလျှင် ချယ်ရီအစစ် မည်သည့်နေရာတွင် ရောက်နေသနည်း။

ချင်းထိန်၏ဂေဟာမှ လူများသည် အလောင်းမှာ ချယ်ရီအတု၏ အလောင်းဖြစ်နေသဖြင့် အားလုံး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေကြ၏။

ချင်းထိန်သည် လွီဖုံးရှန်အား ယခင်ကကဲ့သို့ အထင်မသေးဝံ့တော့ပါ။ သူက ချင်းထိန်အား သူ့အခန်းထဲခေါ်သွားကာ အရက်နှင့် ဧည့်ခံလိုက်၏။

"လွီဖုံးရှန်... ငါတော့ နားမလည်တော့ဘူးဗျာ"

လွီဖုံးရှန်က....

"မပူပါနဲ့... ကျုပ်လည်း အဖြေရှာနေပါတယ်... ဒါနဲ့... လူဆိုးထိန်းဝမ် ဘယ်ရောက်သွားသလဲ"

"မင်းပြောတာ မှန်တယ်... ဝမ်က လူဆိုးထိန်းရာထူးကိုရထားပေမယ့် သူ့အတွေးအခေါ်က မထက်မြက်ဘူး... အခုလည်း သေနေတဲ့ အမျိုးသမီးကို ပိတုန်းစားသောက်ဆိုင်မှာ တွေ့ဖူးတယ်တဲ့...



အဲ့ဒီအမျိုးသမီးက ချယ်ရီကိုသတ်ပြီး အဲ့ဒီမှာဝှက်ထားမယ်ထင်လို့ ထွက်သွားတယ်"

လွီဖုံးရှန်က ပြုံးလိုက်၏။

"သူ့အတွေးနဲ့သူတော့ မှန်ပါတယ်... ဒါပေမယ့် သေဆုံးတဲ့ အမျိုးသမီးဘယ်သူဆိုတာ သူမသိသေးဘူး မဟုတ်လား"

"ဟုတ်တယ်... သူ မသိဘူးတဲ့"

လွီဖုံးရှန်က....

"သူ မမြင်ဖူးလို့သာဖြစ်ပါလိမ့်မယ်... အဲ့ဒီအမျိုးသမီးက အဆိပ်နဲ့ပတ်သက်ရင် သိပ်ထူးချွန်တဲ့ နတ်မိမယ်တလျှံဆိုတာပဲ"

ချင်းထိန်မှာ အံ့အားသင့်သွား၏။

"နတ်မိမယ်တလျှံ ဟုတ်လား... ကျုပ်လည်း အဲ့ဒီနာမည်ကို ကြားဖူးတယ်"

လွီဖုံးရှန်က အနည်းငယ် စဉ်းစားကာ....

"ကျုပ်တို့ အစကနေ ခြေရာပြန်ကောက်ကြမယ်... မနေ့က မနက်ပိုင်း ခင်ဗျား အိမ်မှာရှိသလား... ချယ်ရီပိတုန်းစားသောက်ဆိုင်ကိုမသွားခင် အချိန်လေ...."

ချင်းထိန်က ခေါင်းညိတ်လိုက်၏။

"ရှိတယ်... သူ့အပြင်မထွက်ခင် အလှပြင်နေတုန်း ကျုပ်သူ့အခန်းထဲဝင်သွားသေးတယ်... သူက ပိတုန်းစားသောက်ဆိုင်မှာ နေ့လယ်စာစားပြီးမှ မြို့တော်ဝန်ဂေဟာကိုလာခဲ့မယ်လို့ မှာလိုက်တယ်"

"အဲ့ဒီအချိန်မှာ ချယ်ရီဝတ်ထားတာ အခုပုံစံပဲလား"

"ဟုတ်တယ်"

"ခင်ဗျားနှုတ်ဆက်တော့ နည်းနည်းထူးခြားတာမရှိဘူး

လား"

ချင်းထိန်က မျက်မှောင်ကုတ်၍စဉ်းစားကာ မျက်လုံးများ ဝင်းလက်လာ၏။

"ဟုတ်တယ်... ချယ်ရီနည်းနည်း ထူးခြားနေတယ်"

လွီဖုံးရှန်က အားတက်လာကာ....

"ဟုတ်ပြီ... ဘယ်လိုထူးခြားတာလဲ"

ချင်းထိန်က....

"အဲ့ဒီနေ့က သူလုပ်တာ အရင်နေ့တွေနဲ့မတူဘူး... နောက်ပြီး ကျုပ်ကိုအပြင်ပြန်ထွက်ဖို့ပဲ တိုက်တွန်းနေတယ်... အရင်ကဆို သူ အလုပ်ပြင်တာကို ကျုပ်ကိုဝေဖန်ခိုင်းနေကျဗျ"

လွီဖုံးရှန်က ကျေနပ်စွာ ပြုံးလိုက်၏။

"အရင်ကကော ချယ်ရီက ပိတုန်းမှာသွားစားနေကျလား"

ချင်းထိန်က....

"အရင်ကတော့ မစားဖူးဘူး... လွန်ခဲ့တဲ့နှစ်ရက်လောက်က မှ ကျုပ်နဲ့အတူတူ အဲ့ဒီမှာစားကြတာ... ကျုပ်စိတ်ထင်တော့ အဲ့ဒီနေ့က စားသောက်ကောင်းခဲ့လို့ ထပ်သွားစားမယ်လို့ပဲထင်နေတာ"

လွီဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"အင်း... ဖြစ်နိုင်တယ် ချင်းထိန်... နတ်မိမယ်တလျှံ အဲ့ဒီကို ရောက်နေတာ တစ်ပတ်လောက်ရှိပြီ... သူက အဲ့ဒီမှာမြင်းကုန်သည်ဖိမာနဲ့ ချိန်းထားတာ ဖြစ်ရမယ်... အဲ့ဒီအချိန်မှာ ခင်ဗျားတို့နှစ်ယောက် သာစားတာကိုမြင်သွားပြီး ချယ်ရီအကြောင်းကို စုံစမ်းလိမ့်မယ်"

ချင်းထိန်က....

"နတ်မိမယ်တလျှံက မြင်းကုန်သည်ဖိမာကို ဘာကြောင့် ချိန်းဆိုရတာလဲ"



လွီဖုံးရှန်က....

"တခြားကိစ္စ မဖြစ်နိုင်ဘူး... စိန်တုံးကြီးကိုလုဖို့ပဲဖြစ်မယ်... ဖိမာက လူလိမ်တစ်ယောက်ဆိုတော့ စိန်တုံးကိုလိုချင်လိမ့်မယ်... ဒါကြောင့် နတ်မိမယ်တလျှံနဲ့ပေါင်းပြီး ကြံစည်တာ... တလျှံက မြို့တော်ဝန်ဂေဟာကိုဝင်ဖို့လွယ်တဲ့နည်းလမ်းကိုရှာတော့ ချယ်ရီကို မျက်စိကျလိမ့်မယ်... ချယ်ရီက ရတနာပစ္စည်းတွေကိုစိတ်ဝင်စားတယ်... သူ့ယောကျ်ားအဖြစ်ဟန်ဆောင်ဖို့ချယ်ရီကိုသတ်တာ ဖြစ်ချင်ဖြစ်မယ်... ဒါမှမဟုတ်မသတ်ဘဲ တစ်နေရာမှာဝှက်ထားတာလည်း ဖြစ်နိုင်တယ်"

ချင်းထိန်က....

"ကျုပ်တို့ ချယ်ရီအခန်းကိုဝင်ရှာကြမယ်"

သူက အခန်းထဲမှပြေးထွက်သွားသဖြင့် လွီဖုံးရှန်ကလည်း နောက်မှပြေးလိုက်သွားလေတော့သည်။

ချယ်ရီ၏အခန်းတံခါးမှာ အပြင်မှပိတ်ထား၏။

ချင်းထိန်နှင့်လွီဖုံးရှန်သည် အခန်းတံခါးအား ဖျက်ကာ ဝင်ရောက်လိုက်ကြ၏။

ချယ်ရီ၏အခန်းမှာ ကျယ်ဝန်းပြီး အသုံးအဆောင်ပစ္စည်းများပြားလှသဖြင့် သူတို့ကနေရာလပ်မကျန် မွှေနှောက်ရှာဖွေရ၏။

ချင်းထိန်သည် အဝတ်ဗီရိုအား ဖွင့်လိုက်၏။ အဝတ်များကြားထဲတွင် ရှာဖွေလိုက်၏။ လူတစ်ယောက်ပုန်းအောင်း၍ မနေနိုင်အောင်ရှာဖွေခြင်း ဖြစ်၏။

တတိယဗီရိုတံခါးအား ဆွဲဖွင့်လိုက်ရာ....

"ဝုန်း...."

ချယ်ရီ၏အသက်မဲ့နေသောခန္ဓာကိုယ်မှာ ဗီရိုထဲမှပြိုကျလာ၏။

"ချယ်ရီ...."

ချင်းထိန်သည် ချယ်ရီ၏အလောင်းအား ပွေ့ဖက်လိုက်၏။

ထိုအခါ ချယ်ရီ၏လည်ပင်းတွင် အဆိပ်အပ်တစ်ခု စိုက်ဝင်နေသည်ကို တွေ့လိုက်ရလေတော့သည်။

အားလုံးမှာ အံ့အားသင့်ကာ ကြက်သေ,သေသွားကြလေတော့သည်။

ချင်းထိန်၏မျက်နှာမှာ နီရဲနေ၏။

သူသည် ဇနီးဖြစ်သူအားသတ်သည့် နတ်မိမယ်တလျှံအား ကိုယ်တိုင်ပြန်သတ်ချင်၏။ သို့သော် တလျှံမှာ သေဆုံးနေပြီဖြစ်၍ သူက အနည်းငယ် စိတ်ဖြေသာ၏။

ချင်းထိန်သည် လှိုင်ဖုံးရှန်အား ကြည့်ကာ....

"နတ်မိမယ်တလျှံကိုသတ်တာ ဖိမာဆိုရင် စိန်တုံးက သူ့လက်ထဲမှာပဲရှိမှာပေါ့"

လှိုင်ဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... တလျှံက ချယ်ရီအဖြစ်ဟန်ဆောင်ပြီး စိန်တုံးကိုရအောင်ခိုးယူတယ်... သူက စိန်တုံးကို ပိတုန်းမှာတည်းနေတဲ့ဖိမာကိုသွားအပေးမှာ ဖိမာက သစ္စာမဲ့ပြီး သတ်လိုက်တာပဲဖြစ်ရမယ်"



ချင်းထိန်က သက်ပြင်းချလိုက်၏။

"ဒီကိစ္စမှာ ကျုပ် မိန်းမပါနေတော့ မြို့တော်ဝန်က ကျုပ်ကို ဘယ်လိုအပြစ်ပေးမလဲ မသိဘူး"

လှိုင်ဖုံးရှန်က ပြုံးကာ....

"ဘာဆိုင်လို့လဲဗျ... ချယ်ရီခိုးတာမှမဟုတ်တာ... တလျှံက ချယ်ရီကိုသတ်ပြီး အယောင်ဆောင်သွားတာ... ခင်ဗျားနဲ့ဘာမှမဆိုင်ပါဘူးဗျာ... အုပ်ချုပ်ရေးမှူးတာဟန်ကနေတစ်ဆင့် မြို့တော်ဝန်နားပေါက်သွားအောင် ကျုပ် ပြောပေးပါ့မယ်... ခင်ဗျား စိတ်မပူပါနဲ့...."

လှိုင်ဖုံးရှန်၏အားပေးစကားကြောင့် ချင်းထိန်မှာ စိတ်သက်သာရာရသွား၏။

"အင်း... ခင်ဗျားရှိနေလို့ ဒီကိစ္စအဆင်ပြေသွားတာ"

လှိုင်ဖုံးရှန်က....

"ဟိုအရက်သမားအုပ်စုက အချောင်ကံဆိုးသွားတာဗျ"

"ဟုတ်တယ်... သူတို့ကလည်း အပိုင်ကြံတာပဲ... ဒါပေမယ့် စိန်တုံးမရဘဲ သေဗ္ဗာပဲရတယ်... ဘာတတ်နိုင်မလဲ... သူတို့ထိုက်နဲ့သူတို့ကံပေါ့"

"ဘာပဲဖြစ်ဖြစ် စိန်တုံးခိုးမှုနဲ့သူတို့အပြစ်ကျမှာ သေချာတယ်... ဒါပေမယ့် စိန်တုံးအစစ်ကိုပြန်ရရင်တော့ အပြစ်သက်သာမှာပေါ့"

ချင်းထိန်က....

"ကျုပ်ညက ကြားတာတော့ သူတို့ကိုသေဒဏ်ပေးမှာတဲ့"

လှိုင်ဖုံးရှန်မှာ စိတ်မကောင်းဖြစ်သွား၏။

ချင်းထိန်က....

"ဖိမာကို အချိန်မီဖမ်းနိုင်အောင် မြို့တော်ဝန်နဲ့လူဆိုးထိန်းဝမ်ကို အကြောင်းကြားလိုက်ဦးမယ်"

လွီဖုံးရှန်က နှာခေါင်းရှုံ့ကာ....

"ကျုပ် ပြောရဲတယ်... လူဆိုးထိန်းဝမ်က ဖိမာကိုလုံးဝဖမ်းမိမှာ မဟုတ်ဘူး"

သူကပြောပြီး ချင်းထိန်၏ဂေဟာထဲမှထွက်လာခဲ့လေတော့သည်။

ချန်အန်းမြို့ထဲတွင် သတင်းများထွက်ပေါ်နေ၏။

အရက်သမား ယန်းကျိုကွေ၊ လောင်းကစားသမားလုကျောင်း၊ မိန်းမပွေသူသခင်လေးစုံတို့အား ဘုရင်မင်းမြတ်၏စိန်တုံးကြီး ခိုးယူမှုဖြင့် အပြစ်ဒဏ်ချမှတ်ရန် တရားသူကြီးအဖွဲ့တိုင်ပင်နေကြောင်း သတင်းဖြစ်၏။

ထိုတရားခံများကိုသုံးရက်အတွင်း အမှုစီရင်ကာ အမိန့်ချမည်ဟုလည်း ကြားနေရ၏။

ထိုအခါ လောင်းကစားသမားများနှင့် အရက်သမားများမှာ တရားခံများအတွက် ပူပင်သောကရောက်နေကြ၏။

လုကျောင်းမှာ မိဘများက စိတ်ဆိုး၍နှင်ချထားသော်လည်း ယခုကဲ့သို့ သတင်းကြားသောအခါ စိတ်မအေးနိုင်ကြတော့ပါ။

သခင်လေးစုံ၏မိဘများမှာလည်း ထိုနည်းလည်းကောင်းပင်။ ယန်းကျိုကွေမှာမူ ဆွေမျိုးမရှိ၍ ဘာသတင်းမှမကြားရပေ။

ထိုတရားခံသုံးယောက်အတွက် အခြားပူပင်နေသူ လူ(၄)ယောက်လည်းရှိ၏။ ကျင်းစု၊ ရှင်းယုံနှင့်လီလီတို့ဖြစ်၏။

တရားခံ(၃)ယောက်နှင့် လုံးဝမပတ်သက်သောလွီဖုံးရှန်မှာ



လည်း စိတ်မကောင်းဖြစ်ကာ ကူညီရန် နည်းလမ်းများကိုစဉ်းစားနေလေတော့သည်။

လွီဖုံးရှန်သည် တရားခံသုံးယောက်အတွက် စိတ်မကောင်းဖြစ်နေခြင်းမှာ ထိုလူ(၃)ယောက်သည် ဆိုးသွမ်းနေသူများမဟုတ်သောကြောင့်ဖြစ်၏။

သူသည် ထိုလူ(၃)ယောက်အား စိတ်ဝင်စား၍ တစေ့တစောင်း အကဲခတ်ဖူး၏။

ယန်းကျိုကွေသည် အရက်သမားဖြစ်သော်လည်း သူ၏သိုင်းပညာမှာ အဆင့်မနိမ့်ပေ။ သူက ဝါးပိုးဝါးတစ်လုံးအား စိစိညက်ညက်ကျေအောင် ထိုးခွဲနိုင်သည်ကို သူကိုယ်တိုင် တွေ့မြင်ဖူး၏။

သူသည် အရက်ကိုကြိုက်၍ သောက်လွန်းသည်မှလွဲလျှင် အခြားပြစ်မှုများကိုမကျူးလွန်ဖူးပါ။

ထို့အတူ လောင်းကစားသမားလုကျောင်းမှာလည်း အခြားသူများတတ်မြောက်ရန် ခက်ခဲသောသွေးကြောပိတ်ပညာကို တတ်မြောက်ထား၏။

သူစားနေသောတူဖြင့် လူတစ်ယောက်ခြေလှမ်း၍မရအောင် သွေးကြောပိတ်ခဲ့သည်ကို လွီဖုံးရှန် တွေ့မြင်ခဲ့ဖူး၏။

မိန်းမပွေသူသခင်လေးစုံမှာလည်း ဝါသနာအလျောက် မိန်းကလေးများအား ချစ်ကြိုက်စကားပြောသည်မှလွဲလျှင် လူယုတ်မာမဟုတ်ချေ။

သူ၏လက်နက်ပုန်းပစ်ပညာသည် အလွန်ထူးချွန်သော

လည်း သူက သိုင်းလောကထဲဝင်ရန် စိတ်မဝင်စားပေ။

လို့ဖုံးရှန်သည် သူတို့၏ပညာများကိုနှမြောကာ စိတ်မကောင်းဖြစ်နေမိ၏။ သူတို့၏ပညာများကို တိုင်းပြည်နှင့်လူမျိုးအတွက် အသုံးပြုပါက ပို၍ အကျိုးရှိမည်ဟု တွေးမိ၏။

လို့ဖုံးရှန်သည် တရားခံသုံးဦးအား ချုပ်နှောင်ထားသည့် အုပ်ချုပ်ရေးမှူးတာဟာန်း၏ရုံးသို့ ဦးတည်သွားလိုက်လေတော့သည်။

လို့ဖုံးရှန်သည် တာဟာန်း၏ရုံးခန်းသို့ လှမ်းဝင်လိုက်၏။

အုပ်ချုပ်ရေးမှူးတာဟာန်းမှာ သဘောကောင်းပွင့်လင်း၏။

အပြစ်မရှိသူအား သနားညှာတာပြီး အပြစ်ရှိသူအား ထိုက်ထိုက်တန်တန် ဆုံးမတတ်သူဖြစ်၏။

အုပ်ချုပ်ရေးမှူးတာဟာန်း၏မျက်နှာမှာ မရွှင်လန်းပေ။

"ထိုင်ပါ... လို့ဖုံးရှန်"

"ကျွန်တော်ရောက်လာတာ အလုပ်ပျက်မလားခင်ဗျာ"

လို့ဖုံးရှန်က အရိုအသေပေးကာ ထိုင်လိုက်၏။

တာဟာန်းက....

"ဒီလိုမပြောပါနဲ့... မင်းသတင်းတွေ ငါ ကြားပြီးပါပြီ... မင်းက လူဆိုးထိန်းဝမ်ထက် အဆတစ်ရာလောက်ပိုတော်ပါတယ်... တကယ်တော့ မင်းကို ငါ့ကုလားထိုင်ပေါ် ဆွဲတင်ထားသင့်ပါတယ်"

လို့ဖုံးရှန်မှာ အနေခက်သွားပြီး....

"ဒီလိုမပြောပါနဲ့ဗျာ... တော်ကြာ ဝမ်က ကျွန်တော့်ကိုနှင်ထုတ်နေပါဦးမယ်... ဒါနဲ့ ဖိမာရဲ့သတင်းကော ကြားပြီလား"



တာဟာန်းက....

"ငါလည်း အဲဒီကိစ္စခေါင်းရှုပ်နေတာကွာ... မြို့တော်ဝန်က ငါ့ကိုကြိမ်းမောင်းနေတယ်... အဲဒီစိန်တုံးသာပြန်မရရင်တော့ အားလုံးဒုက္ခရောက်တော့မယ်... နေပြည်တော်က စုံစမ်းထောက်လှမ်းရေးသမားတွေလည်း လွှတ်ထားတယ်... ဒါပေမယ့် နှစ်ရက်ရှိနေပြီ... ဘာသတင်းမှမကြားရသေးဘူး"

လို့ဖုံးရှန်က မျက်လုံးပြူးသွား၏။

"ဟာ... ဒါဖြင့် မနက်ဖြန် ဟိုတရားခံသုံးယောက်ကိုစီရင်ချက်ချတော့မှာပေါ့"

တာဟာန်းက....

"ဟုတ်တယ်... သူတို့က ကံဆိုးတာပဲ... သူတို့ကိုယ်တိုင်ကလည်း ခိုးတယ်လို့ဝန်ခံတယ်... သေတ္တာလည်း သူတို့လက်ထဲမှာတွေ့တယ်ဆိုတော့ ဘယ်နည်းနဲ့မှ ခွင့်လွှတ်လို့ရမှာမဟုတ်ဘူး"

"သူတို့ထောင်ကျမှာပဲလား"

တာဟာန်းက....

"မြို့တော်ဝန်ရဲ့အမိန့်နဲ့ဆိုတော့ မလွယ်ဘူး... ဘုရင်မင်းမြတ်အမျက်ရှမှာစိုးလို့ မြို့တော်ဝန်ကတော့ သေဒဏ်စီရင်မှာပဲ... ဒါပေမယ့် တရားသူကြီးအဖွဲ့က တစ်သက်လုံး ထောင်ချလိုက်ရင်တော့ သူတို့ကံကောင်းတာပေါ့"

လီဖုံးရှန်က သက်ပြင်းချလိုက်၏။

တာဟာန်းက....

"မင်းနဲ့ဘယ်လိုပတ်သက်လို့လဲ"

လို့ဖုံးရှန်က....

"ကျွန်တော်နဲ့တော့ မပတ်သက်ပါဘူး... ဒါပေမယ့် သူတို့အ

ကြောင်းကို အုပ်ချုပ်ရေးမှူးလဲသိတယ်… သူတို့မှာ ဒီလိုလောဘစိတ် မရှိပါဘူး… တစ်စုံတစ်ယောက်က မြှောက်ပေးလို့သာ အခုလိုလုပ်ကြတာဖြစ်မယ်”

“သူတို့ကို နောက်ကွယ်ကခိုင်းတာ ဘယ်သူမှန်းမသိပေမယ့် လက်တွေ့မှာတော့ သူတို့က တရားခံပဲလေ… ဒီတော့ ပေးမယ့်အပြစ်ဒဏ်ကို သူတို့ခံကြရမှာပဲ… နောက်ပြီး သူတို့ကသူဌေးဖြစ်ချင်လို့ လုပ်တာပါလို့ပြောင်ပြောင်တင်းတင်းပဲ ဝန်ခံတယ်ကွာ”

လှိုဖုံးရှန်က….

“ကျွန်တော် သူတို့နဲ့ခဏလောက် တွေ့ချင်တယ်”

အုပ်ချုပ်ရေးမှူးတာဟန်းက စာရွက်တစ်ရွက်ပေါ်တွင် အနည်းငယ်ရေးကာ ပေးလိုက်၏။

“ရော့… အချုပ်ခန်းမှူးကို ဒီစာပြလိုက်”

လှိုဖုံးရှန်က စာအား ရိုသေစွာ လှမ်းယူလိုက်လေတော့သည်။

အချုပ်ခန်းမှာ အုပ်ချုပ်ရေးမှူးရုံး၏ မြေအောက်ခန်းတွင် ရှိ၏။ လှိုဖုံးရှန်သည် မြေအောက်ခန်းထဲသို့ဆင်းလာ၏။

သူက စာရွက်အား ပြသပြီး အချုပ်ခန်းမှူး၏ ခွင့်ပြုချက်ဖြင့် အချုပ်ခန်းသို့ ရောက်လာခြင်းဖြစ်၏။ လုကျောင်းသည် အချုပ်ခန်းထဲ ရောက်နေသော်လည်း ပျော် ပျော်ပင်နေနိုင်၏။

သူသည် သံတိုင်များကြားထဲမှ အချုပ်ခန်းစောင့်နှင့် ဂျင်လှည့်နေ၏။



သူသည် သေဒဏ်ကျခံရမည်ကို တွေးတောထားဟန်မတူပေ။ ရယ်ရယ်မောမောနှင့် ကိုယ့်အိမ်ကိုယ့်ယာကဲ့သို့ ရှိနေ၏။

သခင်လေးစုံမှာ ကောက်ရိုးပုံပေါ်တွင် စိတ်ပျက်လက်ပျက်ထိုင်နေ၏။ သူ့ရှေ့တွင်ကြည့်စရာ မိန်းကလေးမရှိဘဲ ယောကျ်ားများသာရှိနေသဖြင့် သူက စိတ်မသက်မသာဖြစ်နေ၏။

ယန်းကျိုကွေအားကြည့်မိသောအခါ လှိုဖုံးရှန်က အံ့အားသင့်သွား၏။

ယန်းကျိုကွေအား မည်သူက အရက်အိုးပေးထားသည်မသိပေ။ အရက်အိုးအား လက်နှစ်ဖက်ဖြင့် အားရပါးရမော့သောက်နေ၏။

လုကျောင်းနှင့်ယန်းကျိုကွေမှာ လှိုဖုံးရှန်အားမြင်ဖူးသော်လည်း မသိကျွမ်းသဖြင့် စိတ်မဝင်စားပေ။

လှိုဖုံးရှန်က ယန်းကျိုကွေအား ပြုံးပြကာ….

“ခင်ဗျားတို့သုံးယောက်နေလို့ အဆင်ပြေရဲ့လား”

ယန်းကျိုကွေတို့သုံးယောက်က သံတိုင်များအနီးသို့ကပ်လာကာ လှိုဖုံးရှန်အား အကဲခတ်ကြည့်လိုက်၏။

လှိုဖုံးရှန်က….

“ကျုပ်က ခင်ဗျားတို့ကိုတွေ့ချင်လို့လာတာပါ”

လုကျောင်းက….

“ခင်ဗျားက လှိုဖုံးရှန်လား”

“ဟုတ်ပါတယ်”

လှိုဖုံးရှန်က ဖြေပြီး ယန်းကျိုကွေအား ကြည့်ကာ….

“ခင်ဗျားက ဘယ်လိုလုပ် အရက်အိုးတွေရတာလဲ”

လုကျောင်းက….

"ကျုပ် ကစားတာနိုင်တော့ သူက အရက်သောက်ခွင့်ရတာ ပေါ့"

လှိုဖုံးရှန်က အားရပါးရပြုံးလိုက်၏။

သခင်လေးစုံက....

"ခင်ဗျား ကျုပ်တို့ကို လာတွေ့တဲ့ကိစ္စပြောပါဦး"

သူ၏အသံမှာ စိတ်ဓာတ်ကျနေသောအသံဖြစ်၏။

သူက ဘယ်နေ့သေဒဏ်ပေးခံရမည်ကိုတွေးကာ ပူပန်နေခြင်းဖြစ်၏။ သို့သော် လုကျောင်းနှင့်ယန်းကျိုကွေမှာမူ ထိုသို့စိတ်ဓာတ်ကျသောအရိပ်အယောင်မရှိပေ။

လှိုဖုံးရှန်က သက်ပြင်းတစ်ချက်ချကာ....

"ခင်ဗျားတို့ကို တရားသူကြီးအဖွဲ့ သေဒဏ်အပြစ်ပေးမယ်လို့ သတင်းတွေကြားတယ်... အဲ့ဒါကြောင့် ခင်ဗျားတို့က အသနားခံစာ တင်သင့်တယ်"

လုကျောင်းနှင့်ယန်းကျိုကွေမှာ ဘာမှမပြောဘဲ ပခုံးတွန့်လိုက်၏။

သခင်လေးစုံက....

"ခင်ဗျားက ကျုပ်တို့ကိုယ်စားကူညီပါလား"

လုကျောင်းက မဲ့ပြုံးပြုံးကာ....

"ခင်ဗျားအနေနဲ့ ထူးခြားမယ်ထင်လို့လား... ကျုပ်ကတော့ မထင်ဘူး... ကျုပ်မိဘတွေ ဒီနေ့ပဲ တရားသူကြီးနဲ့လာတွေ့ပြီး အသနားခံစာတင်တယ်... အဆင်မပြေဘူး ထင်ပါရဲ့... ငိုပြီးပြန်သွားတယ်"

လှိုဖုံးရှန်က....

"ကျုပ် ကြိုးစားကြည့်ဦးမယ်"

လုကျောင်းတို့သုံးယောက်မှာ လှိုဖုံးရှန်အားကြည့်ကာ နား



မလည်နိုင်ပေ။ သူက အဘယ်ကြောင့် မိမိတို့အတွက် စိတ်မကောင်းဖြစ်နေ ရပါသနည်း။

ယန်းကျိုကွေက....

"ဒီမှာလှိုဖုံးရှန်... ကြိုးစားလည်း ဘာထူးမှာလဲ... ကျုပ်တို့က အပြစ်ရှိလို့အပြစ်ခံရတာ... သေရမှာမကြောက်ပါဘူး... မွေးကတည်းက သေဖို့အတွက်ပဲ ရှင်သန်နေရတာမဟုတ်လား... နောက်ပြီး ဒီကိစ္စအောင်မြင်ရင် ကျုပ်တို့သူဌေးဖြစ်ပြီ... အခုမအောင်မြင်လို့သေတော့လည်း ဘာဝမ်းနည်းစရာရှိမှာလဲ"

လုကျောင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ထောင်ပဲကျကျ... သေဒဏ်ပဲပေးပေး တုန်လှုပ်နေလို့ ဘာထူးမှာလဲ... မသေခင်မှာ ပျော်ပျော်နေသွားမယ်... မသေခင်ကတည်းက ကြိုတွေးနေရတဲ့ပူပင်မှုက သေတာထက်တောင် ဆိုးသေးတယ်"

သူက သခင်လေးစုံအား တစ်ချက်ကြည့်ကာ....

"ဒီလူပဲတွေးပြီး ကြောက်နေတာ"

သခင်လေးစုံက....

"ကျုပ်ကသေရမှာကိုကြောက်တာ မဟုတ်ဘူး... မသေခင်မှာ စိတ်ဆင်းရဲနေရတာကိုကြောက်တာ... အခု မင်းမှာဓားရှိရင် မြန်မြန်ထိုးသတ်လိုက်... သေတော့အေးရော... အခုတော့ သေရမယ့်နေ့ကိုစောင့်နေရတာ ပိုစိတ်ဆင်းရဲတယ်"

လုကျောင်းက....

"ငါက အဲ့ဒါကိုပဲပြောတာ... မနက်ဖြန် ငါတို့ကိုသတ်မယ်ထား... ဒီနေ့ကြိုပြီး စိတ်ညစ်မနေနဲ့... ရတဲ့အချိန်မှာ ပျော်ပျော်ရွှင်ရွှင်နေ"

အမှန်တော့ လုကျောင်းပြောသကဲ့သို့လုပ်ရန်မှာ မလွယ်ပေ။

သေရမည်ကိုကြိုသိထားလျှင် ထိုကိစ္စအတွက် စိတ်ဆင်းရဲနေသည့်လူမှာ တစ်ရာတွင် ကိုးဆယ့်ကိုးယောက်ဖြစ်၏။ လွှီဖုံးရှန်သည် လုကျောင်းနှင့်ယန်းကျိကွေအား စိတ်ထဲတွင် ချီးကျူးမိ၏။

"ကဲပါဗျာ... ခင်ဗျားတို့ ကိုယ့်အယူအဆနဲ့ကိုယ် မှန်ပါတယ်.. ခင်ဗျားတို့ကိုကယ်တင်ဖို့ အထောက်အကူဖြစ်အောင် ကျုပ်တစ်ခုလောက် မေးချင်ပါတယ်"

ယန်းကျိကွေက....

"ဘာသိချင်လို့လဲ"

လွှီဖုံးရှန်က....

"ခင်ဗျားတို့ကို ဘယ်သူခိုင်းတာလဲ"

ယန်းကျိကွေက မဖြေမီ လုကျောင်းက....

"ဒါတွေမေးလို့ အပိုပါပဲဗျာ... ကျုပ်တို့က ချမ်းသာချင်လို့ခိုးတယ်... ဒါပေမယ့် စိန်တုံးပါမလာဘူး.. ခိုးတာထင်ရှားလို့သေဒဏ်ပေးခံရမယ်... ဒါပဲ...."

ယန်းကျိကွေက....

"လုကျောင်း... ဒီကိစ္စမှာ ငါကစတဲ့ခေါင်းဆောင်ကွ... ခံစရာရှိရင် ငါ အရင်ခံမယ်... ဆွေးနွေးစရာရှိရင်လည်း ငါပဲဆွေးနွေးမယ်... ကဲ... လွှီဖုံးရှန်... ခင်ဗျား ဘာသိချင်လဲ"

ထိုအချိန်တွင် မိန်းကလေးတစ်ယောက် ခပ်သုတ်သုတ်ဝင်လာ၏။ သူမလက်ထဲတွင် စားသောက်စရာများပါလာ၏။

သူမသည် အချုပ်ခန်းမှူးနှင့် အစောင့်များအတွက် လက်ဆောင်ပစ္စည်းများနှင့် ငွေများပေးလိုက်၏။

ယန်းကျိကွေက....



"သခင်လေးစုံ... မင်းရဲ့နတ်သမီးလေး လာနေတယ်"

သခင်လေးစုံသည် လဲလျောင်းရာမှထကာ လီလီအား သနားကြင်နာစွာ ကြည့်လိုက်၏။

သူသည် ရုပ်မချောသောလီလီအား လုံးဝစိတ်မဝင်စားပေ။

သို့သော် လီလီသည် အချုပ်ခန်းသို့ တစ်နေ့သုံးခါလာကာ အစားအသောက်များ ကျွေး၏။ အားပေးစကားပြောကာ ဝမ်းနည်းစွာငိုကြွေးသဖြင့် တဖြည်းဖြည်း သနားလာ၏။

ထို့ပြင် သူက လီလီအား ကိုယ်ထိလက်ရောက်ကျူးလွန်ထားပြီ မဟုတ်ပါလား။

ယန်းကျိကွေက လွှီဖုံးရှန်ဘက်လှည့်ကာ....

"ကဲ... ပြောပါ"

လွှီဖုံးရှန်က....

"ခင်ဗျားတို့က လူကောင်းတွေဆိုတာ ကျုပ် သိတယ်... လူရဲ့သဘောက အဲ့ဒီလိုပဲ... တစ်ယောက်တည်းဆိုရင် အပြစ်မရှိဘူး... နှစ်ယောက်ဆိုရင် မရိုးမသားစိတ်ဖြစ်လာတယ်... သုံးယောက်ဆိုရင်တော့ အပြစ်ကျူးလွန်ဖို့ ဝန်မလေးတော့ဘူး"

ယန်းကျိကွေက ခေါင်းညိတ်လိုက်၏။

"ခင်ဗျားပြောတာ မဆိုးဘူး"

"ခင်ဗျားတို့က ဒီကိစ္စကို ကိုယ့်သဘောနဲ့ကိုယ်လုပ်တာ မဖြစ်နိုင်ဘူး... ခိုင်းတဲ့လူရှိရမယ်... အဲ့ဒီလူ ဘယ်သူလဲ"

ယန်းကျိကွေက အနည်းငယ်စဉ်းစားကာ....

"ကျုပ်ပြောလို့ ခင်ဗျားအတွက် အကျိုးရှိမယ်... ဒါမှမဟုတ် ကျုပ်တို့အတွက် အကျိုးရှိမယ်ဆိုရင်တော့ ကျုပ်ပြောဖို့စဉ်းစားမယ်... အဲ့ဒီလိုပြောလို့ ဘာမှအကျိုးမရှိဘူးဆိုရင်တော့ မသိချင်ပါနဲ့... ကျုပ်

တို့က သစ္စာမပျက်ချင်ဘူး"

လှိုဖုံးရှန်သည် ယန်းကျိုကွေ၏စိတ်ထားအား နှစ်ခြိုက်မိ၏။

"အဲ့ဒီညက ခင်ဗျားတို့ခိုးလာတော့ စိန်တုံးမပါဘူး မဟုတ်လား"

ယန်းကျိုကွေက....

"ဟုတ်တယ်... သေတ္တာအခွံချည်းပဲ"

လှိုဖုံးရှန်က ပြုံးကာ....

"အဲ့ဒီစိန်တုံးက အဲ့ဒီညက တကယ်ပဲပျောက်သွားတယ်ဆိုတာကော ခင်ဗျားတို့သိလား"

"ဗျာ...."

ယန်းကျိုကွေတို့မှာ အလွန်ပင် အံ့အားသင့်သွား၏။

"ပျောက်နေတယ် ဟုတ်လား... ဒါပေမယ့်... တကယ်ပဲ သေတ္တာထဲမှာ စိန်တုံးမရှိဘူးဗျ"

လှိုဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ဒီသတင်းကို သူတို့သိပ်မလွှင့်သေးဘူး... စိန်တုံးခိုးတဲ့လူတွေကိုမိထားတယ်... ဒါပေမယ့် စိန်တုံးပြန်မရဘူး... အဲ့ဒီလူတွေကို စိန်တုံးသူခိုးလို့သတ်မှတ်ပြီး အပြစ်ပေးမှာပဲ... တကယ်လို့ ကံကောင်းပြီး လွတ်လိုက်လို့ အပြင်ပြန်ရောက်လာရင်လည်း ခင်ဗျားတို့အတွက် မလွယ်ဘူး"

ယန်းကျိုကွေတို့က နားမရှင်းသလို ဖြစ်သွား၏။

"ဘာဖြစ်လို့လဲ"

လှိုဖုံးရှန်က....

"ခင်ဗျားတို့ကို စိန်တုံးခိုးဖို့ တစ်စုံတစ်ယောက်ကခိုင်းတယ်ဆိုရင်လည်း အဲဒီလူက ခင်ဗျားတို့ကိုယုံမှာ မဟုတ်ဘူး... ခင်ဗျားတို့က သူ့ကိုမပေးချင်လို့ လုပ်ကြံပြောတယ်လို့ထင်ပြီး ခင်ဗျားတို့နောက်ကို လိုက်နေမှာပဲ"



ယန်းကျိုကွေက ခေါင်းညိတ်ကာ....

"ခင်ဗျားပြောတာ မှန်ပါတယ်... ဒါပေမယ့် ကျုပ်တို့ရှင်းပြမှာပေါ့"

"ဟုတ်ပြီလေ... ခင်ဗျားတို့ရှင်းပြတာကို သူက ယုံကြည်ရင်တော့ ကောင်းတာပေါ့... မယုံကြည်ရင်...."

ယန်းကျိုကွေက....

"အဲ့ဒါဆိုရင်တော့ ဓားချင်းရှင်းရတော့မှာပေါ့"

"ကျုပ်က ခင်ဗျားတို့ကိုလွတ်အောင်ကူညီချင်လို့ မေးနေတာပါ... အဲ့ဒီလူက ဘယ်သူလဲ"

ယန်းကျိုကွေက အသံတိုးတိုးဖြင့်....

"နဂါးဓား...."

"ဗျာ...."

လှိုဖုံးရှန်မှာ အံ့အားသင့်သွား၏။

သူသည် ယန်းကျိုကွေတို့နှင့်ဆက်သွယ်မှုမှာ ယခုရက်ပိုင်းအတွင်း ချန်အန်းမြို့သို့ရောက်လာသော တောင်ပင်လယ်နဂါး၊ ငှက်မုဆိုး၊ မျက်စိသုံးလုံး စန်းမုတို့ဟုထင်နေ၏။

ယခု နဂါးဓားဟုသိလိုက်ရသောအခါ မျှော်လင့်ထားသူမဟုတ်၍ အံ့အားသင့်သွား၏။

နဂါးဓားသည် ကြေးစားလူသတ်သမားဖြစ်၏။

သူကိုယ်တိုင် ချန်အန်းမြို့ထဲဝင်ပါက အာဏာပိုင်များက စောင့်ကြည့်နေမည်ကိုစိုးသဖြင့် ယန်းကျိုကွေတို့နှင့် တိတ်တဆိတ်ဆက်သွယ်လိုက်ခြင်းဖြစ်နိုင်၏။

လုကျောင်းက....

"ဒါနဲ့လွှီဖုံးရှန်... မြို့တော်ဝန်တို့ လူဆိုးထိန်းဝမ်တို့က စိန်တုံးသူခိုးကိုသိထားတယ်ဆိုရင် ဘာဖြစ်လို့ထုတ်ဖော်မပြောတာလဲ"

လွှီဖုံးရှန်က....

"အဲ့ဒီလူကိုထုတ်ပြောလိုက်ရင် ငှက်မှုဆိုးတို့ မျက်လုံးသုံးလုံးစန်းမုတို့လို ဒုစရိုက်သမားတွေက သူ့နောက်ကိုလိုက်ကြမှာပေါ့... ဒါကြောင့် သူတို့က ကျိတ်စုံစမ်းနေတာပေါ့"

လုကျောင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"အင်း... ခင်ဗျားပြောတာ ဖြစ်နိုင်ပါတယ်"

လွှီဖုံးရှန်က....

"ကဲ... ကျုပ် သွားတော့မယ်... ခင်ဗျားတို့အတွက် လုပ်သင့်လုပ်ထိုက်တာကို လုပ်ကြတာပေါ့"

သူကပြောပြီး အားလုံးအားနှုတ်ဆက်လိုက်၏။

ထိုအချိန်တွင် လီလီမှာ သံတိုင်ကြားမှနေ၍ သခင်လေးစုံအား အစားအစာများကို တူဖြင့် ခွံ့ကျွေးနေသည်ကိုတွေ့လိုက်ရ၏။

သူက ပခုံးတွန့်ကာ ပြုံးလိုက်လေတော့သည်။



## မြင်းကုန်သည်ဖိမာ

လဝန်းထိန်ထိန်သာ နေ၏။

မြင်းတစ်ကောင်သည် နံနက်မလင်းမီအချိန်ကပင် ချန်အန်းမြို့ထဲမှဒုန်းစိုင်းထွက်လာခဲ့၏။

မြင်းပေါ်တွင်လိုက်ပါလာသူမှာ မြင်းကုန်သည်ဖိမာဖြစ်၏။

သူသည် မနေ့ညပိုင်းတွင် ကျန်ရှန်းမြို့သို့အရောက်သွားရမည်ဖြစ်၏။သူသည် ကျန်ရှန်းမြို့သို့ရောက်ပြီး တစ်ခဏအတွင်းမှာပင် သူဌေးကြီးတစ်ယောက်ဖြစ်လာမည်ဖြစ်၏။

ဖိမာသည် ညဦးပိုင်းကထောက်ခဲ့သည့်အရက်ရှိန် မပြေသေးပါ။ သူသည် တစ်လမ်းလုံး စိတ်ပျော်ရွှင်ကာ သူ့ဘဝအကြောင်းကိုပြန်တွေးမိ၏။

သူသည် အသက်(၄၀)ကျော်အထိ ကြမ်းတမ်းသောဘဝကိုဖြတ်သန်းခဲ့ရ၏။ ယခု သူ့အား သူဌေးကြီးတစ်ဦးအဖြစ် ဘဝပြောင်းပေးမည့်လူမှာ ကျန်ရှန်းမြို့မှသူဌေးကြီး ကျန်ဂူးထောက်ဖြစ်၏။

ဖိမာသည် သိုင်းပညာအဆင့်မြင့်သော်လည်း အလုပ်ကောင်းကောင်းမလုပ်ဘဲ လိမ်ညာဟန်ဆောင်နေသဖြင့် သူဌေးကြီးကျန်ဂူးထောက်က အသုံးချရန် စဉ်းစားမိခြင်းဖြစ်၏။

ဖိမာက ချန်အန်းမြို့မှစိန်တုံးကြီးအား ခိုးယူပေးနိုင်လျှင် ငွေဆယ်သိန်းတိတိပေးမည်ဟု ကတိပေးလိုက်၏။

ဖိမာမှာ နေ့ချင်းညချင်း ချမ်းသာနိုင်သောအလုပ်အား လက်လွှတ်မခံပေ။ ထို့ကြောင့် သူက စရံနှစ်သိန်းအရင်တောင်းလိုက်၏။

သူဌေးကြီးကျန်ဝူးထောက်က....

"မင်းကမယုံလို့ စရံနှစ်သိန်းတောင်းတာလား"

ဖိမာက....

"မဟုတ်ပါဘူး... အဲ့ဒီငွေနဲ့ရွှေဝယ်ပြီး နတ်မိမယ်တလျှံကိုအသုံးချမလို့ပါ"

ကျန်ဝူးထောက်က သဘောမကျချင်ပေ။

"သူက ယုံရရဲ့လား"

ဖိမာက ပြုံးလိုက်၏။

"နတ်မိမယ်တလျှံက တခြားလူတွေအတွက်တော့ ကြောက်စရာကောင်းတဲ့အမျိုးသမီးပါ... ဒါပေမယ့် သူက ကျွန်တော့်အပေါ်မှာ မေတ္တာရှိပါတယ်... ကျွန်တော့်အတွက်ဆို ဘာမဆိုလုပ်ပေးမယ့်သူပါ"

"မင်းကကော သူ့ကို တကယ်မေတ္တာရှိလို့လား"

ဖိမာက ရယ်မောလိုက်၏။

"ကျွန်တော်သာ သူ့ကိုမေတ္တာရှိရင် ဒီအချိန် အိမ်ထောင်ကျနေပြီပေါ့ဗျာ"

ကျန်ဝူးထောက်က သူ့စကားအား သဘောကျသွား၏။

"ကောင်းပြီ... ဒါဖြင့် မင်းရဲ့ငွေနှစ်သိန်းမဆုံးရအောင် သူ့ကိုကိစ္စဖြတ်ခဲ့မှ ကျုပ်က အလုပ်အပ်မယ်ဆိုရင်ကော...."

ဖိမာက လုံးဝမစဉ်းစားပါ။

"သူဌေးမင်းပြောတဲ့အကြံ သိပ်ကောင်းတာပဲ... စိန်တုံး



လက်ထဲရောက်တာနဲ့ သူပျောက်သွားစေရမယ်ဆိုတာ အာမခံပါတယ်"

ကျန်ဝူးထောက်က အားရပါးရ ရယ်မောလိုက်လေတော့သည်။

"ဟား... ဟား... ဟား"

"ဟား... ဟား... ဟား"

ဖိမာသည် တွေးရင်း သဘောကျကာ အသံထွက်၍ ရယ်မောလိုက်၏။ သူသည် ငွေဆယ်သိန်းရရန် လူတစ်ယောက်မဆိုနှင့် ဆယ်ယောက်ပင် သတ်ရဲ၏။

ငွေဆယ်သိန်းသည် ဖိမာ၏အမည်ကိုသာမက ဘဝကိုပါ ပြောင်းသွားစေနိုင်၏။ သူသည် တခြားပြည်နယ်တွင် သူဌေးကြီးတစ်ဦးအဖြစ် စည်းစိမ်ခံနိုင်မည်မဟုတ်ပါလား။

သူသည် နတ်မိမယ်တလျှံအား အနည်းငယ်သနားမိ၏။

နတ်မိမယ်တလျှံမှာ အလွန်ချောမောသဖြင့် လိုချင်သူများဝိုင်းနေ၏။ သို့သော် သူမသည် ဖိမာကိုသာ အလွန်စွဲလန်းကြီး စွဲလန်းနေ၏။

ဖိမာမှာ လူလိမ်လူညာဖြစ်ပြီး သူမ၏ပစ္စည်းများကိုသုံးဖြုန်းပြီးမှ စွန့်ခွာသွားသည်ကိုသိသော်လည်း စိတ်မနာနိုင်ပေ။

ယခုလည်း သူမအား ချွေပုံပေး၍ စိန်တုံးကြီးအား ခိုးယူခိုင်းရာတွင်လည်း သက်စွန့်ကြိုးပမ်းဆောင်ရွက်ပေးခဲ့၏။

ထိုသို့သောမိန်းကလေးကို သတ်လိုက်ရသဖြင့် ဖိမာမှာ အ

နည်းငယ် သနားနေမိလေတော့သည်။

ဖိမာသည် ညဦးပိုင်တွင် ကျန်ရှန်းမြို့သို့ရောက်လာ၏။

သူက သူဌေးကြီးကျန်ဂူးထောက်ဂေဟာသို့ ဦးတည်သွားလိုက်၏။ သူဌေးကြီးကျန်ဂူးတောက်၏ဂေဟာတွင် မီးများလင်းထိန်နေ၏။

တံခါးစောင့်များသည် ဖိမာအား တွေ့မြင်လိုက်သည်နှင့် တံခါးအား ပျာပျာသလဲ ဖွင့်ပေးလိုက်၏။ အရိုအသေပေးကြသဖြင့် ဖိမာမှာ စိတ်ဓာတ်တက်ကြွကာ ရင်ကော့၍ ဂေဟာထဲသို့ ဝင်ရောက်လိုက်၏။

ကျန်ဂူးထောက်၏ကိုယ်ရံတော်များက သူ့အား သီးသန့်ခန်းသို့ခေါ်ဆောင်သွား၏။ သီးသန့်ခန်း၏စားပွဲပေါ်တွင် ငွေများတင်ထား၏။

ကျန်ဂူးထောက်က မတ်တတ်ရပ်၍ အားရပါးရပြုံးကာ....

"သူဌေးလောင်းကိုကြိုဆိုပါတယ်"

ဖိမာက ဦးညွှတ်လိုက်၏။

"ကျေးဇူးတင်ပါတယ် သူဌေးကြီး"

ကျန်ဂူးတောက်က စားပွဲပေါ်သို့မေးငေါ့ပြလိုက်၏။

"အဲ့ဒီမှာ ငွေရှစ်သိန်းတိတိပဲ... ကျေနပ်လား"

ဖိမာသည် ဝမ်းသာလွန်းသဖြင့် ဘာပြောရမှန်းပင် မသိတော့ပါ။ သူသည် စားပွဲပေါ်မှ ငွေပုံကြီးအားကြည့်ရင်း မျက်လုံးများတောက်ပလာလေသည်။



သူသည် ရင်ဘတ်ထဲမှသေတ္တာလေးအား တရိုတသေ လှမ်းပေးလိုက်၏။ ကျန်ဂူးတောက်က သေတ္တာအားဖွင့်ကြည့်ကာ ကျေနပ်စွာ ပြုံးလိုက်၏။

"ကျုပ် လူရွေးသိပ်မှန်တယ်"

ထိုစကားကြားလိုက်ရသောအခါ ဖိမာမှာ ရင်ထဲတွင်ထိတ်ခနဲဖြစ်သွား၏။ သူသည် ထိုစကားနှင့်နှစ်သိမ့်ပြီး နတ်မိမယ်တလျှံအားသတ်ခဲ့သည် မဟုတ်ပါလား။

သူသည် အလိုလိုပင် သတိကြီးစွာထားမိ၏။

ကျန်ဂူးတောက်က သာမန်အတိုင်းပင်....

"ဟော့... ဘာငိုင်နေတာလဲ သူဌေးလောင်းရဲ့... ဒီငွေတွေကိုယူပြီး အမြန်ဆုံး စည်းစိမ်ခံစားတော့လေ"

ဖိမာက ခေါင်းညိတ်ကာ အိတ်တစ်လုံးထဲသို့စားပွဲပေါ်မှ ငွေများအားလုံးကို ထည့်လိုက်၏။

သူသည် ထိုနေရာတွင် ကြာရှည်မနေချင်တော့ပေ။

ငွေများအား ထည့်ပြီးသည်နှင့်....

"သွားပါဦးမယ်"

"ကောင်းပါပြီ သူဌေးလောင်း"

ဖိမာသည် ဂေဟာထဲမှ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်ခဲ့၏။

သူက ညတွင်းချင်းပင် အခြားမြို့တစ်ခုသို့ ရောက်အောင်သွားရမည်ဖြစ်၏။ တံခါးစောင့်များသည် အလာတုန်းကကဲ့သို့ပင် ဦးညွှတ်ကာ တံခါးဖွင့်ပေးလိုက်၏။

ဖိမာ၏မြင်းသည် တံခါးဝအပြင်ဘက်တွင် ရပ်နေ၏။ ဖိမာသည် တံခါးမှ လှစ်ခနဲ လှမ်းထွက်လိုက်၏။

အဖြစ်အပျက်များမှာ မျက်တောင်တခတ်အတွင်းပင် ဖြစ်

သွား၏။

တံခါးတစ်ဖက်တစ်ချက်မှ လုံ့နှစ်ချောင်းထွက်လာကာ ဖိမာ၏ခန္ဓာကိုယ်ထဲသို့ စိုက်ဝင်သွားလေသည်။

ဖိမာသည် မည်သို့မျှ အသံမပြုနိုင်ဘဲ မတ်တတ်အနေအထားအတိုင်းပင် အသက်ဝိညာဉ်ကင်းမဲ့သွားလေတော့သည်။

ကျန်ဂူးတောက်သည် သေတ္တာထဲမှစိန်တုံးကြီးအား အသေအချာကြည့်ပြီး ပြန်ပိတ်ကာ ရင်ဘတ်ထဲသို့ထိုးထည့်လိုက်၏။

ဖိမာသည် သူ့အခန်းထဲမှထွက်သွားသည်မှာ မကြာသေးပေ။ သို့သော် ဖိမာအိတ်ထဲထည့်ယူသွားသောငွေများသည် သူ့ ရှေ့ရှိ စားပွဲပေါ်သို့ ပြန်ရောက်နေ၏။

ရွှေအိတ်တစ်အိတ်ပင် အပိုပါလာ၏။ ကျန်ဂူးတောက်က ကျေနပ်စွာပြုံးပြီး သူ့ဘေးမှ ကိုယ်ရံတော်နှစ်ယောက်အား ကြည့်လိုက်၏။

"ငါ ခရီးထွက်ဖို့အဆင်သင့် ဖြစ်ပြီလား"

ကိုယ်ရံတော်တစ်ယောက်က ဦးညွတ်ကာ....

"အဆင်သင့်ပါပဲ.. သခင်ကြီးကိုစောင့်ရှောက်ဖို့ ကိုယ်ရံတော်လေးယောက်လဲ စီစဉ်ထားပါတယ်"

ကျန်ဂူးတောက်က....

"ကောင်းတယ်... အိမ်တော်ထိန်းကိုခေါ်လိုက်ပါ"

ကိုယ်ရံတော်က လက်ခုပ်နှစ်ချက်တီးလိုက်၏။ အခန်းထဲသို့ အိမ်တော်ထိန်းလှမ်းဝင်လာ၏။



"အမိန့်ရှိပါ သခင်ကြီး"

ကျန်ဂူးတောက်က စားပွဲပေါ်မှငွေများအား မေးငေ့ပြကာ "ဒီဟာတွေကို သုံးပုံ့ပုံပြီး နှစ်ပုံသိမ်းထားပါ.. တစ်ပုံကိုအဖွဲ့သားတွေကို ခွဲဝေပေးလိုက်ပါ"

"အမိန့်အတိုင်းပါ သခင်ကြီး"

ကျန်ဂူးတောက်သည် ဝတ်စုံကိုသပ်ရပ်စွာ ဝတ်ဆင်ကာ မြင်းရထားပေါ်သို့ တက်လိုက်၏။

မကြာမီ မြင်းရထားတစ်စီးသည် ကျန်ဂူးတောက်၏အိမ်ဂေဟာထဲမှ လျင်မြန်စွာ ထွက်လာခဲ့လေတော့သည်။

လွိုဖုံးရှန်သည် အလွန်ခေါင်းရှုပ်နေ၏။

စိန်တုံးယူသွားသည့်ဖိမာသည် မည်သည့်နေရာသို့ရောက်ရှိနေသနည်း။

လူဆိုးထိန်းဝမ်နှင့် နေပြည်တော်မှ ထောက်လှမ်းရေးသမားများသည် ဖိမာနောက်သို့ အပြင်းအထန်လိုက်နေကြ၏။

သို့သော်လည်း အခြေအနေမှာ မထူးခြားပါ။

သူတို့သည် ယန်းကျိုကွေတို့သုံးဦးအား စိန်တုံးသူခိုးဟုလည့်စားကာ ဖိမာအား ကျိတ်၍ ရှာဖွေနေခြင်းဖြစ်၏။

ဤမျှအဖိုးတန်ပြီး အန္တရယ်များသော ပစ္စည်းများအား ကြံစည်သူမှာ နှယ်နှယ်ရရ မဟုတ်ပေ။ လက်ရုံးရည် နှလုံးရည်အရ အာဏာသားများနှင့် ယှဉ်ပြိုင်ရဲ သူများဖြစ်မည်။

ဖိမာက နတ်မိမယ်တချို့အား သတ်သွားနိုင်သည်မှာ အံ့ဩ

စရာကောင်းသည်ဟု လွီဖုံးရှန် တွေးမိ၏။

နတ်မိမယ်တလျှံသည် အဆိပ်နှင့်တိုက်ခိုက်ရာတွင် အလွန်ကြောက်စရာကောင်းသော အမျိုးသမီးဖြစ်၏။

သူမအား သိုင်းလောကသားများက ကြောက်ရွံ့ကြ၏။

ဖိမာကဲ့သို့ လူလိမ်လူညာတစ်ယောက်က နတ်မိမယ်တလျှံ၏ရင်ဝသို့ ဓားနှင့်ထိုးခြင်းမှာမဖြစ်နိုင်ဟု တွေးမိ၏။

နတ်မိမယ်သည် မက်မောလောက်စရာငွေကို လက်ဝယ်မရဘဲ စိန်တုံးကြီးအား လက်လွှတ်မည်မဟုတ်ပေ။

အကယ်၍ စိန်တုံးပေးအပ်သည့်တိုင်အောင် ဖိမာလုပ်ကြံမည်ကို ကာကွယ်နိုင်မည်ဖြစ်၏။ ဖိမာသည် နတ်မိမယ်အား အခြားတစ်စုံတစ်ယောက်၏ အကူအညီနှင့် လုပ်ကြံသည်လော။

လွီဖုံးရှန်သည် တွေးရင်း စိတ်ရှုပ်လာသဖြင့် ဖိမာနောက်သို့သာ ခြေရာခံလိုက်ရန်ဆုံးဖြတ်လိုက်၏။

ဖိမာသည် ကျန်ရှန်းမြို့တွင် အနေများသည်ဟု မြင်းပွဲစားလုံယိပြောခဲ့သည် မဟုတ်ပါလား။

ကျန်ရှန်းမြို့နှင့်ချန်အန်းမြို့မှာ အလှမ်းဝေး၏။ တစ်ရက်ခရီးကြာ၏။

လွီဖုံးရှန်သည် ကျန်ရှန်းမြို့သို့သွားချင်သော်လည်း အနည်းငယ် စိတ်ထင့်နေ၏။ မနက်ဖြန်ရောက်လျှင် ယန်းကျိုကွေတို့အား အမိန့်ချမှတ် မည်ဖြစ်၍ သူက အကျိုးအကြောင်းသိလို၏။

သူသည် တစ်ညလုံးမအိပ်ဘဲ ဘာဆက်လုပ်ရမည်ကိုတွေး



ရင်း မိုးလင်းလာ၏။ သူက မိုးလင်းမှပြန်အိပ်ရန်ဟန်ပြင်စဉ် မြင်းခွာသံများ ကြားလိုက်ရ၏။

သူက ပြတင်းပေါက်မှလှမ်းကြည့်လိုက်ရာ လုံခြုံရေးတပ်သားများ မြို့ပြင်သို့အပြေးအလွှားသွားနေကြသည်ကို တွေ့လိုက်ရ၏။

သူက စုံစမ်းကြည့်ရာ မြို့ပြင်၌ အလောင်းတစ်လောင်းတွေ့သဖြင့် သွားကြခြင်းဖြစ်ကြောင်းသိရ၏။

မြို့ပြင်မှအလောင်းသည် မည်သူ့အလောင်းဖြစ်ပါသနည်း။

လွီဖုံးရှန်သည် မြင်းပေါ်သို့ခုန်တက်ကာ မြို့ပြင်သို့ပြေးလိုက်သွားလေတော့သည်။

မြို့ပြင်မှအလောင်းအား တွေ့လိုက်ရသောအခါ လွီဖုံးရှန်က အံ့အားသင့်သွား၏။

အလောင်းမှာ မြင်းကုန်သည်လူလိမ်ကြီး ဖိမာ၏အလောင်းဖြစ်၏။ လူဆိုးထိန်းဝမ်သည် အလောင်းအား စစ်ဆေးနေ၏။

သမားတော်ကြီးက ဖိမာသေဆုံးသည်မှာ မနေ့ညဦးပိုင်းကတည်းက ဖြစ်သည်ဟု မှတ်ချက်ချ၏။

လွီဖုံးရှန်သည် ဖိမာသေသည်ဟု မမျှော်လင့်ထားပေ။ တစ်နေရာရာသို့ ရှောင်ပြေးသွားပြီဟုသာ ထင်နေ၏။

ယခု ချန်အန်းမြို့အနီးတွင်ပင် သေဆုံးနေသဖြင့် ဖိမာအားသတ်သူသည် ချန်အန်းမြို့ထဲတွင်ပင် ရှိနေသည်လောဟု သံသယဝင်မိ၏။

လူဆိုးထိန်းဝမ်သည် အလောင်းအား မြေမြှုပ်ရန် ညွှန်ကြားနေရင်း လွှီဖုံးရှန်အားတွေ့သောအခါ မျက်မှောင်ကုတ်သွား၏။

လွှီဖုံးရှန်က မျက်နှာလွှဲထားလိုက်၏။ မကြာမီ ထိုနေရာမှလူများ တစ်ယောက်ပြီးတစ်ယောက်ပြန် သွားကြ၏။

လွှီဖုံးရှန်က မပြန်သေးပါ။ သူသည် ပထမဆုံး ဖိမာ၏အလောင်းအား တွေ့သည့်နေရာကို စစ်ဆေးလိုက်၏။

ထိုနေရာတွင် ဖိမာကတိုက်ခိုက်ရင်း သေဆုံးခြင်းမဟုတ်ပါ။

ထိုအနီးအနားတစ်ဝိုက်တွင် တိုက်ခိုက်ထားသောအနေအထား လုံးဝမတွေ့ရပါ။

သူက ပတ်ဝန်းကျင် ခပ်လှမ်းလှမ်းသို့ကြည့်လိုက်၏။ စိုက်ပျိုးရေးခြံများကိုသာတွေ့ရသဖြင့် လွှီဖုံးရှန်က ခေါင်းခါ ယမ်းလိုက်၏။

သူက မျက်မှောင်ကုတ်ကာ သေသေချာချာ စစ်ဆေးလိုက်၏။ မထင်မရှားဖြစ်နေသော မြင်းလှည်းဘီးရာကို တွေ့လိုက်ရ၏။

ဖိမာသည် သေဆုံးပြီးမှ မြင်းလှည်းနှင့်တင်ကာ လာရောက်ပစ်ချခံရခြင်း ဖြစ်နိုင်၏။

လွှီဖုံးရှန်သည် မြင်းလှည်းဘီးရာအတိုင်း လိုက်သွားကြည့်ရာ လမ်းမကြီးပေါ်သို့အရောက်တွင် တောင်ဘက်မှလာသည်ကိုတွေ့လိုက်ရ၏။ လွှီဖုံးရှန်သည် မမျှော်လင့်ဘဲ သဲလွန်စရလိုက်၏။

တောင်ဘက်တွင် ဖိမာအနေများသော ကျန်ရှန်းမြို့ရှိသည်မဟုတ်ပါလား။ သူစဉ်းစားမရသောအချက်မှာ ဖိမာ၏ခန္ဓာကိုယ်ပေါ်မှ ဒဏ်ရာနှစ်ခုဖြစ်၏။

ဖိမာအားသတ်သူသည် လက်နှစ်ဖက်တွင် ဓားကိုင်ကာ တစ်ပြိုင်နက်တည်း ထိုးသွင်းလိုက်ခြင်းလော။

လွှီဖုံးရှန်သည် သက်ပြင်းတစ်ချက်ချကာ ချန်အန်းမြို့ထဲသို့



ပြန်လည်ဝင်ရောက်လိုက်လေတော့သည်။

လွှီဖုံးရှန်သည် တရားရုံးသို့ထွက်လာခဲ့၏။

တရားရုံးတွင် လူတော်တော်များများ ရှိနေ၏။

စိန်တုံးခိုးသည့်တရားခံများအား အပြစ်ပေးမည်ဆို၍ လူတော်တော်များများ လာရောက်နားထောင်ကြ၏။

ထိုပရိသတ်ထဲတွင် လုကျောင်း၏မိဘများပါဝင်၏။ လူကြားထဲတွင် ငိုကြွေးနေသောလီလီလည်း ပါ၏။

မျက်နှာနီရဲကာ မျက်လုံးများမို့နေသော ရှင်းယုံနှင့်ကျင်းစုလည်း လီလီ၏နံဘေးတွင်ရှိနေ၏။

လွှီဖုံးရှန်က အုပ်ချုပ်ရေးမှူးရုံးခန်းထဲသို့ဝင်လိုက်၏။ အထဲတွင် လူဆိုးထိန်းဝမ်က ဖိမာသေဆုံးမှုအား ရှင်းပြနေ၏။

အုပ်ချုပ်ရေးမှူးတာဟန်းက....

"လာလေ... လွှီဖုံးရှန်...."

ဝမ်က ရှင်းပြနေသည်များကိုရပ်လိုက်သဖြင့် တာဟန်းက....

"ဝမ်... ပြောစရာရှိတာ ဆက်ပြောပါ... လွှီဖုံးရှန်က ကျုပ်တို့ကိုကူညီနေတဲ့လူပါ"

လူဆိုးထိန်းဝမ်က မကျေမနပ်ဖြစ်သွားသော်လည်း ဟန်လုပ်ပြုံးကာ စကားဆက်လိုက်၏။

"ကျွန်တော်ယူဆတာ နတ်မိမယ်တလျှံက ချယ်ရီကိုသတ်ပြီး အယောင်ဆောင်ပြီး ပစ္စည်းဝင်ခိုးမယ်... အဲ့ဒါကို ဖိမာကသိလို့ နတ်မိမယ်ကို သူ့အခန်းမှာသတ်ပြီး ပစ္စည်းယူသွားတယ်... တခြား

တစ်ယောက်က ဖိမာကိုသတ်ပြီး ပစ္စည်းယူသွားတာဖြစ်ရမယ်"

တာဟန်းက ခေါင်းညိတ်ကာ....

"ဟုတ်ပြီ... တခြားလူသတ်သမားက ဘယ်သူဖြစ်နိုင်သလဲ"

"ဖြစ်နိုင်တဲ့လူတွေက အများကြီးပါ... ဒီရက်ပိုင်းမှာ ချန်အန်းမြို့ကိုရောက်လာတဲ့ ငှက်မုဆိုးနဲ့ တောင်ပင်လယ်နဂါးတို့ကတော့ ဘာမှလှုပ်ရှားတာမတွေ့ရသေးဘူး"

"မျက်လုံးသုံးလုံးစန်းမုကော...."

"ကျွန်တော် သံသယဖြစ်နေတာ သူ့ကိုပါ... သူက တည်းခိုခန်းကနေထွက်သွားပြီး သတင်းမရသေးပါဘူး"

"ဖိမာကိုသတ်ပြီး စိန်တုံးကိုလုယူသွားတာ မျက်လုံးသုံးလုံးစန်းမုလို့ မင်း ထင်တယ်ပေါ့"

"ဟုတ်ပါတယ်"

"ကောင်းပြီလေ... လုပ်စရာရှိတာ ဆက်လုပ်ပါ"

လူဆိုးထိန်းဝမ်သည် တာဟန်းအား ဦးညွတ်ကာ အခန်းထဲမှထွက်ခွာသွားလေတော့သည်။

အုပ်ချုပ်ရေးမှူးတာဟန်းက လှီဖုံးရှန်အား ပြုံးပြလိုက်၏။

"လူဆိုးထိန်းဝမ်ပြောတာ ဖြစ်နိုင်သလား"

လှီဖုံးရှန်က....

"ဆရာတာဟန်းက ဉာဏ်ပိုကောင်းပါတယ်"

တာဟန်းက....

"မဟုတ်သေးပါဘူးလေ... ဖိမာသေတဲ့နေရာကို မင်းရောက်ခဲ့တယ် မဟုတ်လား... ဒီကလူတွေကတော့ ဝမ်ကောက်ချက်ချတဲ့အတိုင်းပဲ မြင်တယ်... မင်းက ဘယ်လိုမြင်သလဲ"



လှီဖုံးရှန်က....

"ဖိမာကိုသတ်တာ စန်းမုမဟုတ်ဘူး"

"သေချာတယ်... ငါလည်း အဲ့ဒီလိုပဲထင်တယ်... ဘာဖြစ်လို့လဲဆိုတော့ စန်းမုက ဘယ်တော့မှဓားမသုံးဘူး... အဲ့ဒါကိုဝမ်က စန်းမုလှည့်စားတာလို့ပြောတယ်"

လှီဖုံးရှန်က....

"ကျွန်တော် ဆရာတာဟန်းနဲ့ တစ်ခုတိုင်ပင်ချင်တယ်"

တာဟန်းက ခါးကိုရှေ့သို့ကိုင်းကာ....

"ပြောလေ"

"ဆရာတာဟန်း တရားသူကြီးအဖွဲ့နဲ့ ဆွေးနွေးပေးပါ"

"ဘာကိုလဲ"

လှီဖုံးရှန်က တီးတိုးပြောပြလိုက်၏။

တာဟန်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"မင်းပြောတာ မဆိုးပါဘူး... ဒီလိုလုပ်ပါ... မင်းကိုယ်တိုင် တရားသူကြီးအဖွဲ့နဲ့ ထိပ်တိုက်ပြောပါ"

လှီဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"အဲ့ဒါ ပိုကောင်းတာပေါ့ဗျာ"

တရားသူကြီးသုံးဦးနှင့် မြို့တော်ဝန်အပြင် မြို့စားကြီးပါ ရောက်ရှိနေ၏။

သူတို့သည် စိန်တုံးကြီးပြန်လည်ရရှိရေးအတွက် တိုင်ပင်ဆွေးနွေးနေကြ၏။ အုပ်ချုပ်ရေးတာဟန်းက မတ်တတ်ရပ်ကာ လွှီဖုံးရှန်အား မိတ်ဆက်ပေးလိုက်၏။

"လူကြီးမင်းများခင်ဗျာ... ဒီသူငယ်ကတော့ လွှီဖုံးရှန်လို့ခေါ်ပါတယ်... သူက စိန်တုံးကြီးပြန်လည်ရရှိဖို့ တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်တောင်းနေပါတယ်... ဒါပေမယ့် သူ့ရဲ့တောင်းဆိုချက်ကို လူကြီးမင်းများ အနေနဲ့ လိုက်လျောနိုင်စွမ်းရှိမရှိ ဆွေးနွေးချင်လို့ပါ"

မြို့တော်ဝန်တို့သည် လွှီဖုံးရှန်အား စူးစိုက်ကြည့်လိုက်ကြ၏။

"အုပ်ချုပ်ရေးမှူးက သူ့အကြောင်း ဘာသိထားလို့လဲ"

တာဟန်းက....

"သူက ကျွန်တော်တို့ကို မကြာခဏ ကူညီပေးဖူးပါတယ်... သူ့ကို ဘုရင်မင်းမြတ်အမှုတော်ထမ်းဖို့ ကျွန်တော်ကမ်းလှမ်းပေမယ့် သူက လွတ်လွတ်လပ်လပ်ပဲ ကူညီပါရစေဆိုပြီး ငြင်းဆိုနေပါတယ်"

မြို့တော်ဝန်က လွှီဖုံးရှန်အား စူးရှစွာ စိုက်ကြည့်ကာ....

"ကောင်းပြီ... မင်းက ဘာလုပ်ချင်တာလဲ"

လွှီဖုံးရှန်က မြို့တော်ဝန်အား ဦးညွတ်ကာ....

"ဘုရင့်ဘဏ္ဍာတော် စိန်တုံးကြီးပျောက်ဆုံးတဲ့ကိစ္စကို ကျွန်တော်မချင့်မရဲ ဖြစ်နေပါတယ်... ကျွန်တော်က လူသုံးယောက်နဲ့ပူးပေါင်းပြီးစုံစမ်းရင် ဖြစ်နိုင်စရာအကြောင်းရှိတယ်လို့ ထင်ပါတယ်"

မြို့တော်ဝန်က....

"သိပ်ကောင်းတာပေါ့... မင်းအောင်မြင်ရင် ကျုပ်က ဆုချီးမြှင့်ပါ့မယ်"

လွှီဖုံးရှန်က....

"ကျွန်တော် ဘာမှမလိုချင်ပါဘူး... စိန်တုံးကိုပြန်ရအောင်



ရှာနိုင်တဲ့အစွမ်းပဲ လိုချင်တာပါ"

မြို့တော်ဝန်က....

"ဒီလိုပါ... အခု စိန်တုံးသူခိုးဆိုပြီးဖမ်းသွားတဲ့တရားခံသုံးယောက်ကို လူကြီးမင်းတို့က အပြစ်ပေးရင်လည်း သူတို့ခံရမှာပါပဲ... ဒါပေမယ့် သူတို့ကိုသေဒဏ်ပေးရင်တောင် စိန်တုံးက ပြန်ရောက်လာမှာ မဟုတ်ပါဘူး... ဒါကြောင့် သူတို့က စိန်တုံးကိုပြန်ရအောင်ကြိုးစားရင် လူကြီးမင်းတို့က ခွင့်လွှတ်မှာလားဆိုတာ သိချင်ပါတယ်"

မြို့တော်ဝန်နှင့်မြို့စားကြီးမှာ တရားသူကြီးများအား ကြည့်လိုက်၏။

တရားသူကြီးတစ်ယောက်က ခေါင်းခါယမ်းကာ....

"မဖြစ်နိုင်ပါဘူး.... သူတို့က စိန်တုံးကြီးကိုပြန်ယူလာပေးရင်တောင် သူတို့ကျူးလွန်တဲ့အပြစ်က ပျောက်ပျက်မသွားပါဘူး"

လွှီဖုံးရှန်က သက်ပြင်းတစ်ချက်ချကာ....

"ဥပဒေအရဆိုရင်တော့ လူကြီးမင်းပြောတာ မှန်ပါတယ်... ဒါပေမယ့် သူတို့မှာ အရင်က ဒီလိုစာရိတ္တအမှားမရှိခဲ့ပါဘူး... အခုလည်း တစ်စုံတစ်ယောက်က မြှောက်ပင့်ခိုင်းစေလို့ကြံစည်ရတာပါ... နောက်ပြီး သူတို့ခိုးယူတာ့ စိန်တုံးမဟုတ်ဘဲ သေတ္တာအလွတ်ဖြစ်နေတာကြောင့် လူကြီးမင်းတို့ လျှော့ပေါ့စဉ်းစားပေးနိုင်မယ်လို့ ထင်ပါတယ်"

တရားသူကြီးသုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

မြို့တော်ဝန်က....

"လူကြီးမင်းတို့ လွှီဖုံးရှန်ပြောသလို သက်သက်ညှာညှာဆောင်ရွက်ဖို့ လက်ခံနိုင်ပါ့မလား"

တရားသူကြီးတစ်ဦးက....

"လွှီဖုံးရှန်တင်ပြတာက ဥပဒေအကြောင်းအရ ညီပါတယ်... တရားခံရဲ့အကျင့်စရိုက်နဲ့ ပြစ်မှုအကြီးအသေးကိုလိုက်ပြီး ပြစ်ဒဏ်လျော့ပေါ့လို့ရပါတယ်... လွှီဖုံးရှန်တင်ပြသလိုဆိုရင် တရားခံတွေက ဒီလိုပြစ်မှုမျိုး မကျူးလွန်ခဲ့ဖူးဘူး... အခု အမှားသိပြီး တရားခံအစစ်ကို ဝိုင်းဝန်းဖော်ထုတ်ပေးမယ်လို့ ခင်ဗျားပြောခဲ့တယ်နော်"

"မှန်ပါတယ်ခင်ဗျာ"

"သူတို့က အပြစ်ကျူးလွန်ဖို့အားထုတ်တဲ့အတွက် ပြစ်ဒဏ်တော့ ခံရမှာပဲ... ဒါပေမယ့် စဉ်းစားပေမယ့် သူတို့ထွက်မပြေးအောင် ဘယ်သူကတာဝန်ယူမှာလဲ"

တာဟန်းက လွှီဖုံးရှန်အား ကြည့်လိုက်၏။ လွှီဖုံးရှန်က ရဲရဲဝံ့ဝံ့ ခေါင်းညိတ်လိုက်၏။

"သူတို့ထွက်ပြေးရင် ကျွန်တော်အဖမ်းခံပါ့မယ်"

တရားသူကြီးက....

"အဲ့ဒါနဲ့မလုံလောက်သေးဘူး... သူတို့သုံးယောက်အတွက် တစ်ယောက်တစ်သောင်းစီ အာမခံထားနိုင်ရမယ်... ငွေသုံးသောင်းအာမခံထားနိုင်ရင် ကျုပ်တစ်လတိတိ အချိန်ပေးမယ်... တစ်လပြည့်လို့မှအခြေအနေမထူးရင် တရားခံတွေကို ပြန်ထိန်းသိမ်းထားမယ်... ဒါကိုကျေနပ်ရင် အုပ်ချုပ်ရေးမှူးနဲ့ခင်ဗျား လက်မှတ်ထိုးရမယ်... ခင်ဗျားတို့ ဒီတစ်ရက် စဉ်းစားနိုင်ပါတယ်"

လွှီဖုံးရှန်နှင့်တာဟန်းသည် တရားသူကြီးများနှင့်မြို့တော်ဝန်တို့အား အရိုအသေပေးကာ ထွက်လာခဲ့ကြလေတော့သည်။



အုပ်ချုပ်ရေးမှူးတာဟန်းသည် နဖူးမှချွေးများသုတ်ကာ လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။

"လွှီဖုံးရှန်... မင်းလူတွေက စိတ်ချရရဲ့လား"

လွှီဖုံးရှန်က....

"သူတို့ရဲ့အကျင့်စရိုက်တွေကိုသိထားတော့ ကိုင်တွယ်ရတာလွယ်ပါတယ်... ဒါပေမယ့် ငွေသုံးသောင်းတော့ သူတို့ပေးနိုင်ပါမလား မသိဘူး"

တာဟန်းက....

"သခင်လေးစုံနဲ့လုကျောင်းရဲ့မိဘတွေက ချမ်းသာပါတယ်"

"ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်"

လွှီဖုံးရှန်သည် တာဟန်းအား နှုတ်ဆက်ကာ တရားရုံးခန်းမထဲသို့ဝင်လာခဲ့၏။

လုကျောင်း၏မိဘများနှင့်တွေ့ပြီး အကျိုးအကြောင်းပြောပြသောအခါ လုကျောင်း၏မိခင်က သားအတွက် တာဝန်ယူလိုက်၏။

သခင်လေးစုံ၏မိဘများကမူ ချမ်းသာသော်လည်း သခင်လေးစုံအား လှည့်မကြည့်ပေ။

ရှင်းယုံနှင့်ကျင်းစုတွင်ရှိသောငွေများ ပေါင်းလိုက်သောအခါ တစ်သောင်းကျော်သာရှိသဖြင့် ယန်းကျိကွေအတွက် ပေးလိုက်၏။

သခင်လေးစုံအတွက်မူ အမွေရသော ဦးလေးရှင်း၏အိမ်ကို ရောင်းမည်ဟု ဆုံးဖြတ်လိုက်သောအခါ သခင်လေးစုံက ကန့်ကွက်

၏။ ထိုအခါ လီလီက အိမ်ပြန်ကာ အိမ်မှငွေတစ်သောင်း သွားခိုးလာခဲ့၏။

ညနေပိုင်းတွင် တရားခံသုံးယောက်မှာ အချုပ်ခန်းထဲမှ ထွက်လာနိုင်လေတော့သည်။

ယန်းကျိုကွေတို့အားလုံး အိမ်သို့ပြန်ရောက်လာကြ၏။

မကြာမီ လီလီလည်း အထုပ်တစ်ထုပ်ဆွဲကာ ငိုယို၍ရောက်လာ၏။

သခင်လေးစုံက မေးကြည့်သောအခါ ငွေတစ်သောင်းခိုးသဖြင့် ဖခင်ဖြစ်သူက ရိုက်နှက်နှင်ချလိုက်သောကြောင့် ဖြစ်၏။

သခင်လေးစုံမှာ အလွန်ပင် စိတ်မကောင်းဖြစ်မိ၏။

ယခု သူတို့(၇)ယောက်သည် စားပွဲတစ်လုံးတွင်ဝိုင်းဖွဲ့ကာ ထိုင်နေကြ၏။

ရှင်းယုံနှင့်ကျင်းစုသည် လီလီအတွက် စိတ်မကောင်းသော်လည်း သခင်လေးစုံကိုကြည့်၍ ရယ်ချင်နေမိ၏။

သခင်လေးစုံသည် သူမတို့ကိုတွေ့တိုင်း ချစ်စကားကြိုက်စကားများကို ပြောခဲ့၏။

သို့သော် ယခု သူက ထိုစကားမျိုး မပြောနိုင်တော့ပါ။ လီလီကိုသာ စိတ်မသက်မသာ ကြည့်နေလေ၏။

လွီဖုံးရှန်က သူတို့အား တစ်ချက်ဝေ့ကြည့်ကာ....

"မင်းတို့သုံးယောက်လည်း သိမှာပါ... မင်းတို့ကို အခုလိုအပြင်ကိုပြန်ထုတ်ဖို့ ငါနဲ့အုပ်ချုပ်ရေးမှူးတာဟန်းက တာဝန်ယူထားရ



တယ်... တကယ်လို့ မင်းတို့သုံးယောက်ကထွက်ပြေးမယ်ဆိုရင် ငွေသုံးသောင်းလည်းဆုံးမယ်... ငါတို့နှစ်ယောက်လည်း အဖမ်းခံရမယ်"

ယန်းကျိုကွေက အရက်အားတစ်ငုံမော့သောက်ကာ ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားတို့ အခုလိုကူညီတာ ကျုပ်တို့သုံးယောက်က ကျေးဇူးတင်ပါတယ်... ခင်ဗျားတို့ဒုက္ခရောက်အောင်လည်း ထွက်မပြေးပါဘူး... ဒါပေမယ့် အဲ့ဒီစိန်တုံးကို ဘယ်လိုလုပ်ပြန်ရှာတွေ့တော့မှာလဲဗျာ"

သူ့အသံမှာ စိတ်ပျက်လက်ပျက်ဖြစ်နေ၏။ လွီဖုံးရှန်က ပြုံးလိုက်၏။

"အဲ့ဒီအတွက် မပူပါနဲ့... ငါတာဝန်ထားပါ... ဒါပေမယ့် ငါတစ်ယောက်တည်းနဲ့ ဒီဒုစရိုက်သမားတွေကို မယှဉ်နိုင်သေးဘူး... ငါတို့အားလုံးပေါင်းလိုက်ရင်တော့ သူတို့ကိုမနိုင်စရာ မရှိတော့ပါဘူး"

သခင်လေးစုံက....

"ငါတို့တတ်ထားတဲ့ပညာက သိုင်းလောထဲဝင်ဖို့...."

သူ့စကားမဆုံးမီ လွီဖုံးရှန်က လက်ကာပြလိုက်၏။

"ဒီလိုမပြောပါနဲ့... မင်းတို့မှာထူးချွန်တဲ့ပညာတွေ တစ်ယောက်တစ်မျိုးရှိပါတယ်... အဲ့ဒါတွေကိုတိုင်းပြည်နဲ့လူမျိုးအတွက် အသုံးမပြုရင် ဘယ်နေရာမှာသုံးမလဲ"

ယန်းကျိုကွေတို့သုံးယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်၏။

လုကျောင်းက....

"တစ်လအတွင်း ဖြစ်နိုင်ပါ့မလား"

လွီဖုံးရှန်က....

"ဟော့... မဖြစ်နိုင်စရာမရှိဘူး... ငါတို့ဉာဏ်သုံးရမယ်... လျှင်မြန်ဖျတ်လတ်ရမယ်... မနက်ဖြန် ငါတို့အားလုံး ကျန်ရှန်းမြို့ကိုသွားကြမယ်"

သူကပြောပြီး အိမ်ထဲမှထွက်ခွာသွားလေတော့သည်။

လွီဖုံးရှန်သည် အိမ်ထဲမှထွက်ခွာသွားပြီဖြစ်၏။ယန်းကျိုကွေ့တို့လူစုမှာငိုင်ကာ ကျန်ရစ်ခဲ့၏။

အတန်ကြာမှ ရှင်းယုံက....

"လွီဖုံးရှန် ပြောသွားတဲ့စကားတွေက ရှင်တို့အတွက် အားတက်စရာပဲ... အဲ့ဒါ... ရှင်တို့ ဘာဖြစ်လို့ငိုင်တွေနေကြတာလဲ"

ယန်းကျိုကွေ့က ရှင်းယုံအား လှည့်ကြည့်လိုက်၏။

ပြီးမှ သက်ပြင်းတစ်ချက်ချကာ....

"သူက ငါတို့ကိုလွတ်မြောက်အောင်ကြံစည်ပေးတာ ကျေးဇူးတင်ပါတယ်... ဒါပေမယ့် စိန်တုံးခိုးတဲ့အဖွဲ့ကိုရအောင် ဖော်ထုတ်မယ်လို့ ကတိပေးတာတော့ စဉ်းစားလို့မရဘူး... သူက ဘယ်လောက်များ စွမ်းဆောင်နိုင်မှာလဲ"

လုကျောင်းက လက်ထဲမှဂျင်အား လှည့်ကာ....

"အို... အဲ့ဒီအဖွဲ့ကိုမမိဘဲ တစ်လပြည့်သွားတော့လည်း အချုပ်ခန်းထဲ ပြန်ဝင်နေလိုက်ကြတာပေါ့ကွာ... ဘာပဲဖြစ်ဖြစ် တစ်လလောက် အပြင်မှာလွတ်လွတ်လပ်လပ်နေရတာ ကျေနပ်စရာပါပဲ"

သခင်လေးစုံက နှာခေါင်းရှုံ့ကာ....

"အဲ့ဒီတစ်လအတွင်းမှာ သချိုင်းကို ဘယ်နှစ်ခါမျက်စောင်း



ထိုးနေရမှာလဲဆိုတာ ထည့်တွက်ပါဦး"

လုကျောင်းက....

"ဖြစ်လာတော့လည်း ရင်ဆိုင်ကြတာပေါ့ကွာ... မင်းကကြောက်လို့လား... ပျော်စရာကောင်းပါတယ်ကွာ"

သခင်လေးစုံ၏မျက်နှာနီရဲသွား၏။

သူသည် သိုင်းပညာတတ်သော်လည်း တိုက်ခိုက်ရသည်ကို စိတ်မပါပေ။ သိုင်းလောကထဲဝင်ရန်လည်း စိတ်ကူးမရှိပေ။

ရှင်းယုံက....

"ကျွန်မလည်း ရှင်တို့နဲ့လိုက်မှာနော်"

လုကျောင်းက....

"နင်က ဘာလိုက်လုပ်မှာလဲ"

ရှင်းယုံက....

"ဒီမှာထိုင်ပြီး ရန်သူကိုစောင့်နေရမယ့်အစား ရှင်တို့နဲ့လိုက်တာ ပိုလုံခြုံမှုရှိတာပေါ့"

လုကျောင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။ လီလီက သခင်လေးစုံ၏လက်မောင်းအား ဖက်တွယ်ကာ....

"ကျွန်မလည်း အစ်ကိုနဲ့လိုက်မှာနော်"

သခင်လေးစုံက မျက်နှာရှုံ့မဲ့ကာ....

"အေးပါကွာ... လိုက်ပါ"

ကျင်းစုက ယန်းကျိုကွေ့အား ကြည့်လိုက်၏။

ယန်းကျိုကွေ့က မျက်လုံးပြူးကာ....

"နင်မနေခဲ့ဘူး မဟုတ်လား"

ကျင်းစုက ပြုံးကာ....

"ဟုတ်တယ်"

ယန်းကျိုကွေက....

"ကောင်းပြီ... ငါ့အရက်အိုးတော့ ဝိုင်းသယ်ပေးရမယ်နော်"

ကျင်းစုက ပြုံးကာ မျက်စောင်းထိုးလိုက်လေတော့သည်။

နောက်တစ်နေ့နံနက်....။

လှီဖုံးရှန်သည် ယန်းကျိုကွေတို့အားလုံးအား ဦးဆောင်ကာ အစီအစဉ်ချမှတ်လိုက်၏။

ရှင်းယုံ၊ ကျင်းစုနှင့်လီလီအား ကြိုက်နှစ်သက်ရာနေရာတွင် တည်းခိုစေပြီး နယ်လှည့်ဈေးထည်များအသွင် ပြောင်းလဲလိုက်၏။

မိန်းကလေးသုံးယောက်မှာ အဝတ်အထည်များ၊ အလှကုန်ပစ္စည်းများရောင်းကာ တစ်ဘက်တစ်လမ်းမှဝင်ငွေရှာဖွေကြ၏။

သူတို့သည် တစ်နေကုန် လှုစုခွဲကာ သတင်းစုံစမ်းကြ၏။ ညပိုင်းတွင် ချိန်းဆိုထားသည့်နေရာသို့အားလုံး စုရုံးတွေ့ဆုံကြ၏။

လုကျောင်းသည် လောင်းကစားဝိုင်းများတွင် အချိန်ကုန်နေသော်လည်း ချိန်းဆိုထားသည့်အချိန်တွင် ရောက်အောင်လာတတ်၏။

ယခု လှီဖုံးရှန်သည် သေးငယ်ချောင်ကျသည့် မထင်မရှားအရက်ဆိုင်တစ်ခု၏ အတွင်းခန်းထဲသို့ လှမ်းဝင်လိုက်၏။

အခန်းထဲတွင် ယန်းကျိုကွေ အရက်ထိုင်သောက်နေ၏။ မကြာမီ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကာ လူစုံသွား၏။

လှီဖုံးရှန်သည် သူသိထားသောအကြောင်းအရာများကို ပြောပြ၏။ ကျန်လူများကလည်း ကိုယ်သိထားသမျှကိုပြောကြ၏။

လှီဖုံးရှန်က သခင်လေးစုံအား ကြည့်ကာ....



"နတ်မိမယ်တလျှံရဲ့သတင်းစုံစမ်းတာ ဘာထူးလဲ"

သခင်လေးစုံက....

"နတ်မိမယ်တလျှံက လွန်ခဲ့တဲ့နှစ်က ဖိမာဆိုတဲ့လူလိမ်လူညာနဲ့ အတူနေခဲ့တယ်လို့သိရတယ်... ဒါပေမယ့် လင်မယားတော့ မဟုတ်ဘူး... ဖိမာက နတ်မိမယ်ရဲ့ ရွှေငွေတွေကို သုံးဖြုန်းပြီး ခွာသွားတယ်လို့သိရတာပဲ"

လှီဖုံးရှန်က....

"ဒါဖြင့်... နတ်မိမယ်တလျှံနဲ့ဖိမာက ရင်းနှီးတယ်ပေါ့... ဒါပေမယ့် တလျှံကို ဖိမာကိုသတ်ပြီး စိန်တုံးကြီးယူသွားတယ်... ဖိမာကို ဘယ်သူကသတ်ပြီး စိန်တုံးယူသွားလဲဆိုတာပဲသိဖို့ လိုတော့တယ်... ဖိမာက ဒီမြို့မှာအနေများတယ်ဆိုတော့ ဖိမာနဲ့ပတ်သက်တဲ့ သတင်းကို ခြေရာခံဖို့ လွယ်သွားပြီ... ပါးနပ်ဖို့ပဲလိုတယ်"

သူကပြောရင်း ယန်းကျိုကွေတို့လူစုအား ဝေ့ကြည့်လိုက်၏။

"မင်းတို့အနေနဲ့ပြောင်ပြောင်တင်းတင်း လှုပ်ရှားဖို့တော့ မရဘူး... ဒီသတင်းကို မင်းတို့စုံစမ်းနေတာတွေ့တာနဲ့ လူသတ်သမားက မင်းတို့ကိုဦးတည်လာလိမ့်မယ်... ဒီတော့ ငါပဲ ကိုယ်တိုင်စုံစမ်းတော့မယ်"

သူတို့သည် စားသောက်ပြီး လူစုခွဲလိုက်လေတော့သည်။

## လိပ်ပြာဂေဟာ

လွှိဖုံးရှန်သည် အစိမ်းရောင်ဝတ်စုံကိုကျနသေသပ်စွာ ဝတ်ဆင်ထား၏။ သူ့ပုံဟန်မှာ သူဌေးသားတစ်ယောက်အသွင်ဖြစ်၏။

သူသည် ကျန်ရှန်းမြို့တွင် အလွန်ကျော်ကြားသည့်စားသောက်ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

ထိုင်ဆိုင်မှာ ကျန်ရှန်းမြို့တွင်အကျော်ကြားဆုံးနေရာတစ်ခုဖြစ်၏။ အရက်နှင့်စားသောက်ဖွယ်ရာများ ကောင်း၍လော။

မဟုတ်ပါ။ ထိုဆိုင်တွင် လောင်းကစားဝိုင်းများထောင်ထားသည့်အပြင် မိန်းကလေးများနှင့်လည်း တွေ့ဆုံခွင့်ရနိုင်သောကြောင့်ဖြစ်၏။ ထိုစားသောက်ဆိုင်၏အမည်မှာ 'လိပ်ပြာဂေဟာ'ဖြစ်၏။

လိပ်ပြာဂေဟာသည် နေ့ကောညပါ စည်ကားလှ၏။

ထိုဆိုင်၏ကြေးစားမိန်းကလေးများမှာ အလွန်လှပချောမောပြီး ဆွဲဆောင်နိုင်စွမ်းသဖြင့် ယောကျ်ားသား တော်တော်များများက ထိုဆိုင်ကို သဘောကျကြ၏။

လွှိဖုံးရှန်သည် လူလိမ်လူညာဒုစရိုက်သမားများပါ ကျက်စားသော လိပ်ပြာဂေဟာထဲသို့ လှမ်းဝင်လိုက်သည်နှင့် မိန်းကလေးတစ်ဦးက ပြုံးပြ၏။



ထိုမိန်းကလေးမှာ ညော့်ကြိုမိန်းကလေးမဟုတ်ပါ။ လိပ်ပြာမယ်တစ်ယောက် ဖြစ်၏။ သူမသည် ပျော်ပါးမည့်ယောကျ်ားအားပြုစုရန် စောင့်ကြိုနေသော လိပ်ပြာမယ်ဖြစ်၏။

မိန်းကလေးမှာ ရုပ်ရည်သန့်ပြန့်ချောမော၏။ ကိုယ်လုံးကိုယ်ပေါက်မှာလည်း စွဲမက်ဖွယ်ကောင်းလှ၏။

လွှိဖုံးရှန်က အလိုက်မထိုက် ပြန်ပြုံးပြလိုက်၏။ ထိုအခါ မိန်းကလေးမှာ စားပွဲဆီသို့ရောက်လာ၏။

"အစ်ကိုက ညော့်သည်အသစ်ထင်တယ်... ကျွန်မ ဒီကိုလာတာ တစ်ခါမှမတွေ့ဖူးဘူး"

လွှိဖုံးရှန်က ပြုံးကာ....

"ဟုတ်တယ်... အစ်ကိုက လူတစ်ယောက်ကိုချိန်းထားလို့လာတာ... ဒီရောက်တော့ ဘယ်လိုရှာရမှန်းမသိဘူး"

မိန်းကလေးက....

"ဘယ်သူလဲ အစ်ကိုရဲ့...."

လွှိဖုံးရှန်က....

"ဖိမာဆိုတဲ့မြင်းကုန်သည်ပေါ့"

မိန်းကလေးက မျက်မှောင်ကုတ်၍....

"အိုး... ဒီလူ့ကို ကျွန်မသိသလိုပဲရှင့်"

လွှိဖုံးရှန်က ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းကာ....

"ဟုတ်လား... သေသေချာချာ စဉ်းစားကြည့်ပါဦး"

သူက ဖိမာနေထိုင်ခဲ့သောနေရာကိုသိလို၍ အစ်အောက်မေးနေခြင်းဖြစ်၏။

မိန်းကလေးက မျက်လုံးကိုလှပစွာ ဝင့်ကြည့်ကာ....

"အစ်ကိုကလည်း ရုတ်တရက် ဘယ်လိုလုပ်စဉ်းစားလို့ထွက်

မှာလဲ… ကျွန်မအခန်းမှာ အရက်သောက်ပြီး အေးအေးဆေးဆေး စဉ်းစားကြတာ ပိုမကောင်းဘူးလား"

လှိုဖုံးရှန်က မိန်းကလေး၏ဆိုလိုရင်းကို နားလည်လိုက်၏။

"သိပ်ကောင်းတာပေါ့ကွာ"

သူက မိန်းကလေး၏အခန်းသို့ လိုက်သွားလေတော့သည်။

လိပ်ပြာဂေဟာမှာ ကျော်ကြားလောက်ပေသည်။

မိန်းကလေး၏အခန်းသည် ကျယ်ဝန်းပြီး လုံခြုံကာ လွတ်လပ်လှ၏။ မိန်းကလေးက အခန်းထဲမှမောင်းကလေးအား ထုလိုက်၏။ မိန်းကလေးတစ်ယောက် လှမ်းဝင်လာ၏။

လိပ်ပြာမယ်က….

"အစ်ကို ဘာစားမလဲ"

လှိုဖုံးရှန်က….

"ညီမကြိုက်တာသာ မှာပါ"

လိပ်ပြာမယ်က….

"ညီမလေး… ဝါဝါအတွက် အရက်နှစ်အိုးနဲ့ ဘဲကင်ယူခဲ့ပါကွယ်"

မိန်းကလေး ထွက်သွား၏။ ထိုလိပ်ပြာမယ်၏အမည်မှာ ဝါဝါဖြစ်မှန်း သိလိုက်၏။

လှိုဖုံးရှန်သည် ဝါဝါအားမေးပြီး အိမ်သာသို့ထွက်လာခဲ့၏။

ထိုအခါ စင်္ကြံလမ်းတစ်လျှောက်တွင် ဝါဝါကဲ့သို့လိပ်ပြာမယ်များ၏ သီးသန့်ခန်း(၅)ခန်းခန့်ကို တွေ့လိုက်ရ၏။



အချို့အခန်းမှာ တံခါးပိတ်ထား၏။ အချို့အခန်းမှာ နှစ်ယောက်တည်းသာရှိသကဲ့သို့ တံခါးမပိတ်ဘဲ ချစ်တင်းနှောနေကြ၏။

လှိုဖုံးရှန်သည် မျက်စိကို လျင်လျင်ထားကာ အဝင်အထွက်လမ်းများကို မှတ်သားလာ၏။ သူက ဝါဝါ၏အခန်းသို့ ပြန်ရောက်လာသောအခါ ဝါဝါ၏ပုံသဏ္ဌာန်မှာ ပြောင်းလဲနေ၏။

သူမသည် ခြံထည်တစ်ခုအား ရစ်ပတ်ခြုံထား၏။ ခြုံထည်အောက်မှစွဲမက်ဖွယ် အသားစိုင်များကို တွေ့နေရ၏။ လှိုဖုံးရှန်သည် တံခါးအား လုံခြုံစွာ ဆွဲပိတ်ကာ ကုလားထိုင်တွင်ဝင်ထိုင်လိုက်၏။

ဝါဝါက သူ့အတွက် အရက်ငှဲ့ပေးလိုက်၏။ လှိုဖုံးရှန်က အနည်းငယ် သောက်လိုက်၏။ ဝါဝါမှာ အရက်အတော်များများ သောက်ထားဟန်ဖြင့် မျက်နှာနှင့်နှုတ်ခမ်းမှာ နီစွေးနေ၏။

ဝါဝါက ထိုင်ရာမှထကာ လှိုဖုံးရှန်၏နောက်ကျောအား အသားချင်းထိအောင် သိုင်းဖက်လိုက်၏။

လှိုဖုံးရှန်က မသိမသာ သက်ပြင်းချလိုက်၏။

.သူသည် မေတ္တာမပါဘဲ ဝမ်းရေးအတွက်ကြောင့် အသွေးအသားကို ခံစားမှုကင်းမဲ့စွာ ပေးအပ်နေကြသော ထိုမိန်းကလေးမျိုးကို သနားစိတ်ဖြစ်မိသည်မှလွဲ၍ လုံးဝစိတ်မပါပေ။

"ဝါဝါ…"

"အင်း…"

ဝါဝါမှာ အနည်းငယ်မူးနေပြီဖြစ်၏။

လှိုဖုံးရှန်က….

"အစ်ကိုက ဘယ်လောက်ပေးရမလဲ"

"တစ်ရာထဲပါ အစ်ကိုရယ်"

လှိုဖုံးရှန်က အိတ်ထဲမှငွေတစ်ရာထုတ်ပေးလိုက်၏။ ဝါဝါက

သူမ၏ဝတ္တရားအတိုင်း ခြုံထည်ကိုဖြည်လိုက်၏။ လွီဖုံးရှန်သည် သူမ၏လက်အားဖြုတ်ကာ ခြုံထည်ကိုပြန်ခြုံ ပေးလိုက်၏။

"အစ်ကို အချိန်မရှိဘူးကွ..., ငွေကိုတော့ ယူထားပါ"

ဝါဝါက စိတ်မဆိုးပါ။ သူမ မျက်နှာပြုံးရွှင်သွား၏။ သူမက မပင်မပန်း ငွေတစ်ရာရလိုက်သည်မဟုတ်ပါလား။

"ကျေးဇူးတင်ပါတယ် အစ်ကို"

"ကျေးဇူးတင်ရင် အစ်ကို့ကိစ္စကိုပြောပါဦး"

ဝါဝါက ပြုံးကာ....

"သြော်... ဟုတ်သားပဲ... ဖိမာက အရှေ့ပိုင်းက အရက်သမား ဘဘကုန်းနဲ့အတူနေတာရှင့်"

"ကျေးဇူးပါပဲ ညီမရယ်"

ဝါဝါက သူ့လက်မောင်းအား တစ်ချက်ဖက်တွယ်ကာ....

"အစ်ကိုကိစ္စပြီးရင် ပြန်လာဦးမလား"

"အချိန်ရရင်တော့ လာခဲ့ပါ့မယ်"

လွီဖုံးရှန်က နှစ်သိမ့်စကားပြောကာ လိပ်ပြာဂေဟာမှ ထွက်လာခဲ့လေတော့သည်။

တစ်နေရာတွင် သူ့အား မျက်လုံးတစ်စုံက စောင့်ကြည့်နေသည်ကိုမူ သတိမထားမိပါချေ။

လွီဖုံးရှန်သည် ကျန်ရှန်းမြို့၏အရှေ့ပိုင်းသို့ ထွက်ခဲ့၏။

ထိုအရှေ့ပိုင်းတွင် လက်လုပ်လက်စားများ အများဆုံးနေထိုင်၏။



လွီဖုံးရှန်သည် တစ်လမ်းဝင်တစ်လမ်းထွက်စုံစမ်းရာ တတိယမြောက်လမ်းတွင် ဘဘကုန်း၏အိမ်အား တွေ့ရ၏။

သို့သော် ဘဘကုန်းအား မတွေ့ရပါ။ အသက်(၂၀)ကျော်ခန့် မိန်းကလေးတစ်ယောက်ကိုသာ တွေ့လိုက်ရ၏။

"ညီမရေ... ဘဘကုန်းအိမ်က ဒီအိမ်လား"

မိန်းကလေးက ခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... ဘဘကုန်းတော့ မရှိဘူးရှင့်... ဘာကိစ္စရှိလို့လဲ... အထဲဝင်ပြီး ခဏစောင့်ပါလား"

လွီဖုံးရှန်က အနည်းငယ် စဉ်းစားလိုက်၏။

"ကျုပ်က ဖိမာဆိုတဲ့မြင်းကုန်သည်နဲ့ တွေ့ချင်လို့ပါ"

ထိုစဉ် အခန်းထဲမှလူတစ်ယောက်ထွက်လာ၏။ ထိုလူ၏မျက်ခုံးပေါ်တွင် ဓားဒဏ်ရာအမာရွတ်ရှိနေ၏။

"ဝင်ခဲ့ပါ မိတ်ဆွေ"

လွီဖုံးရှန်က အခန်းထဲသို့လှမ်းဝင်လိုက်၏။ အမာရွတ်နှင့်လူက ထိုင်ခုံတွင်ထိုင်ကာ လွီဖုံးရှန်အား ခြေဆုံးခေါင်းဆုံး ကြည့်လိုက်၏။

"ထိုင်ပါ မိတ်ဆွေ"

လွီဖုံးရှန်သည် ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ဧည့်ခန်းမှာ အလင်းရောင်နည်းလှ၏။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေ၏။

အမာရွတ်နှင့်လူက....

"ဖိမာက ဒီမှာမရှိဘူးဗျ"

လွီဖုံးရှန်က....

"အရင်က ဒီမှာနေဖူးလို့လား"

အမာရွက်နှင့်လူက....

"ဟုတ်ကဲ့... ဘဘကုန်းနဲ့အတူနေခဲ့ဖူးပါတယ်... မိတ်ဆွေ

က ဘာကိစ္စနဲ့တွေ့ချင်ရတာလဲ"

လှိုင်ဖုံးရှန်က....

"ကျွန်တော်က သူနဲ့ကိစ္စတစ်ခုရှိလို့ ချိန်းထားတာပါ... ဖိမာက...."

"ခွပ်...."

သူ၏စကားမဆုံးသေးပါ။ သူ့နောက်ဘက်မှ တစ်စုံတစ်ခုလှုပ်ရှားပုံကိုရိပ်ခနဲ မြင်လိုက်ရ၏။

သို့သော် လှည့်ကြည့်ရန် သူ အနည်းငယ် နောက်ကျသွား၏။

သူ့ဦးခေါင်းတစ်ခုလုံး ပူခနဲ ခံစားရကာ သတိမေ့သွားလေတော့သည်။

---

လှိုင်ဖုံးရှန် ပြန်သတိရလာ၏။

သို့သော် သူ့မျက်လုံးအပြင်မှာ ရီဝေနေပြီး ဦးခေါင်းမှာလည်း အနည်းငယ် မူးဝေနေ၏။

မျက်လုံးရှေ့မှ မီးရောင်မှာ စူးရှလွန်းသဖြင့် သူက မျက်လုံးကို အနည်းငယ်သာဖွင့်ပြီး ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။

သူသည် ကုလားထိုင်တစ်လုံးတွင်ထိုင်လျက် သံမဏိကြိုးဖြင့် အတုပ်ခံထားရ၏။ ဖမ်းဆီးထားပုံမှာ သေသပ်ပိရိလှ၏။

သူ့အား ဖမ်းဆီးထားသူမှာ စနစ်တကျ ဖွဲ့စည်းထားသော ဒုစရိုက်အဖွဲ့အစည်းမှဖြစ်သည်ကို သူက သံသယမရှိပါ။

သူက မည်သည့်နေရာသို့ရောက်နေသည်ကို မခန့်မှန်းနိုင်ပါ။

မီးအလင်းရောင်အား တဖြည်းဖြည်းကျင့်သားရလာသော



အခါ သူက ပတ်ဝန်းကျင်အား ကောင်းစွာ မြင်လိုက်ရ၏။

သူ့ရှေ့တွင် လူနှစ်ယောက်ရပ်၏။ ထိုနှစ်ယောက်မှာ လူကောင်းများမဖြစ်နိုင်ဟု တွေးမိ၏။ လှိုင်ဖုံးရှန်က ပြန်စဉ်းစားလိုက်၏။

သူက ဖိမာအား စုံစမ်းရာတွင် ယခုကဲ့သို့ အဖမ်းခံလိုက်ရသဖြင့် ထိုလူများမှာ ဖိမာအားသတ်သူများပင် ဖြစ်ပေမည်။

သူ မျက်လုံးကောင်းစွာပွင့်သည်နှင့်....

"မင်းနာမည် ဘယ်သူလဲ"

လှိုင်ဖုံးရှန်က မေးသူအား ကြည့်လိုက်၏။ အရက်သမား ဘာကုန်းအိမ်တွင်တွေ့ခဲ့ရသော အမာရွတ်နှင့်လူ ဖြစ်၏။

လှိုင်ဖုံးရှန်က အမှန်အတိုင်းပင် ပြောလိုက်၏။

"လှိုင်ဖုံးရှန်...."

အမာရွတ်နှင့်လူက....

"ဘယ်ကလဲ"

"ချန်အန်းမြို့က...."

"ဘာလာလုပ်တာလဲ"

လှိုင်ဖုံးရှန်က အမာရွတ်နှင့်လူအား မော့ကြည့်ကာ....

"ဖိမာကိုလာရှာတယ်ဆိုတာ ခင်ဗျားသိတာပဲ... ဘာကြောင့် အခုလိုလုပ်ရတာလဲ"

ထိုစဉ် ခန္ဓာကိုယ်ထွားကျိုင်းသော လူတစ်ယောက်ဝင်လာ၏။ ထိုလူမှာ သိုင်းပညာအဆင့်မနိမ့်မှန်း လှိုင်ဖုံးရှန်က အကဲခတ်မိ၏။

ထိုလူ၏ဘယ်ဘက်လက်မောင်းတွင် သံမဏိပြားတစ်ခုပတ်ထား၏။ လက်မောင်း၏ကြွက်သားများမှာ အမြောင်းမြောင်းထနေ၏။

ထိုလူက အမာရွက်နှင့်လူအား ကြည့်ကာ....

"ဘာဖြစ်တာလဲ ခွေးကြီး"

အမာရွက်နှင့်ခွေးကြီးဆိုသူက....

"သူက ဘဘကုန်းမှာ ဖိမာကိုလာရှာလို့ပါ ဆရာဖိန်းကို"

ဖိန်းဆိုဆိုသူက လွီဖုံးရှန်အားကြည့်ကာ ခွေးကြီးမေးသကဲ့သို့မေး၏။ လွီဖုံးရှန်ကလည်း ခွေးကြီးအားဖြေသကဲ့သို့ဖြေလိုက်၏။

ဖိန်းကိုက လွီဖုံးရှန်၏မျက်နှာအား တည့်တည့်စိုက်ကြည့်ကာ....

"မင်းက ဖိမာနဲ့ဘယ်လိုပတ်သက်သလဲ"

လွီဖုံးရှန်က....

"သူ့မိတ်ဆွေပါ... သူက မြင်းကောင်းရှိလို့ လိုချင်ရင် ကျန်ရှန်းမြို့ကိုလာခဲ့ပါလို့ ဖိတ်ထားလို့လာတာပါ"

ဖိန်းကိုက အနည်းငယ်စဉ်းစားကာ....

"ဘယ်တုန်းက မှာတာလဲ"

လွီဖုံးရှန်က တုံ့ဆိုင်းမနေဘဲ....

"လွန်ခဲ့တဲ့(၃)ရက်ကပါ"

ဖိန်းကိုက နှုတ်ခမ်းအား ပွတ်ကာစဉ်းစားနေ၏။ ထို့နောက် ဘာစဉ်းစားမိသည်မသိပေ။ သူ့လူများအားခေါ်ကာ အခန်းထဲမှထွက်ခွာသွား၏။

လွီဖုံးရှန်က သက်ပြင်းတစ်ချက်ချလိုက်၏။ သူ့အခြေအနေမှာ မဟန်မှန်း နားလည်လိုက်၏။

ဖိမာအား သတ်လိုက်သူများသည် ဖိမာအားလာရှာသူအား အလွတ်ပေးနိုင်လိမ့်မည်မဟုတ်မှန်း နားလည်လိုက်လေတော့သည်။



ကျန်ရှန်းမြို့တွင် သူဌေးကြီးကျန်ဂူးတောက်သည် ဩဇာအရှိန်အဝါကြီးမားလှ၏။

ငွေကြေးချမ်းသာကြွယ်ဝသဖြင့် လက်ညှိုးညွှန်ရာရေဖြစ်နေသောလူတစ်ယောက် ဖြစ်၏။ သို့သော် ကျန်ဂူးတောက်အား အကြောင်းမသိသူများက အထင်ကြီးကြခြင်းဖြစ်၏။

လွန်ခဲ့သော(၁၀)နှစ်က ကျန်ဂူးတောက်အား သိသူဆိုလျှင် သူဌေးကြီးကျန်ဂူးတောက်အား အထင်ကြီးမည်မဟုတ်ပေ။

ကျန်ဂူးတောက်မှာ လွန်ခဲ့သော(၁၀)နှစ်ခန့်က အလွန်ဆိုးသွမ်းသော ထောင်ထွက်ကြီးဖြစ်ပြီး ငွေတစ်ပြားမှမရှိပေ။

သူ့အား လူတစ်ယောက်က ချီးမြှင့်မြှောက်စားထားသဖြင့် ယခုကဲ့သို့ သူဌေးကြီးတစ်ဦးသဖွယ် နေထိုင်ရခြင်းဖြစ်၏။

သူ့အား ကယ်တင်သူမှာ မည်သူမှန်း သူ မသိပေ။ အသံသာကြားဖူးပြီး လူကိုမတွေ့မြင်ဖူးချေ။ ထို့ကြောင့်'တန်ခိုးရှင်'ဟုသာ ခေါ်ကြ၏။ ထိုတန်ခိုးရှင်မှာ ကျုံကွမ်းမြို့တွင်ရှိ၏။

သို့သော် တန်ခိုးရှင်၏ဂေဟာ မည်သည့်နေရာတွင်ရှိမှန်း မည်သူမှမသိကြပေ။ ကျန်ဂူးတောက်သည် တန်ခိုးရှင်ခိုင်းစေသည့်ကိစ္စမှန်သမျှအား အစွမ်းကုန်ဆောင်ရွက်ပေး၏။

တန်ခိုးရှင်က သူ့အား တစ်နှစ်လျှင် ငွေငါးသိန်းပေးရမည်ဟုဆိုလျှင် သူက ထိုငွေကိုမဖြစ်ဖြစ်အောင် ကြံဆောင်ကာပေးရ၏။

သူက ရတနာရောင်းဝယ်မှုကိုဟန်ပြကာ တပည့်များမွေး

ထား၏။

ထိုတပည့်များက သူလိုသောငွေကိုဝိုင်းဝန်းရှာပေးသူများဖြစ်၏။ တစ်နည်းအားဖြင့် ခါးပြတိုက်လုယက်ပေးသူများဖြစ်၏။

ယနေ့ ကျန်ဝူးတောက်သည် ကျုံကွမ်းမြို့သို့ခရီးထွက်လာခဲ့လေတော့သည်။

ကျန်ဝူးတောက်၏ မြင်းနှစ်ကောင်တပ်ထားသော မြင်းလှည်းသည် ကျုံကွမ်းမြို့သို့ချောချောမောမောပင် ဆိုက်ရောက်လာ၏။

ကျုံကွမ်းမြို့သို့ရောက်လျှင် ကျန်ဝူးတောက်အတွက် လျှို့ဝှက်နားနေစရာအိမ်ရှိ၏။ သူက ထိုအိမ်အား အမျိုးသမီးတစ်ယောက်အတွက် လျှို့ဝှက်စွာ ဝယ်ပေးထား၏။

သူက ထိုအကြောင်းကိုပင် တန်ခိုးရှင်အား မပြောထားခဲ့ပါ။

ထိုအမျိုးသမီးမှာ ကျန်ဝူးတောက်၏တိတ်တဆိတ် ယူထားသော မယားငယ်ပင်ဖြစ်၏။ ကျန်ဝူးထောက်သည် မိန်းမကိစ္စတွင် အလွန်ဝါသနာကြီးသူ ဖြစ်၏။

သို့သော် မည်သည့်မိန်းမကိုမှ စွဲစွဲလန်းလန်း မဖြစ်ပေ။ ယခု ကျုံကွမ်းမြို့မှာ အမျိုးသမီးမှာ လန်ဟွား ဖြစ်၏။

လန်ဟွားသည် အသက်(၃၀)ခန့်ရှိပြီဖြစ်၏။

သူမသည် ရုပ်ရည်ချောမောသည့်အပြင် ကိုယ်လုံးကိုယ်ထည်မှာလည်း ဖွံ့ထွားကာ ကျော့ရှင်းလှပ၏။ ကျန်ဝူးတောက်ယူထားသည့် မိန်းမများထဲတွင် အလှဆုံးဖြစ်၏။

သို့သော် ကျန်ဝူးတောက်သည် သူမကိုလည်း နှစ်နှစ်ကာ



ကာမရှိပေ။ လန်ဟွားမှာမူ ကျန်ဝူးတောက်အား အလွန်ချစ်ခင်စွဲလန်း၏။

ကျန်ဝူးထောက်ထားသည့်နေရာတွင်နေကာ ရောက်လာလျှင် အလွန်ပျော်ရွှင်နေတတ်၏။ ကျန်ဝူးတောက်အတွက် အလွန်သစ္စာရှိသော အမျိုးသမီးပင်ဖြစ်၏။

ကျန်ဝူးတောက်သည် သူ၏မြင်းရထားနှင့် ကိုယ်ရံတော်လေးယောက်အား 'ရွှေခရု'စားသောက်ဆိုင်တွင် တည်းခိုရန်ထားခဲ့၏။

ထို့နောက် တစ်နေ့တာ ပျော်ရွှင်ချမ်းမြေ့စွာနေနိုင်ရန် လန်ဟွားထံသို့ထွက်လာခဲ့၏။ သူ့အား တွေ့မြင်လိုက်သည်နှင့် လန်ဟွားမှာ ပျော်ရွှင်သွား၏။

"အစ်ကိုကြီး… ရောက်လာပြီ… ကျွန်မဆီမလာတာ နှစ်လတောင်ကျော်နေပြီ… မေ့နေပြီမဟုတ်လား"

ကျန်ဝူးတောက်က….

"ငါ အလုပ်တွေရှုပ်နေလို့ပါကွာ… ငါမလာပေမယ့် မင်းကို အစစအရာရာ ပြည့်စုံအောင် စီမံပေးထားတယ်မဟုတ်လား"

လန်ဟွားက….

"ပြည့်စုံတာတော့ ဟုတ်ပါတယ်… ဒါပေမယ့် ကျွန်မက အဲ့ဒါတွေထက် အစ်ကိုကြီးကိုပဲ ပိုလိုချင်တာပေါ့"

"ကောင်းပါပြီကွာ… နောက်တော့ တို့အေးအေးဆေးဆေး နေရတော့မှာပါ"

ကျန်ဝူးတောက်သည် လန်ဟွားအာ တခြားစကားသာပြော ပြီး အလုပ်ကိစ္စအကြောင်း လုံးဝမပြောပြပေ။

လန်ဟွားသိထားသည်မှာ ကျန်ဝူးတောက်သည် ကျိုကွဲမ်း မြို့သို့ ရောက်သည့်အခါတိုင်း သူဌေးကြီးရဲလောက်ဟိုနှင့် တွေ့ဆုံစ ကား ပြောတတ်၏။

"အစ်ကိုကြီး မနက်ဖြန် ရဲလောက်ဟိုဆီ သွားဦးမှာလား"

ကျန်ဝူးတောက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... မနက်ဖြန် သူနဲ့သွားတွေ့ရမယ်... အရောင်း အဝယ်ကိစ္စတွေ ဆွေးနွေးတိုင်ပင်ရဦးမယ်"

လန်ဟွားက....

"ရဲလောက်ဟိုက သိပ်သဘောကောင်းတာပဲနော်"

ကျန်ဝူးတောက်က နှာခေါင်းရှုံ့၍....

"မင်းက သူ့အကြောင်းမသိလို့ပါကွာ"

"ဘာဖြစ်လို့လဲ"

ကျန်ဝူးတောက်က....

"သူက လူမဆန်တဲ့လူ... မအေကိုယူထားပြီး မယားပါသမီး ကို ပါထပ်လိုချင်တဲ့လူ... သူ့ရဲ့မယားပါသမီး အိမ်ကထွက်သွားလို့ ပြန်ခေါ်ပေးဖို့ ငါ့ကိုတောင် အကူအညီတောင်းထားတယ်"

လန်ဟွားက အံ့အားသင့်စွာဖြင့်....

"အို... ဟုတ်လား... အဲ့ဒါတွေ ကျွန်မ မသိဘူး"

ကျန်ဝူးတောက်က....

"ဟုတ်တယ်... အဲ့ဒါဘယ်သူမှမသိကြဘူး... ငါက သူ့ကိုစီး ပွားရေးအရသာ ဆက်ဆံနေရတာ... သူ့အကျင့်ကိုမကြိုက်ဘူး... သူ လိုချင်ရင် မိန်းမတွေအများကြီးယူလို့ရတာပဲ... ဘာဖြစ်လို့ မယားပါ



သမီးကိုမှကြံစည်ချင်ရတာလဲ... မိန်းမကပါတဲ့သမီးကို ကိုယ့်သမီးလို့ သဘောထားရမှာပေါ့"

သူ့အသံတွင်ဒေါသသံပါလာသဖြင့် လန်ဟွားက စကားလွှဲ လိုက်၏။

"ကဲပါ အစ်ကိုကြီးရယ်... ကိုယ်နဲ့မဆိုင်တဲ့ ဒီစကားတွေကို ဒေါသအဖြစ်ခံပြီး မပြောပါနဲ့တော့နော်... တခြားစကားပြောကြတာ ပေါ့"

ကျန်ဝူးတောက်က ဘာမှမပြောတော့ဘဲ အရက်အား အရ သာခံကာ သောက်လိုက်၏။

ထို့နောက် လန်ဟွား၏ သေးသွယ်သောခါးအားဖက်ကာ ကုတင်ပေါ်တွင် လှဲချလိုက်၏။ သို့သော် ယနေ့ည လန်ဟွားနှင့်အိပ် ရန် ဆန္ဒမရှိပါ။

အကြောင်းမှာ သူက တန်ခိုးရှင်စေခိုင်းသည့်ကိစ္စကို အောင် မြင်ခဲ့၏။ ထိုအောင်မြင်မှုအတွက် တန်ခိုးရှင်က မိမိအားပြုစုရန် ရဲ လောက်ဟိုအား တာဝန်ပေးထား၏။

ရဲလောက်ဟိုက မိမိအား ဂုဏ်ပြုညစာနှင့်အတူ အလွန် ချောမောငယ်ရွယ်သော မိန်းမလှလေးများနှင့် ဂုဏ်ပြုမည် မဟုတ်ပါ လား။

ထို့ကြောင့် သူက လန်ဟွားအား ညသန်းခေါင်တွင် ကိစ္စ တစ်ခု ရှိသည်ဟု ပြောထား၏။ လန်ဟွားက သိပ်မကျေနပ်ပေ။

"အစ်ကိုကြီးကလည်း ရောက်တုန်းအေးအေးဆေးဆေး မနေဘူး... ဘယ်ကိုသွားဦးမှာလဲ"

ကျန်ဝူးတောက်က ထိုသို့မေးသည်ကို နည်းနည်းမှမကြိုက် ပေ။

သို့သော် ဒေါသကိုထိန်းကာ....

"ငါ့ကိုယ်ရံတော်တွေကို သန်းခေါင်အချိန်ပြန်လာခဲ့မယ်လို့ ပြောထားတယ်... ကဲ... ငါ အိပ်ချင်ပြီ... ဘာမှထပ်မမေးနဲ့တော့"

သူ့လေသံမာနေသဖြင့် လန်ဟွားက ပါးစပ်မဟရဲတော့ချေ။

လန်ဟွားသည် ကျန်ဝူးတောက်ပူအိုက်ခြင်းမှသက်သာစေရန် ယပ်ခတ်ပေးနေ၏။

ကျန်ဝူးတောက်သည် သူမ၏ရင်ခွင်ထဲတွင် စိတ်ချလက်ချ အိပ်ပျော်နေ၏။

"ဒေါင်... ဒေါင်...."

သန်းခေါင်ယံအုန်းမောင်းခေါက်သံ ထွက်ပေါ်လာ၏။

လန်ဟွားက ကျန်ဝူးတောက်အား အသာအယာ နှိုးလိုက်၏။

"အစ်ကိုကြီး... ထတော့... အချိန်တန်ပြီ"

ကျန်ဝူးတောက်က အိပ်ရာမှလူးလဲထကာ အဝတ်အစားပြင်ဆင်ဝတ်ဆင်လိုက်၏။

ထို့နောက် လန်ဟွား၏နဖူးအား တစ်ချက်နမ်းရှုံ့ကာ....

"မနက်ဖြန်ကျရင် ငါ မင်းနဲ့တစ်နေ့လုံး နေပေးမယ်... ဟုတ်ပြီလား"

သူက လန်ဟွားအား နှုတ်ဆက်ကာ အိမ်ထဲမှထွက်ခွာသွား၏။

သူက လူရှင်းသောလမ်းအတိုင်းသတိထားကာ ရဲလောက်



ဟို၏အိမ်ဂေဟာသို့ ဦးတည်သွားလိုက်၏။

ရဲလောက်ဟို၏ဂေဟာတွင် မီးများ လင်းထိန်နေအောင် ထွန်းညှိထား၏။

သူက ဂေဟာတံခါးဝတွင်ရပ်လိုက်သည်နှင့် တံခါးစောင့်များက ချက်ချင်း ပြေးလာကာ တံခါးဖွင့်ပေးလိုက်၏။

ကျန်ဝူးတောက်သည် ရဲတင်းစွာပင် ရဲလောက်ဟို၏သီးသန့်ခန်းထဲသို့ ဝင်ရောက်လိုက်၏။

ထုံးစံအတိုင်းပင် ရဲလောက်ဟိုက အလွန်တန်ဖိုးကြီးသောအရက်ကိုဇိမ်ခံကာ သောက်နေ၏။

ရဲလောက်ဟိုသည် ကျုံကွမ်းမြို့မှလူများအမြင်တွင် အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီးဖြစ်၏။

သို့သော် တန်ခိုးရှင်၏သြဇာခံဖြစ်သည်ကို ကျန်ဝူးတောက်က ကောင်းစွာသိထား၏။ ထို့ကြောင့် သူက လုံးဝအထင်ကြီးခြင်းမရှိပါ။

ရဲလောက်ဟိုက သူ့အားတွေ့သည်နှင့်....

"ဘယ်သူများလဲလို့ ခင်ဗျားကို... ခင်ဗျား ဒီနေ့ နည်းနည်းနောက်ကျတယ်... ကျုပ် ညဦးပိုင်းကတည်းက စောင့်နေရတာ"

ကျန်ဝူးတောက်က ထိုင်ခုံတွင်ထိုင်ကာ....

"ကျုပ်လည်း ကြိုးစားလာခဲ့တာပဲ... ဒါပေမယ့် လမ်းခရီးဆိုတာ တွက်ဆလို့မရဘူးလေ... နည်းနည်းတော့ နောက်ကျမှာပေါ့"

ရဲလောက်ဟိုက မျက်မှောင်ကုတ်ကာ....

"ဒါနဲ့ သူက ခင်ဗျားကို ဘာကြောင့် ဒီလောက်တွေ့ချင်နေရတာလဲ မသိဘူး... အရေးကြီးကိစ္စရှိလို့လား"

ကျန်ဝူးတောက်က ပြုံးကာ....

"ဟေ့လူ… သူ့စည်းကမ်းကိုဖောက်ရင် ဘာဖြစ်မလဲဆိုတာ မသိဘူးလား… ကိုယ့်ကိုယ်ညွှန်ကြားတဲ့ကိစ္စ ဘယ်သူ့ကိုမှဖွင့်မပြောရဘူးဆိုတာ မေ့နေပြီလား"

ရဲလောက်ဟိုက ကမန်းကတန်း ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်… ဟုတ်တယ်… ကျုပ် မမေးသင့်တာမေးနေမိတယ်… ဒီတစ်ခါတော့ သူက ခင်ဗျားကို သိပ်အရေးပေးတယ်… ခင်ဗျားအတွက် ဘာတွေစီစဉ်ထားသလဲဆိုတာ ပြန်လာတော့ သိရမယ်"

ကျန်ဂူးတောက်က ရယ်မောလိုက်၏။

"ကောင်းတယ်… ဒီကိစ္စအတွက် ကျုပ်လည်း စိတ်ပင်ပန်းနေတယ်… ကျုပ်တို့နှစ်ယောက် ပျော်ပျော်ပါးပါး အနားယူကြတာပေါ့"

ရဲလောက်ဟိုက….

"စိတ်ချပါ… ကဲ… အချိန်နည်းနေပြီ… ခင်ဗျားသွားတော့… သူ စိတ်ဆိုးမှာ ကျုပ် မလိုလားဘူး"

ကျန်ဂူးတောက်က ထိုင်ရာမှထလိုက်၏။

အိမ်ဂေဟာရှေ့တွင် အသင့်ပြင်ထားသောမြင်းလှည်းပေါ်သို့ တက်လိုက်၏။

ထိုအခါ မြင်းလှည်းတွင်အသင့်စောင့်နေသူနှစ်ဦးက သူ၏ မျက်လုံးအား အဝတ်နက်ဖြင့်စည်းလိုက်၏။

မြင်းရထားမှာ ချက်ချင်းပင် မောင်းထွက်သွား၏။

ဤသည်မှာ တန်ခိုးရှင်နှင့်တွေ့ရန် စည်းကမ်းချက်ဖြစ်၏။



မြင်းလှည်းမှာ ကြာကြာမမောင်းရပေ။

မြင်းလှည်းရပ်သွားသည်နှင့် အစောင့်နှစ်ဦးက သူ့အားတွဲယူတစ်ယောက်လက်ထဲထည့်လိုက်၏။

ထိုလူက သူ့အားတွဲကာ တစ်နေရာရှိထိုင်ခုံတစ်လုံးပေါ်သို့ ထိုင်ချပေးလိုက်၏။

ထို့နောက် မျက်နှာမှအဝတ်အား ဖယ်ရှားပေးလိုက်၏။

ထိုနေရာမှာ တံခါးပေါက်တစ်ခုသာရှိသောအလုံခန်းဖြစ်၏။

ကျန်ဂူးတောက်သည် အခန်းထဲတွင် တစ်ယောက်တည်း ထိုင်နေရ၏။

သူက ထိုအခန်းထဲတွင် လုံးဝမလှုပ်ရှားရဲပါ။ လေးဘက်လေးတန်မှ သေစေနိုင်သောလက်နက်များ ထွက်လာနိုင်၏။

သူကိုယ်တိုင်ပင် သူ၏ဂေဟာတံခါးဝ၌ ထိုယန္တရားကိုတပ်ဆင်ထား၏။

ဖိမာသည် သေသွားသည့်တိုင်အောင် သူ့ဂေဟာတံခါးဝမှ လက်နက်များကို သိမသွားပါချေ။

သူက ထိုအခန်းထဲတွင်ထိုင်နေစဉ် နံရံတစ်ခု၏သံဇကာပေါက်မှထူးဆန်းသော တန်ခိုးရှင်၏အသံထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။

"ကိစ္စအဆင်ပြေခဲ့တယ် မဟုတ်လား"

ကျန်ဂူးတောက်က….

"အဆင်ပြေခဲ့ပါတယ်"

"ဒီကိစ္စကို ရဲလောက်ဟိုသိလား"

"လုံးဝမသိပါဘူး"

"ဒီည ရဲလောက်ဟိုဆီလာတာ ဘယ်သူသိသလဲ.. မင်းရဲ့ ကိုယ်ရံတော်တွေ သိလား"

"မသိပါဘူး"

"မင်းက မယားငယ်အိမ်ဝင်ခဲ့သေးတယ် မဟုတ်လား"

ကျန်ဝူးတောက်က အံ့အားသင့်သွား၏။ သူက လန်ဟွား အား လျှို့ဝှက်စွာပင် ထားထား၏။

သို့သော် တန်ခိုးရှင်က သူ ကျုံကွမ်းမြို့သို့ ရောက်ကတည်း က သိနေပုံရ၏။

သူက မညာဝံ့တော့ပေ။

"ဟုတ်ကဲ့... ဝင်ခဲ့ပါတယ်"

"မင်းက ရဲလောက်ဟိုဆီသွားမယ်လို့ ပြောခဲ့သေးလား"

"မပြောခဲ့ပါဘူး... မနက်မှ ရဲလောက်ဟိုကိုသွားတွေ့မယ်လို့ ပဲ ပြောခဲ့တာပါ"

တန်ခိုးရှင်က ခေတ္တတိတ်ဆိတ်နေပြီးမှ....

"မင်း တော်တယ်... မင်း ငွေတစ်သိန်းတိတိ သုံးခွင့်ရှိတယ် ... ဒီည မင်းကိုပြုစုဖို့ ရဲလောက်ဟိုကိုတာဝန်ပေးထားတယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကဲ... မင်း ပင်ပန်းနေပြီ... နားလိုက်တော့"

ကျန်ဝူးတောက်သည် အလာတုန်းကအတိုင်းပင် ပြန်ထွက်ခဲ့ ရ၏။

သူက မြင်းရထားပေါ်ရောက်မှပင် သက်ပြင်းကိုကောင်းစွာ



ချနိုင်လေတော့သည်။

မကြာမီပင် ရဲလောက်ဟို၏အိမ်သို့ပြန်ရောက်လာ၏။

ရဲလောက်ဟိုက သူ့အတွက် အလွန်သားနားသော အခန်း တစ်ခု ပြင်ဆင်ပေး၏။

စားပွဲပေါ်တွင် အကောင်းစားအရက်အိုးများနှင့် အရသာရှိ သောဟင်းလျာများ အသင့်ပြင်ထား၏။

ကျန်ဝူးတောက်က အားရပါးရပင် စားသောက်လိုက်၏။

ရဲလောက်ဟိုက....

"ကဲ... ခင်ဗျားကိစ္စပြီးပြီဆိုတော့ ကျုပ်ကိစ္စကို ကူညီပေးပါ ဦး"

ကျန်ဝူးတောက်က နှာခေါင်းရှုံ့လိုက်၏။

ရဲလောက်ဟို၏ကိစ္စမှာ သူ၏မယားပါသမီး ရှင်းယုံအား ပြန် ခေါ်နိုင်းခြင်းပင်ဖြစ်၏။

"ခင်ဗျားမှာ တပည့်တွေအများကြီး ရှိတာပဲ"

ရဲလောက်ဟိုက....

"အာ... သူတို့က တစ်ယောက်မှအသုံးမကျဘူး... ကျုပ်ကြီး တဟူတောင် ရှင်းယုံအနားကိုမကပ်နိုင်ဘူး"

ကျန်ဝူးတောက်က....

"ခင်ဗျားကလည်း သူ့အမေမျက်နှာကိုထောက်ပါဦး... တ ခြား မိန်းကလေးရှာစမ်းပါဦး"

သူ့စကားကြောင့် ရဲလောက်ဟို၏မျက်နှာနီရဲကာ ဒေါသ

ခြောင်းခြောင်းထွက်လာ၏။

"ခင်ဗျားကလည်း ကျုပ်က ကျုပ်သမီး ဒုက္ခရောက်မှာစိုးလို့ လိုက်ခေါ်ခိုင်းတာဗျ"

ကျန်ဝူးတောက်က မျက်နှာကို အနည်းငယ် မဲ့လိုက်၏။

ထိုစဉ် အခန်းထဲသို့ မိန်းကလေးသုံးယောက်လှမ်းဝင်လာ၏။

မိန်းကလေးများမှာ အလွန်လှပပြီး ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းကြ၏။

သူမတို့၏ခန္ဓာကိုယ်ပေါ်တွင် ပါးလွှာသောအဝတ်များကိုသာ ဝတ်ဆင်ထားသဖြင့် ကျန်ဝူးတောက်က သဘောကျသွား၏။

"ဒီတစ်ခါတော့ ခင်ဗျား တော်သွားပြီ"

ရဲလောက်ဟိုက....

"ခင်ဗျား ကံကောင်းတာပေါ့... သူတို့ကဈေးကြီးတယ်... တန်ခိုးရှင်က အကောင်းဆုံးပြုစုဖို့ အမိန့်ပေးထားလို့... ခင်ဗျားမှန်းတောင် ကျုပ် မသိပါဘူးဗျာ"

ကျန်ဝူးတောက်က....

"ခင်ဗျားကျေးဇူးကို ကျုပ် မေ့လို့မရတော့ဘူးပေါ့"

"ဟဲ... ဟဲ... ကျုပ် သမီးလးကိုပြန်ပို့ပေးနိုင်ရင်ပဲ ကျုပ်ကျေနပ်ပါပြီ"

"ကောင်းပါပြီဗျာ... ကျုပ် ကြိုးစားကြည့်ပါ့မယ်... ဒါနဲ့တန်ခိုးရှင်က ဘယ်သူလဲ... ခင်ဗျားတွေ့ဖူးသလား"

ရဲလောက်ဟိုက မျက်လုံးပြူးသွား၏။

"ကျန်ဝူးတောက်... ကျုပ် အသက်ရှည်ရှည်နေချင်သေးတယ်... ခင်ဗျား အေးအေးဆေးဆေး စည်းစိမ်ခံစား... ဟုတ်ပြီလား"



သူက မိန်းကလေးများအား ခေါင်းညိတ်ပြပြီး အခန်းထဲမှ ထွက်ခွာသွား၏။

မိန်းကလေးသုံးယောက်မှာ ကျန်ဝူးတောက်အနီးတွင်ပူးကပ်ထိုင်ကာ ပွတ်သီးပွတ်သပ်လုပ်နေကြ၏။

ကျန်ဝူးတောက်၏မျက်နှာမှာ ပြုံးရွှင်သွား၏။

မိန်းကလေးများမှာ ငွေကြေးမည်မျှရထားသည်မသိပါ။

ကျန်ဝူးတောက်အား အစွမ်းကုန်ပြုစုယုယပေးကြလေတော့သည်။

## ကျန်ရှူးတောက်ရဲ့ကံကြမ္မာ

ကျုံကွမ်းမြို့၏နံနက်ခင်းမှာ အလွန်ပင် သာယာလှပ၏။

ဈွေခရုစားသောက်ဆိုင်သည် နံနက်လင်းသည်နှင့် စည်ကားနေ၏။

နံနက်ခင်းအစားအစာများ ကောင်းမွန်သဖြင့် လာရောက်စားသုံးသူများပြားလှ၏။

ရုတ်တရက် ဆိုင်ရှေ့တွင် မြင်းလှည်းတစ်စီးလာရောက် ရပ်တန့်လိုက်၏။

လမ်းပေါ်တွင် မြင်းများ၊ မြင်းလှည်းများ ဥဒဟိုသွားလာနေသဖြင့် ထိုမြင်းလှည်းမည်သည့်အချိန်က ရပ်တန့်နေသည်ကိုသတိမပြုမိကြပါ။

မြင်းလှည်းပေါ်တွင် မြင်းလှည်းမောင်းသမားကိုလည်း မတွေ့ရပါ။

အတော်ကြာမှပင် မြင်းလှည်းအား လူအချို့က သတိပြုမိ၏။

မြင်းလှည်းက ထူးဆန်းနေ၍မဟုတ်ပါ။

မြင်းလှည်းပေါ်မှအရာဝတ္ထုက ထူးဆန်းနေသောကြောင့်



ဖြစ်၏။

မြင်းလှည်းပေါ်မှအရာမှာ လူသေထည့်သည့်ခေါင်းတလားပင် ဖြစ်၏။

မင်္ဂလာရှိသောနံနက်ခင်းတွင် မင်္ဂလာမရှိသောခေါင်းတလားက မြင်းလှည်းပေါ်တွင်ရှိနေ၏။

ဈွေခရုစားသောက်ဆိုင်အပေါ်ထပ်ရှိ တည်းခိုခန်းမှဆင်းလာသောဝတ်စုံဆင်တူနှင့်ခါးတွင် ဓားရှည်ကိုယ်စီချိတ်ထားသည့် သိုင်းသမားလေးယောက်မှာ ဆိုင်ရှေ့တွင်ရပ်ထားမြင်းလှည်းအား ကြည့်ပြီး ဒေါသထွက်သွား၏။

သူတို့က ဆိုင်တာဝန်ခံအား ခေါ်ကာ....

"ခင်ဗျားတို့က ဘယ်လိုလဲဗျ... မင်္ဂလာမရှိတဲ့ခေါင်းတလားက အစောကြီး ဆိုင်ရှေ့ရောက်နေပါလား"

ဆိုင်တာဝန်ခံသည် ယခုမှပင် ခေါင်းတလားအားတွေ့ကာ မျက်လုံးပြူးသွား၏။

မြင်းလှည်းဆီသို့ ကပျာကယာ ပြေးသွားကာ ခေါင်းတလားအဖုံးအား ဖွင့်လိုက်၏။

"ဟင်....."

သူက အံ့အားသင့်ပြီး ကြက်သေသေသွား၏။

သူ၏ပုံဟန်ကြောင့် အနားသို့လူများရောက်လာကာ ဝိုင်းအုံကြည့်လိုက်ကြ၏။

တစ်ယောက်တစ်ပေါက်နှင့်စကားသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

အလောင်းပေါ်တွင် စာတစ်စောင်လည်း ရေးထား၏။

ဝိုင်းအုံကြည့်နေသောလူများသည် အလောင်းအားလည်း

ကောင်း၊ အလောင်းပေါ်မှ စာအားလည်းကောင်းကြည့်ကာ ဝေဖန်ပြောဆိုနေကြ၏။

"ဟား... ဟား... ဟား ရယ်စရာပဲ"

"ဒီလိုလူမျိုး ဒီလိုသေတာပဲကောင်းတယ်... တော်တော်ဝါသနာကြီးလို့ ဖြစ်မယ်"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသံများကြောင့် ဆိုင်ထဲမှဝတ်စုံဆင်တူနှင့်သိုင်းသမားလေးယောက်မှာ စိတ်ဝင်စားလာကြ၏။

သူတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့ကလည်း အလောင်းအားကြည့်ချင်စိတ်များ ဖြစ်လာ၏။

သူတို့သည် တိုင်ပင်မထားဘဲ ပြိုင်တူထရပ်ကာ မြင်းလှည်းအနီးသို့ချဉ်းကပ်ထားလိုက်၏။

အခေါင်းထဲမှအလောင်းများ မည်သည့်အဝတ်မှမရှိပါ။ အလောင်း၏ရင်ဘတ်ပေါ်တွင် စာရွက်တစ်ရွက်တင်ထား၏။

စာရွက်ပေါ်တွင်....

"တဏှာရူးတို့သွားရာလမ်း"

ဟု လက်ရေးကြီးကြီးဖြင့် ရေးထား၏။

သိုင်းသမား(၄)ယောက်သည် ထိုအလောင်းအား မြင်လိုက်ရသောအခါ ခေါင်းပေါ်သို့ကျောက်တုံးပြုတ်ကျလာသလို ခံစားလိုက်ရ၏။

"ဟင်...."

သူတို့၏မျက်နှာတွင် သွေးမရှိတော့ပါ။


"ဒီလိုလူ မြန်မြန်သေတာပဲကောင်းတယ်"

အမျိုးသမီးတစ်ယောက်က ကျယ်လောင်စွာ ပြောပြီးထွက်ခွာသွား၏။

သိုင်းသမား(၄)ယောက်မှာ အလောင်းအားကြည့်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေ၏။

ဆိုင်တာဝန်ခံက....

"ဒါ ခင်ဗျားတို့လူလား"

"ဟုတ်တယ်"

"ဘယ်သူလဲ"

"ကျန်ရှန်းမြို့က ကျန်ဝူးတောက်ပါ"

ဝိုင်းအုံကြည့်နေသူများသည် သူတို့အား အထင်သေးစွာကြည့်နေကြ၏။

ဆိုင်တာဝန်ခံက....

"မင်းတို့ရဲ့ကျက်သရေမရှိတဲ့တဏှာရူး အလောင်းကိုမြန်မြန်ယူသွားကြစမ်းပါ... တော်ကြာ လူဆိုးထိန်းတွေရောက်လာလို့ အလုပ်ရှုပ်ရင် ငါ့ဆိုင်နစ်နာတယ်"

သိုင်းသမားလေးယောက်သည် ရှက်လည်းရှက် ဒေါသလည်းထွက်ကာ မြင်းလှည်းပေါ်သို့ခုန်တက်ပြီး မောင်းနှင်ထွက်ခွာသွားကြလေတော့သည်။

မြင်းလှည်းသည် တစ်နေ့လုံး တစ်ညလုံး မရပ်မနားမောင်းနှင်ပြီး နောက်တစ်နေ့တွင် ကျန်ရှန်းမြို့သို့ပြန်ရောက်လာ၏။

ကျန်ရှန်းမြို့ ကျန်ဂူးတောက်၏ဂေဟာသို့ဝင်ရောက်ပြီး မကြာမီပင် ဂေဟာတစ်ခုလုံး ပွတ်လောရိုက်သွား၏။

တစ်ခဏအကြာတွင် ဆူညံသူများကြားသို့ ကျန်ဂူးတောက်၏လက်ထောက်ဖိန်းကို ရောက်လာကာ....

"ဟေ့... အားလုံးမဆူကြနဲ့... သခင်ကြီးအလောင်းကို အမြန်ဆုံး သင်္ဂြိုလ်ဖို့ပြင်ဆင်ပါ... ဘယ်သူမေးမေး နှလုံးရောဂါနဲ့သေသွားတယ်လို့ဖြေပါ... အခုအချိန်ကစပြီး ဂေဟာကို ငါ အုပ်ချုပ်တယ်"

ဟု အော်ဟစ်၏။

အသံများ ချက်ချင်းတိတ်သွား၏။ ဂေဟာမှလူများသည် အစဉ်အလာကို သိပြီးဖြစ်၏။

ကျန်ဂူးတောက်မရှိလျှင် လက်ထောက်ဖိန်းကိုက အုပ်ချုပ်ပေမည်။

ဖိန်းကို၏လက်ထောက်မှာ ခွေးကြီးပင်ဖြစ်လေသည်။

ရှင်းယုံတို့တည်းခိုသည့်အိမ်တွင် ညပိုင်း၌ အားလုံးဆုံရန် ချိန်းဆိုထား၏။

သို့သော် ယနေ့ညတွင် လူမစုံဘဲ တစ်ယောက်လိုနေ၏။

လွှီဖုံးရှန် ရောက်မလာသေးပါ။

ယန်းကျိုကွေသည် အရက်အား လက်ကျန်မော့ကာ အိုးကို အိမ်ပြင်သို့ ပစ်ပေါက်လိုက်၏။

"လွှီဖုံးရှန် ဒီလောက်နောက်မကျသင့်ဘူး... တစ်ခုခုများဖြစ်နေသလား မသိဘူး"



ယန်းကျိုကွေက စိတ်ပူပန်စွာ ပြောလိုက်၏။

"ငါ လောင်းကစားဗေဒင်ကြည့်ပြီး လွှီဖုံးရှန်အတွက် ပြောပြမယ်"

လုကျောင်းကပြောပြီး ဂျင်ကိုလှည့်ကာ လက်နှင့်အုပ်လိုက်၏။

"ဝက်နဲ့ဖားပေါ်ရင် လွှီဖုံးရှန် ဘာမှမဖြစ်ဘူး... မြွေနဲ့ငါးရှဉ့်ပေါ်လာရင်တော့ အန္တရာယ်နဲ့တွေ့နေပြီ"

ကျန်လူများအားလုံးက သိပ်မယုံကြည်သော်လည်း သူ့ဂျင်အုပ်ထားသည့်လက်အား စိုင်းကြည့်လိုက်ကြ၏။

လုကျောင်းက လက်ကိုလှန်လိုက်၏။

"ဟာ...."

"မြွေပေါ်တယ်... ဒါဆို...."

လုကျောင်း၏မျက်နှာလေးနက်သွားကာ....

"လွှီဖုံးရှန်တော့ အန္တရာယ်နဲ့တွေ့နေရပြီ"

သခင်လေးစုံက....

"မင်းကလည်း အားလုံးစိတ်ပူအောင် လျှောက်ပြောနေတယ်"

လုကျောင်းက....

"ငါ့ဗေဒင်က မှားခဲ့တယ်ကွ"

"ဟာကွာ... မင်း ပါးစပ်ပိတ်ထားစမ်း"

သခင်လေးစုံက ဂိတ်ရှုပ်ထွေးစွာ အော်လိုက်၏။ သူတို့အားလုံးသည် လမ်းမပေါ်သို့ မျှော်ကြည့်နေကြ၏။

ရှင်းယုံက....

"ရှင်တို့ ဒီအတိုင်းပဲထိုင်နေမှာလား"

လုကျောင်းက....

"ထိုင်မနေလို့ ဘာလုပ်ရမှာလဲ"

ရှင်းယုံက သူ့အား မျက်စောင်းထိုးကာ....

"ရှင်တို့လိုက်စုံစမ်းဖို့ကောင်းတယ်"

လုကျောင်းက....

"စောင့်ကြည့်ပါဦး... အချိန်တွေရှိပါသေးတယ်"

သူတို့သည် ယနေ့ကြုံတွေ့ရသည့် အဖြစ်အပျက်များအား ပြောကာ လ္ဂီဖုံးရှန်အား စောင့်နေကြလေတော့သည်။

* * *

ယန်းကျိုကွေက အရက်တစ်အိုးအားယူကာ ဖက်ထားလိုက်၏။

ပြီးမှ လုကျောင်းနှင့်သခင်လေးစုံအား ကြည့်ကာ....

"လ္ဂီဖုံးရှန်က စိန်တုံးကိုရအောင်ပြန်ယူပေးမယ်လို့ ကတိပေးခဲ့တာ ဖြစ်ကောဖြစ်နိုင်လို့လား"

လုကျောင်းက ပခုံးတွန့်လိုက်၏။

"အချိန်ကိုစောင့်ရုံပေါ့ကွာ"

သခင်လေးစုံက....

"အမှန်အတိုင်းပြောရရင် ငါ အစက လ္ဂီဖုံးရှန်ကို အထင်မကြီးဘူး... ဘာမှမဟုတ်ဘဲ ဘဝင်မြင့်နေတဲ့လူလို့ထင်ခဲ့တယ်... ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်ရင် သူ့မှာအရည်အချင်းရှိတယ်... ဘယ်သူမှ မလုပ်ပေးနိုင်တဲ့ငါတို့ကိစ္စကို လွယ်လွယ်နဲ့လုပ်ပေးနိုင်တယ်... နောက်ပြီး သူကသတ္တိလည်း ရှိတယ်"



လုကျောင်းက....

"ဘယ်လိုသတ္တိရှိတာလဲ"

"ဘာမဆိုတာဝန်ယူနိုင်တဲ့ လုပ်ရဲကိုင်ရဲတဲ့သတ္တိကို ပြောတာ"

ရှင်းယုံက....

"သခင်လေးစုံပြောတာ မှန်တယ်... မြို့တော်ဝန်နဲ့တရားသူကြီးတွေက ရှင်တို့ကိုသေဒဏ်ပေးတော့မယ်ဆိုတာ အားလုံးသိနေတာပဲ အစ်ကိုလုကျောင်းရဲ့မိဘတွေက တရားသူကြီးကိုငွေပုံပေးတာတောင် မရဘူးမဟုတ်လား"

ယန်းကျိုကွေက....

"ဟုတ်တယ်... ဒီတစ်ခါတော့ ငါတို့ကို ဘယ်သူမှကယ်နိုင်မှာ မဟုတ်ဘူးထင်တာ... သူလုပ်ပေးလို့ ငါတို့အခုလို အပြင်ပြန်ရောက်နေတာမဟုတ်လား"

လုကျောင်းက အပြင်ဘက်သို့လှမ်းကြည့်လိုက်၏။

အပြင်ဘက်တွင် ညမှာ တစထက်တစ နက်လာပြီး လူသံလည်း တဖြည်းဖြည်း တိတ်ဆိတ်နေ၏။

ယန်းကျိုကွေက....

"ဒီညတော့ သူလာတော့မှာ မဟုတ်ဘူး... အချိန်လည်းမရှိတော့ဘူး... မနက်ဖြန် သတင်းစုံစမ်းကြမယ်... ကဲ... သွားကြစို့"

သူတို့သည် လမ်းခွဲကာ ထွက်ခွာသွားကြလေတော့သည်။

* * *

လ္ဂီဖုံးရှန်မှာ အခြေအနေ၂ဟန်ပါ။

ဖိန်းကိုတို့လူစုသည် သူ့အား အမျိုးမျိုးနှိပ်စက်နေ၏။ ဖိန်းကိုသည် ဖိမာအား လာရှာသူကိုပြန်မလွှတ်နိုင်ပေ။

ထို့ပြင် ယခု သူတို့ဖမ်းထားသူ၏အကြောင်းကိုလည်း စုံစမ်းသိရှိခဲ့၏။

လှိုဖုံးရှန်၏မျက်နှာတွင် သွေးချင်းချင်းနီကာ ဒဏ်ရာများဖြင့် နာကျင်နေ၏။

"နေပါဦး... ကျုပ်က ဖိမာကိုရှာယုံနဲ့ ဘာအပြစ်ရှိလို့ အခုလို နှိပ်စက်နေကြတာလဲ"

ဖိန်းကိုက မဲ့ပြုံးပြုံးကာ....

"မင်းက ချန်အန်းမြို့က အာဏာပိုင်တွေကိုကူညီပြီး လူဆိုးဓားပြတွေကိုဖမ်းပို့နေတာ ငြင်းဦးမလို့လား... အခုလည်း ဖိမာသေတဲ့အကြောင်းကိုလာစုံစမ်းတာ မဟုတ်လား"

လှိုဖုံးရှန်သည် ယခု သူရောက်နေသောနေရာမှာ ဒုစရိုက်ဂိုဏ်းတစ်ခုတွင်ဖြစ်ကြောင်း ရိပ်မိလိုက်၏။

"ဗျာ... ဖိမာသေပြီ... တကယ်လား... ဘာဖြစ်လို့လဲ"

ဖိန်းကိုက လှိုဖုံးရှန်၏မျက်နှာအား စူးစိုက်ကြည့်လိုက်၏။

"မင်းက တကယ်မသိတာလား... ဟန်ဆောင်နေတာလား"

"ကျုပ် တကယ်မသိတာပါဗျာ"

ဖိန်းကိုသည် လှိုဖုံးရှန်၏မျက်နှာအား အတန်ကြာစိုက်ကြည့်လိုက်၏။

ထိုစဉ် ခွေးကြီး ကပျာကယာနှင့်ရောက်လာ၏။

"သခင်ကြီး အလောင်းရောက်လာပါတယ်"

ဟု လေသံတိုးတိုးဖြင့် ပြောလိုက်၏။

"ဟေ...."



ဖိန်းကိုမှာ ထိတ်လန့်အံ့ဩကာ အခန်းထဲမှ ကပျာကယာထွက်သွားလေသည်။

အပြင်သို့ရောက်သောအခါ ကျန်ဂူးတောက်၏အလောင်းအား သယ်ဆောင်လာသောမြင်းလှည်းကိုတွေ့လိုက်ရလေတော့သည်။

လှိုဖုံးရှန်သည် ပြင်းထန်သောဝေဒနာကို ခံစားနေရသည့်ကြားမှ အပြင်ဘက်အခြေအနေကို အကဲခတ်ကြည့်နေ၏။

ဤနေရာမှလူများသည် ယခင်က ဤအခန်းရှေ့မှဖြတ်သန်းသွားလာမှု သိပ်မတွေ့ရသော်လည်း ယခုအခါ ပြေးလားလိုက် တိုးတိုးတိတ်တိတ် ပြောလိုက်နှင့် အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရ၏။ တစ်စုံတစ်ခုဖြစ်နေမှန်း ရိပ်စားမိလိုက်၏။

သခင်ကြီးအလောင်းဟု ကြားလိုက်မိသဖြင့် သူက ဖိမာကိစ္စနှင့်ဆက်စပ်တွေးလိုက်၏။

သခင်ကြီးဆိုသူမှာ ဤဂေဟာမှ အရှင်သခင်ဖြစ်ပေမည်။

ဖိမာသည် တလျှို့အား သတ်ပြီး စိန်တုံးကိုယူကာ ထိုသခင်ကြီးဆိုသူအား ပေးအပ်ခြင်းဖြစ်ပေမည်။

ထိုသခင်ကြီးက စိန်တုံးရသည်နှင့် ဖိမာအားသတ်ခြင်းဖြစ်နိုင်၏။

ယခု သခင်ကြီးအား တစ်စုံတစ်ယောက်က သတ်လိုက်ပြန်၏။

ထိုတစ်စုံတစ်ယောက်လက်ထဲတွင် စိန်တုံးကြီးရှိမည်မှာ

သေချာ၏။

လွှိဖုံးရှန်သည် ထိုသို့တွေးတောမိသောအခါ ဦးခေါင်းမှာ မခံနိုင်လောက်အောင် မူးဝေကာ သတိမေ့သွားလေတော့သည်။

ကျန်ရှန်းမြို့ထဲတွင် လူများ စုရုံးစုရုံးနှင့်သတင်းတစ်ခုကို ပြောဆိုဝေဖန်နေကြ၏။ ထိုသတင်းမှာ အခြားမဟုတ်ပေ။

သူဌေးကြီးကျန်ဝူးတောက် သေဆုံးသည့်သတင်းဖြစ်၏။

ထိုသတင်းမှာ တစတစနှင့်ပျံ့နှံ့သွားပြီး မကြာမီ ကျန်ရှန်းတစ်မြို့လုံး သိသွားကြ၏။

ထိုသတင်းများအား အရက်ဆိုင်တွင် ကြားရ၏။

လောင်းကစားဝိုင်းများတွင် ကြားရ၏။ စားသောက်ဆိုင်များတွင် ကြားရ၏။ ဈေးများထဲတွင် ကြားရ၏။

ထို့ကြောင့် ယန်းကျိုကွေတို့လူစုမှာ ထိုသတင်းကိုကြားရ၏။

သတင်းမှာ အနည်းငယ် ဆန်းနေသဖြင့် သူတို့လူစုမှာ ဆုံနေကျအတိုင်း ဆုံကြ၏။

လွှိဖုံးရှန်၏သတင်းကို စုံစမ်းသော်လည်း ကျန်ဝူးတောက် သေဆုံးသည်မှလွဲ၍ တခြားသတင်းကိုမရပေ။

ရှင်းယုံက....

"ကျန်ဝူးတောက်က ကျန်ရှန်းမြို့မှာတော့ သူဌေးကြီးတဲ့... ဒါပေမယ့် မိန်းမကိစ္စဝါသနာကြီးတဲ့ကြောင်သူတော်လို့လည်း ပြောကြတယ်"

သခင်လေးစုံက....



"ကျူပ် ကြားခဲ့တာတော့ ရန်သူက ဓားနဲ့တိတ်တဆိတ် လုပ်ကြံတာတဲ့"

လုကျောင်းက....

"ကျူပ် ကြားတာတော့ သူက လောင်းကစားဒိုင်ကြီးတဲ့... သူသေတာကို လောင်းကစားသမားတွေက စိတ်မကောင်းဖြစ်နေကြတယ်"

ယန်းကျိုကွေက....

"သူက အရက်အကောင်းစားမှသောက်တယ်လို့ သတင်းကြားတယ်"

ကျင်းစုသည် ရှင်းယုံနှင့်အတူ ဈေးရောင်းရင်း ထိုသတင်းများကြားသော်လည်း မည်သို့မျှဝင်မပြောပေ။

လီလီကလည်း ထိုသတင်းကိုစိတ်မဝင်စားပါ။ သခင်လေးစုံ သူ့မအနားတွင်ရှိနေသည်ကိုသာ လိုလား၏။

ရှင်းယုံက....

"အဲ့ဒီကိစ္စအသာထားဦး... လွှိဖုံးရှန်သတင်းကိုကော မစုံစမ်းကြတော့ဘူးလား"

သခင်လေးစုံက မျက်မှောင်ကုတ်၍ လေးနက်စွာတွေးနေရာမှ....

"ယန်းကျိုကွေ... လွှိဖုံးရှန်ပျောက်ဆုံးတာနဲ့ ကျန်ဝူးတောက်သေဆုံးတာ ဆက်စပ်မှုရှိသလိုပဲ"

ယန်းကျိုကွေက လက်ဖျောက်တီးကာ....

"ဟုတ်တယ်... ငါလည်း အဲ့ဒါတွေးနေတာ... မင်းက ဘယ်လိုထင်လို့လဲ"

သခင်လေးစုံက....

"အခုသေသွားတဲ့ ကျန်ဝူးတောက်က တရားဝင်မိန်းမ မယူထားဘူး... ဒါပေမယ့် မိန်းမကိစ္စကိုဝါသနာကြီးတယ်... သူက တပည့်တွေနဲ့ ရတနာအရောင်းအဝယ်လုပ်နေတာ... ဒီလိုရတနာကုန်သည်က စိန်တုံးကြီးသတင်းကြားတော့ လိုချင်မှာပဲ... ဒီတော့ မြင်းကုန်သည်ဖိမာသေရတာ ကျန်ဝူးတောက်လက်ချက်မဟုတ်ဘူးလို့ မပြောနိုင်ဘူး"

သူ့စကားကို ကျန်လူများက စိတ်ဝင်စားလာ၏။

သခင်လေးစုံက စကားဆက်လိုက်၏။

"ကျန်ဝူးတောက်ရဲ့သတင်းအစအနကိုကြားရလို့ လှိုဖုံးရှန်က သူ့ဂေဟာကိုသွားစုံစမ်းမှာ တစ်စုံတစ်ခုဖြစ်ကြလိမ့်မယ်... ကျန်ဝူးတောက်သေတာ လှိုဖုံးရှန်လက်ချက်ဖြစ်မယ်... လှိုဖုံးရှန်ကတော့...."

သူက စကားကိုတစ်ပိုင်းတစ်စနှင့်ရပ်တန့်လိုက်၏။

ရှင်းယုံက....

"သခင်လေးစုံပြောတာ ဖြစ်နိုင်တယ်... သူက ကြောင်သူတော်ဆိုတော့ ဒုစရိုက်သမားဖြစ်လိမ့်မယ်... ဘာပဲဖြစ်ဖြစ် ကျွန်မတို့ သူ့ဂေဟာမှာသွားစုံစမ်းကြမယ်"

ယန်းကျိုကွေက....

"ဟုတ်ပြီ... ငါတို့ ဒီလိုလုပ်ကြမယ်"

သူက လီလီအား ကြည့်ကာ....

"လီလီ... နင်ကငိုတာ တော်တယ်... ဒီတော့ နင်က သူ့ဆွေမျိုးအနေနဲ့ ဟန်ဆောင်ပြီး သွားငိုပါ... သခင်လေးစုံက လီလီကိုစောင့်ရှောက်ဖို့ သူ့ယောကျ်ားအနေနဲ့လိုက်သွား"

လုကျောင်းက....

"အရက်သမားက ဒီလိုအချိန်တော့ အကြံကောင်းထွက်သားပဲ"



ယန်းကျိုကွေက ပြုံးကာ....

"ဒီ့ထက်ကောင်းတဲ့အကြံလည်း ရှိတယ်... မင်းက လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ကျန်းဝူတောက်ရဲ့တပည့်အနေနဲ့ ဆရာ့အလောင်းကို ဂါရဝပြုရမယ်"

လုကျောင်း မျက်နှာရှုံ့မဲ့သွား၏။

"ငါ့မှာလည်း မင်းထက်ကောင်းတဲ့အကြံ ရှိပါတယ်ကွ"

"ဘာအကြံလဲ"

လုကျောင်းက ပြုံးကာ....

"ကျန်ဝူးတောက်က မိန်းမကိစ္စဝါသနာပါတဲ့လူဆိုတော့ မင်းက သူ့ဆီကို မိန်းကလေးတွေပို့ပေးတဲ့လူ လုပ်ရမယ်"

"ခစ်... ခစ်...."

ယန်းကျိုကွေ၏ရှုံ့မဲ့သွားသောမျက်နှာအားကြည့်ကာ ရှင်းယုံနှင့်ကျင်းစုက ရယ်မောလိုက်၏။

လုကျောင်းက သူမတို့ဘက်လှည့်ကာ....

"ရယ်မနေနဲ့... ယန်းကျိုကွေပို့ပေးရမယ့်မိန်းကလေးတွေက နင်တို့နှစ်ယောက်ပဲ"

"ရှင်... ကျွန်မတို့...."

ရှင်းယုံနှင့်ကျင်းစုမှာ မျက်လုံးများဝိုင်းစက်သွား၏။

ထို့နောက် သူမတို့က မတတ်သာတော့ဘဲ ထိုအကြံအား သဘောတူလိုက်ရ၏။

ယန်းကျိုကွေက....

"ငါတို့တစ်ယောက်နဲ့တစ်ယောက် မျက်ခြေမပြတ်စေနဲ့... ဂေဟာတစ်ခုလုံး စုံစမ်းပြီးရတဲ့သတင်းတွေပေါ် အခြေခံပြီး လှုပ်ရှားရ

မယ်... အဓိကအချက်က အဲ့ဒီဂေဟာမှာရှိတဲ့အလောင်းတွေ အကုန်လုံးကိုကြည့်ခွင့်ရအောင် ဖန်တီးရမယ်"

သူ့စကားကို အားလုံးက သဘောတူလိုက်လေတော့သည်။

ကျန်ဝူးတောက်၏အိမ်ဂေဟာ....။

ကျန်ဝူးတောက်၏အိမ်ဂေဟာမှာ အလွန်ကြီးမားပြီးကျယ်ဝန်းလှ၏။

ယခုအခါ ဈာပနာအခမ်းအနားရှိနေသဖြင့် အိမ်တံခါးကိုဖွင့်ထားကာ မြို့ထဲမှလူများ ဥဒဟိုဝင်ထွက်နေသဖြင့် လူစည်ကားနေ၏။

ဂေဟာ၏အဓိကလူများမှာ ဖိန်းကိုနှင့်သူ၏လက်ထောက်ခွေးကြီးပင် ဖြစ်၏။

ဖိန်းကို၊ ခွေးကြီးနှင့်အိမ်တော်ထိန်းမှာ လာရောက်သော ဧည့်သည်များအားဧည့်ခံရင်း ဈာပနာအတွက် အစီအစဉ်ပြုလုပ်နေရ၏။

ကျန်ရှန်းမြို့မှလူများသည် ကျန်ဝူးတောက်အား ရတနာကုန်သည်အဖြစ်သာသိထားသဖြင့် ဖိန်းကိုတို့လူစုမှာ ယဉ်ကျေးသောအသွင်အပြင်များအဖြစ် ဟန်ဆောင်နေရ၏။

ဧည့်သည်များမှာ လူပေါင်းစုံဖြစ်၏။

ကျန်ဝူးတောက်၏ ရုက်စရာကောင်းသော အလောင်းကောင်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြင်ဆင်ရ၏။

လာရောက်သော ဧည့်သည်များက သေဆုံးရခြင်းအကြောင်းကိုမေးရာတွင် နှလုံးရောဂါနှင့်သေသည်ဟု တညီတညွတ်



တည်း ဖြေဆိုကြ၏။

အချို့က မယုံကြည်သော်လည်း ဖိန်းကိုက ဂရုမစိုက်ပါ။

အဓိကအာဏာပိုင်များကိုသာ ကျေနပ်အောင် ပြောဆိုနေကြ၏။ ဧည့်သည်များ၊ အခြားမြို့များမှလည်း ရောက်လာကြ၏။

အိမ်တော်ထိန်းနှင့် ဖိန်းကိုတို့လူစုမှာ ထိုလူများအား သိသူရှိသလို မသိသူလည်းရှိ၏။

သို့သော် အားလုံးအား ဝတ္တရားရှိသည့်အတိုင်း ဧည့်ခံနေ၏။

ထိုဧည့်သည်များထဲတွင် အလောင်းစင်နား၌ တရှုံ့ရှုံ့ငိုကြွေးနေသော မိန်းကလေးတစ်ယောက်အတွက် အိမ်တော်ထိန်းနှင့်ဖိန်းကိုမှာ အနည်းငယ် အံ့သြသွား၏။

"ကျေးဇူးရှင် ဦးလေးရယ်... ဖြစ်မှဖြစ်ရလေ... ကျွန်မ ဘယ်လိုလုပ် ဖြေသာမှာလဲ"

သူမ၏အသံမှာစူးရှပြီး ပြောဆိုငိုကြွေးနေ၏။ ထိုမိန်းကလေးမှာ လီလီပင်ဖြစ်၏။

လီလီသည် ဟန်ဆောင်နေခြင်းဖြစ်သော်လည်း သူမ၏ပုံဟန်မှာ ဦးလေးသေဆုံးသဖြင့် မချိတင်ကဲ ဖြစ်နေပုံပေါ်၏။

အချို့ဧည့်သည်များမှာ သူမအား သနားသွားကြ၏။

သူဌေးကတော်တစ်ဦးက....

"သူဌေးမင်းရဲ့တူမ ထင်ပါရဲ့... ငိုနေတာ သနားစရာကွယ်"

ဟု လှမ်းပြောသံကို အိမ်တော်ထိန်းနှင့် ဖိန်းကိုလည်း ကြားလိုက်၏။

သခင်လေးစုံက ခပ်တည်တည်ပင် သူမပခုံးအား ပွေ့ဖက်ကာ....

"တော်ပါတော့ မိန်းမရယ်... မင်းငိုတော့ကော သူက ပြန်ရှင်

လာမှာလား"

လီလီက မျက်ရည်များသုတ်ကာ....

"အို... ရှင် ဘာသိလို့လဲ... ဦးလေးကျေးဇူးတွေ ကျွန်မအပေါ်မှာ အများကြီးရှိတယ်... ဦးလေးရေ... ကျွန်မ ဘယ်သူ့ကိုအားကိုးရမှာလဲ... အီး... ဟီး... ဟီး"

သူမက ပြောဆိုကာ ငိုနေပြန်၏။

သခင်လေးစုံက စိတ်မကောင်းဟန်ဖြင့် ရွှေစက္ကူများကို မီးရှို့ကာ ဆုတောင်းပေးနေ၏။

အိမ်တော်ထိန်းနှင့်ဖိန်းကိုမှာ သူမအနားသို့ရောက်လာပြီး...

"မိန်းကလေးက သခင်ကြီးနဲ့ပတ်သက်လို့လဲ"

လီလီက....

"ကျွန်မက ဦးလေးကျန်းရဲ့တူမပါရှင်... ဦးလေးက အဖေမရှိကတည်းက ကျွန်မကို တစ်နှစ်တစ်ခါထောက်ပံ့နေတာပါ... ဦးလေးသတင်းကြားလို့မယုံနိုင်ဘဲ အခုလိုထွက်လာခဲ့ရတာပါရှင်... အခုတော့ ... အခုတော့ ကျေးဇူးရှင်ကြီးက...."

သူမက ငိုကြွေးရင်း သတိလစ်လဲကျသွား၏။

အိမ်တော်ထိန်းနှင့်ဧည့်သည်များမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

သူမအား သတိရအောင် ဆေးရည်များ နှာခေါင်းဝတွင်တေ့ပေးကြ၏။

သခင်လေးစုံပင် အံ့အားသင့်သွား၏။ တစ်စုံတစ်ယောက်က တစ်ခုခု ပြုလုပ်လိုက်သည်ဟု ထင်မိ၏။

သို့သော် အင်္ကျီလက်အောက်မှ သူမ၏လက်က သူ့အား တစ်ချက်ပုတ်လိုက်သဖြင့် သခင်လေးစုံမှာ လီလီ၏အမူအရာကို ချီး



ကျူးမိလိုက်၏။

အိမ်တော်ထိန်းက....

"ကဲ... ကဲ... သူ့ကို အခန်းထဲခေါ်သွားကြပါ"

သခင်လေးစုံကပွဲ့ကာ ဂေဟာမှအမျိုးသမီးအချို့၏ အကူအညီဖြင့် အခန်းတစ်ခုထဲသို့ ပို့ပေးကြ၏။

ဖိန်းကိုက သခင်လေးစုံအား ကြည့်ကာ....

"မိတ်ဆွေက ဒီမိန်းကလေးရဲ့ယောကျ်ားလား"

"ဟုတ်ပါတယ်"

"ဘယ်မှာနေကြတာလဲ"

"ကျုံကွမ်းမြို့ အရှေ့ပိုင်းမှာပါ"

"သခင်ကြီးဈာပနာကို ဘယ်လိုလုပ်သိတာလဲ"

"လွန်ခဲ့တဲ့(၁၀)ရက်က ဦးလေးဆီက စာလာပါတယ်... သူကျုံကွမ်းမြို့ကို လာခဲ့ဦးမယ်လို့ အကြောင်းကြားထားတာပါ... အဲ့ဒါ ဦးလေးရောက်မလာလို့လိုက်လာရင်း အခုမှသိရတာပါဗျာ"

အမှန်တော့ အိမ်တော်ထိန်းနှင့်ဖိန်းကိုမှာ ကျုံကူးတောက်ဆီ ရောက်သည်မှာ ငါးနှစ်ခန့်သာရှိသေးသဖြင့် ကျုံကူးတောက်တွင် ဆွေမျိုးရှိမရှိမသိပါ။

ထို့ကြောင့် သူတို့က မမေးရဲပါ။ မဟုတ်ပါဟုလည်း မစွပ်စွဲရဲပါ။

အကယ်၍ဆွေမျိုးအရင်းဖြစ်ပါက အမွေပစ္စည်းများပင် ခွဲဝေပေးရမည်ဖြစ်၏။

"တူမအရင်းလား"

သခင်လေးစုံက....

"မဟုတ်ဘူး... တစ်ဝမ်းကွဲပါ"

ဖိန်းကိုနှင့်ဂေဟာမှူးမှာ ယခုမှပင်သက်ပြင်းချနိုင်၏။

"ကဲ... သူ သိပ်ပင်ပန်းနေပြီ... အေးအေးဆေးဆေး အနားယူပါစေ"

ဖိန်းကိုနှင့်အိမ်တော်ထိန်းမှာ အခန်းထဲမှပြန်ထွက်သွား၏။

သခင်လေးစိုးက....

"ကျွန်တော် ဦးလေးကိစ္စမှာကူညီပေးပါရစေ... ဘာလုပ်ပေးရမလဲဆိုတာပြောပါဗျာ"

ဖိန်းကိုက....

"သခင်ကြီးကိုဂါရဝပြုလုပ်ချင်တယ်ဆိုရင်တော့ ဂေဟာက လူတွေကိုသာ ဝိုင်းလုပ်ပေးပါဗျာ"

သူကပြောပြီး ထွက်သွားလေတော့သည်။

ဖိန်းကိုသည် သခင်လေးစိုးတို့အခန်းထဲမှ ပြန်ထွက်လာ၏။

ထိုအချိန်တွင် ယန်းကျိုကွေနှင့် နုံအသောတောသူမလေးများအသွင်ဝတ်ဆင်ထားသော ရှင်းယုံနှင့်ကျင်းစုတို့ ရောက်လာကြ၏။

သူတို့သည် ဧည့်ခန်းထဲတွင် ယောင်လည်လည်ဖြစ်နေကြ၏။

ခွေးကြီးက....

"မိတ်ဆွေတို့က သခင်ကြီးသေဆုံးတဲ့သတင်းကြားလို့ လာကြတာလား"

"ဗျာ... သခင်ကြီးဆုံးသွားပြီ ဟုတ်လား... ဒုက္ခပါပဲ"



ယန်းကျိုကွေက အံ့အားသင့်စွာ ရေရွတ်လိုက်၏။

ခွေးကြီးက....

"ဘာဖြစ်လို့လဲ မိတ်ဆွေ"

ယန်းကျိုကွေက ခေါင်းတစ်ချက်ကုတ်လိုက်၏။

သူက ခွေးကြီးနားသို့ကပ်ကာ တစ်စုံတစ်ခုတိုးတိုးပြောနေ၏။

ထိုသို့ပြောနေရင်း ရှင်းယုံတို့ကိုလည်း ညွှန်ပြနေ၏။ ခွေးကြီးက ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။

ထိုအချိန်တွင် သိုင်းသမားတစ်ယောက်က ကျန်ဝူးတောက်၏အလောင်းအား တရိုတသေပင် ဂါရဝပြုနေ၏။

ထိုသိုင်းသမားမှာ လုကျောင်းဖြစ်၏။ ဖိန်းကိုက လုကျောင်းအား လေးလေးစားစားပင် နှုတ်ဆက်လိုက်၏။

"မိတ်ဆွေက သခင်ကြီးရဲ့တပည့်လား"

လုကျောင်းက....

"ဟုတ်ပါတယ်... လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ဆရာကြီးက ကျွန်တော့်ကိုသွေးကြောပိတ်ပညာ အနည်းအကျဉ်း သင်ပေးခဲ့ဖူးပါတယ်... ဒါပေမယ့် အကြောင်းတစ်စုံတစ်ရာကြောင့် ဆရာကြီးက အဲ့ဒီပညာကို အသုံးချခွင့်မရှိခဲ့ပါဘူး"

လွန်ခဲ့သော ဆယ်နှစ်ကတပည့်ဟုဆိုသဖြင့် ဖိန်းကိုနှင့်အိမ်တော်ထိန်းမှာ ဘာမှမပြောနိုင်တော့ပါချေ။

ခွေးကြီးက ယန်းကျိုကွေတို့ရောက်နေသည့်အကြောင်း

ဖိန်းကိုအား ပြောပြလိုက်၏။

"ဆရာ... သခင်ကြီးမှာထားတဲ့ညှိသည်တွေ ရောက်နေတယ်"

"ဘာကိစ္စလဲ"

ခွေးကြီးက လေသံတိုးတိုးဖြင့်....

"သခင်ကြီးက မိန်းကလေးမှာထားလို့ ယန်းကျိုကွေဆိုတဲ့ လူက လာပို့တာ"

ဖိန်းကိုသည် ကျန်ဂူးတောက် မိန်းမဝါသနာပါသည်ကို ကောင်းစွာသိထား၏။

ထိုကိစ္စကြောင့်ပင် သေဆုံးရသည်မဟုတ်ပါလား။

သူက ရှင်းယုံနှင့်ကျင်းစုအား ကြည့်ကာ....

"မိန်းကလေးတွေက တော်တော်လှတာပဲ... ငါ လက်ခံလိုက်မယ်"

သူက ယန်းကျိုကွေအနီးသို့လျှောက်သွားကာ....

"သခင်ကြီး အခုလိုဖြစ်လို့ စိတ်အားမငယ်ပါနဲ့... သခင်ကြီးက ကျုပ်အတွက် မှာပေးတာပါ... အခုတော့ သခင်ကြီးကိစ္စမပြတ်သေးလို့ ဒီမှာပဲ အေးအေးဆေးဆေး နေကြပါဦး"

သူက အစောင့်တစ်ယောက်အား ယန်းကျိုကွေတို့အတွက် အခန်းစီစဉ်ရန် အမိန့်ပေးလိုက်၏။

ထိုအချိန်တွင် လီလီမှာ အခန်းထဲမှထွက်လာ၏။ မလှမ်းမကမ်းမှ အမျိုးသမီးတစ်ဦးက သူမအား စောင့်ရှောက်နေ၏။

သူဌေးကြီး၏တူမဆိုသောအရှိန်ဖြင့် ဂရုစိုက်နေကြခြင်းဖြစ်၏။

လီလီက အိမ်သာဝင်ပြီးနောက် တစ်ခန်းဝင်တစ်ခန်းထွက်



လုပ်နေ၏။

ဂေဟာမှအမျိုးသမီးက....

"အစ်မလေး... ဘာရှာနေတာလဲ"

လီလီက လန့်သွားသော်လည်း စိတ်ကိုတင်းကာ....

"ဪ... ခေါင်းထဲကနောက်နေတော့ အခန်းကိုရှာမတွေ့လို့ ညီမရဲ့...."

အမျိုးသမီးက ရယ်မောကာ....

"ဟိုဘက်မှာ အစ်မလေး"

လီလီက....

"ကျေးဇူးပါပဲရှင်... ကျွန်မ လမ်းနည်းနည်းလျှောက်လိုက်ဦးမယ်"

သူမကပြောပြီး လူမမာကဲ့သို့ လမ်းလျှောက်နေ၏။

ထိုသို့လျှောက်ရင်း အနောက်ဘက်တွင် သီးသန့်ဆောက်လုပ်ထားသော အဆောင်လေးတစ်ခုအား တွေ့လိုက်ရ၏။

သူမက ထိုအဆောင်သို့လျှောက်သွားရာ အစောင့်တစ်ဦးအား တွေ့လိုက်ရ၏။

"အစ်မလေး ဘယ်သွားမလို့လဲ"

လီလီက....

"ဪ... လမ်းလျှောက်တာပါ... အရင်တစ်ခါလာတုန်းက ဒီအဆောင်ကိုမရောက်ဖူးလို့ လာကြည့်တာပါ"

အစောင့်က တံခါးပေါ့တွင်ပိတ်ရပ်ကာ....

"သခင်ကြီးရှိရင် ဒီအဆောင်ကိုလာတာ မကြိုက်ဘူးဗျ... အခုသခင်ကြီးနေရာကို အစားဝင်တဲ့ဖိန်းကိုကလည်း မကြိုက်ဘူး"

"အို... ဟုတ်လား... ကျွန်မ မသိလို့နော်"

လီလီက တောင်းပန်စရာပြောရင်း ထိုအခန်းထဲသို့ တစ်ချက် ဝေ့ကြည့်လိုက်၏။

"ဒါနဲ့အစ်ကိုကြီး... တစ်ခုမေးပါရစေ"

"မေးပါ... အစ်မလေး"

"ကျွန်မ ဦးလေးက ဘာရောဂါနဲ့ဆုံးတာလဲ"

အစောင့်က ပြုံးလိုက်၏။

ကျန်ဂူးတောက် သေဆုံးသည့်အကြောင်းရင်းမှန်ကို တူမဖြစ်သူအား ပြောလျှင် ရှက်သွားမည်မှာသေချာ၏။

"နှလုံးရောဂါကြောင့်ပါဗျာ"

"ဩော်...."

လီလီမှာ ထိုသို့စကားပြောရင်း အခန်းတွင်းရှိ ကုလားထိုင်ပေါ်တွင် သံမဏိကြိုးဖြင့် တုပ်ခံထားရသည့် လူတစ်ယောက်အား တွေ့မြင်လိုက်ရ၏။

သူမမှာ စိတ်ထဲတွင် လှုပ်ရှားနေသော်လည်း အစောင့်အား ပြုံးပြကာ ပြန်လှောက်လာခဲ့၏။

သူမ တွေ့ခဲ့သူမှာ လွီဖုံးရှန်ဖြစ်သည်မှာ သေချာနေ၏။

သူမက ဝမ်းသာသွား၏။ ထို့နောက် အလောင်းစင်နားသွားကာ ငိုကြွေးလိုက်ပြန်၏။

"ဦးလေးရယ်... ဦးလေးမှာနှလုံးရောဂါရှိတာ ကျွန်မ မသိရပါလား"

ဖိန်းကိုမှာ မျက်နှာရှုံ့မဲ့သွား၏။

သခင်လေးစုံအား လှမ်းကြည့်ကာ....

"မိတ်ဆွေ... အစ်မလေးကိုဖျောင်းဖျပါဦးဗျာ"

သခင်လေးစုံက သူမအနားသွား၍ ချော့မော့လိုက်၏။ လီ



လီ၏အသံမှာ တိုးသွား၏။

ငိုသည်များမှာကြာတော့လည်း သူမကို သိပ်အရေးမစိုက်တော့ပေ။

သူမတို့နားတွင် လုကျောင်းထိုင်ကာ ဆုတောင်းနေ၏။

ယန်းကျိုကွေတို့သုံးယောက်မှာ သူမတို့၏ အခြားဘေးတစ်ဘက်တွင် ထိုင်နေ၏။

သူတို့သည် တစ်ယောက်ကိုတစ်ယောက် မသိဟန်ဆောင်ထားကြ၏။

လီလီက အသံတိုးတိုးဖြင့် ငိုကြွေးကာ....

"ဦးလေးရယ်... ဦးလေးမရှိမှဘဲ ကျွန်မ အနောက်ဘက်က သီးသန့်ဆောင်ကို ရောက်ခဲ့ရတော့တယ်... ကျေးဇူးရှင်ကြီးရေ... သွားကြည့်ကြပါဦး"

သူမက ခပ်တိုးတိုးပြောရင်း ငိုနေ၏။

အာရုံစိုက်နေကြသောလုကျောင်းနှင့်ယန်းကျိုကွေတို့မှာ ကောင်းစွာ ကြားလိုက်၏။

သူမ၏စကားတွင် အဓိပ္ပာယ်ရှိရမည်ဟု ထင်မှတ်ကြ၏။

သခင်လေးစုံက သူမ၏ပခုံးအားဖက်ကာ နှစ်သိမ့်ဟန်ဖြင့်

"ပင်ပန်းပါ့မယ် ညီမရယ်... တွေ့ခဲ့လား"

လီလီက မျက်ရည်များကို အင်္ကျီလက်ဖြင့် သုတ်ဟန်ပြုကာ

"အနောက်ဘက်က သီးသန့်ဆောင်မှာချုပ်ထားတယ်"

သူမ၏စကားကို လုကျောင်းကကြားသဖြင့် မသိမသာ ခေါင်းညိတ်ကာ အချက်ပြလိုက်လေတော့သည်။

## အကြံပိုင်သူများ

ည.....။

ကျန်ဂူးတောက်၏ဂေဟာတစ်ခုလုံး အလုပ်ရှုပ်နေ၏။

နောက်တစ်နေ့တွင် ဈာပနာမြေချမည့်နေ့ဖြစ်၏။

လုကျောင်းသည် လှိုဖုံးရှန်အား ကယ်တင်ရန် တာဝန်ယူထား၏။

သူတို့သည် မည်သူမှမသိအောင် တစ်ယောက်နှင့်တစ်ယောက် အချိတ်အဆက်လုပ်ထားကြ၏။

လုကျောင်းသည် အိမ်တော်ထိန်းနှင့်ဖိန်းကိုအလစ်တွင် အနောက်ဘက်သီးသန့်ဆောင်အနီးသို့ ချဉ်းကပ်လိုက်၏။

သီးသန့်ဆောင်ရှေ့တွင် အစောင့်တစ်ယောက်ရှိနေ၏။

သူက အနောက်ဘက်ခြံဝင်းမှထွက်လျှင် ဖြစ်နိုင်ကြောင်း တွက်ဆမိ၏။ သို့သော် ထိုနေရာတွင် အစောင့်သုံးယောက်ရှိနေ၏။

လုကျောင်းသည် ထိုလူသုံးယောက်အနီးသို့ သွားစကားပြောကာ ဂျင်ဖြင့်လောင်းကစားဗေဒင် လုပ်ပြလိုက်၏။

အစောင့်များမှာ ကျန်ဂူးတောက်၏တပည့်ဖြစ်သဖြင့် လေးလေးစားစားပင် စကားပြန်ပြောကာ သူ၏ဂျင်နှင့်ကစားကြ၏။



တစ်ခဏအတွင်းမှာပင် လုကျောင်းသည် ကျန်ဂူးတောက်သေဆုံးသည့် အကြောင်းရင်းမှန်ကို သိခဲ့၏။

သူတို့က ဂျင်ကစားနေရင်း ရုတ်တရက် လုကျောင်းက သွေးကြောများပိတ်လိုက်၏။

အစောင့်သုံးယောက်မှာ မျှော်လင့်မထားသဖြင့် ခံလိုက်ရ၏။

သူက အစောင့်နှစ်ယောက်အား ငုတ်တုတ်အနေအထားဖြင့်လည်းကောင်း၊ တစ်ယောက်အား အိပ်လျက်အနေအထားဖြင့်လည်းကောင်း သွေးကြောပိတ်လိုက်၏။

တစ်ဆက်တည်းပင် သေးငယ်သော ခဲလုံးကလေးအားကောက်ယူပြီး သီးသန့်ခန်းရှေ့မှအစောင့်အား ပစ်ပေါက်လိုက်၏။

ထိုအစောင့်မှာ မည်သည့်စကားမှမပြောနိုင်တော့ဘဲ မျက်လုံးပြူးကြည့်ကာ မလှုပ်မယှက်ဖြစ်သွား၏။

လုကျောင်းက အချိန်မဆွဲတော့ပါ။ အခန်းထဲပြေးဝင်ကာ ဝေ့ကြည့်လိုက်၏။

လှိုဖုံးရှန်အား ခုံတစ်လုံးတွင် သံမဏိကြိုးများဖြင့် ချည်နှောင်ထားသည်ကိုတွေ့လိုက်ရ၏။

သူကကြိုးဖြည်လျှင် အချိန်ကြာမည်စိုးသဖြင့် ကုလားထိုင်အား ပခုံးပေါ်ထမ်းကာ ခြံစည်းရိုးအားကျော်ကာ ပြေးထွက်သွားလေတော့သည်။

လုကျောင်းအား တစေ့တစောင်း အကဲခတ်နေသော လီလီ

က အောင်မြင်သည့်အကြောင်းကို အချက်ပြလိုက်၏။

ယန်းကျိုကွေ့တို့မှာ ထွက်ခွာသင့်ပြီဖြစ်မှန်း နားလည်လိုက်၏။

သူတို့က နံနက်လင်းသည်နှင့်ဖိန်းကိုအား ရှာလိုက်၏။

ဖိန်းကိုအား တွေ့သည်နှင့်သူက လေးလေးစားစားဖြင့်....

"ဆရာတို့မှာ အလုပ်များနေတယ်... ကျွန်တော့်မိန်းကလေးတွေက လူတွေထဲနေရာမှာ အနေခက်နေတယ်... ဒါကြောင့် ကျွန်တော်တို့အပြင်မှာပဲ တည်းခိုလိုက်ပါ့မယ်... နောက်သုံးရက်ကြာမှ ပြန်လာပါရစေ"

ဖိန်းကိုက ရှင်းယုံတို့အား လက်မလွှတ်လိုပေ။

သို့သော် လောလောဆယ် ဈာပနာကိစ္စရှိနေသဖြင့် မတတ်သာသောကြောင့် ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ... ဆက်ဆက် ပြန်လာခဲ့ပါ... ရော့... သုံးရာယူသွားပါ... နောက်သုံးရက်နေရင် ပြန်လာခဲ့ပါ... ခင်ဗျားအတွက်လည်း မနည်းစေရပါဘူးဗျာ"

သူက ယန်းကျိုကွေ၏ပခုံးအားပုတ်ကာ ပြောရင်း ရှင်းယုံတို့အား ပြုံးပြလိုက်၏။

"ညီမလေးတို့ အားမငယ်နဲ့နော်"

"ဟုတ်ကဲ့ပါ အစ်ကိုကြီး"

ကျင်းစုနှင့်ရှင်းယုံမှာ ရှက်ရွံ့ဟန်ဖြင့် ပြောလိုက်လေသည်။

ယန်းကျိုကွေ့တို့သုံးယောက် ထွက်သွားပြီဖြစ်၏။



သခင်လေးစုံနှင့်လီလီမှာ သွေးကြောပိတ်ခံထားရသော အစောင့်များကို ဖိန်းကိုမတွေ့မြင်မီ ဧည့်ဂေဟာမှထွက်ရမည်ဖြစ်၏။

ယန်းကျိုကွေ့တို့ထွက်သွားသည်နှင့် လီလီက အလောင်းစင်အား ဖက်ကာ အော်ကြီးဟစ်ကျယ် အော်ငိုလိုက်၏။

"ဦးလေးရေ... ဒီနေ့ခွဲရတော့မယ်... ကျွန်မ စိတ်မကောင်းလိုက်တာရှင်"

သူမ၏ပုံဟန်မှာ အလူးအလဲဖြစ်နေသဖြင့် ဖိန်းကိုမှာ အလွန် [illegible]ရှုပ်သွား၏။

သူက အိမ်တော်ထိန်းနှင့်တိုင်ပင်နေစဉ် သခင်လေးစုံက....

"အစ်ကိုကြီးတို့... သူ သိပ်စိတ်ထိခိုက်နေတယ်... ကျွန်တော် ချော့ခေါ်သွားတော့မယ်... တော်ကြာ သချိုင်းသွားရင် သူ့ကိုမထိန်းနိုင်မှာစိုးတယ်"

ဖိန်းကိုနှင့်အိမ်တော်ထိန်းမှာ သခင်လေးစုံအား ကျေးဇူးတင်စွာ ကြည့်လိုက်၏။

"ခင်ဗျား အခုလိုသိတတ်တာ ကျေးဇူးတင်ပါတယ်ဗျာ"

ဖိန်းကိုက....

"အိမ်တော်ထိန်း... အစ်မလေးအတွက် ငွေငါးထောင်ပေးလိုက်ပါဗျာ"

သခင်လေးစုံနှင့်လီလီမှာ ငွေငါးထောင်ယူကာ ကျန်ရူးတောက်၏ဂေဟာထဲမှ လှမ်းထွက်လာ၏။

ခြံဝအရောက်တွင် လီလီက ကျယ်လောင်စွာဖြင့်....

"ဦးလေးရေ... ဦးလေးသေတာတောင် ကျွန်မ ငါးထောင်ပဲရတယ်ရှင့်"

သူမ၏အော်ငိုသံကြောင့် အိမ်တော်ထိန်းပြေးထွက်လာကာ

"ဒီလိုတော့ မငိုပါနဲ့ဗျာ… ရော့ပါ… ငါးထောင်ထပ်ယူသွားပါ"

လီလီမှာ ငွေတစ်သောင်းယူပြီး မြန်မြန်ထွက်လာခဲ့လေတော့သည်။

သခင်လေးစုံနှင့်လီလီသည် ရှင်းယုံတို့တည်းခိုသည့် အိမ်ကလေးသို့ပြန်ရောက်လာကြ၏။ အားလုံး လူစုံတက်စုံဖြစ်သွား၏။

လုကျောင်းသည် လျှိဖုံးရှန်အား ကုလားထိုင်နှင့်တပါတည်း ခေါ်လာခဲ့သည်မှာ မှန်သွား၏။

အကြောင်းမှာ ကုလားထိုင်နှင့်တွဲချည်ထားသော သံမဏိကြိုးမှာ မည်သို့မျှဖြည်မရသောကြောင့်ဖြစ်၏။

ယန်းကျိုကွေက စိတ်မရှည်တော့ပါ။

"လုကျောင်း… မင်း ဖယ်လိုက်"

လုကျောင်းက ဘေးသို့ဖယ်လိုက်သည်နှင့်သူက ကုလားထိုင်အား လက်သီးဖြင့်ထိုးချလိုက်လေတော့သည်။

"ဝုန်း…."

ကုလားထိုင်ကျိုးပဲ့ကာ သံမဏိကြိုးများ ပြေလျော့သွား၏။

ရှင်းယုံက လျှိဖုံးရှန်အား ကွပ်ပျစ်ပေါ်တွင် လဲလျောင်းစေပြီး ဒဏ်ရာများကိုဆေးကြောကာ ဆေးဝါးများထည့်ပေးလိုက်၏။

လျှိဖုံးရှန်မှာ သတိရနေပြီဖြစ်သော်လည်း စကားမပြောနိုင်ဘဲ မှိန်းနေ၏။

ကျန်လူများမှာ တစ်ယောက်နှင့်တစ်ယောက် အဖြစ်အ



ပျက်များအား ပြောကာ ရယ်မောကြ၏။

သူတို့အား ဖိန်းကိုတို့လူစုက ရိပ်မိပြီး ပြန်ရှာတွေ့မည်ကိုစိုးရိမ်သဖြင့် မည်သူမျှ အပြင်မထွက်ကြပါ။

သို့သော် ယန်းကျိုကွေက ရုပ်ဖျက်ပြီး အရက်ဆိုင်သို့သွား၏။

လုကျောင်းကလည်း ရုပ်ဖျက်ပြီး လောင်းကစားဝိုင်းသို့သွား၏။ နှစ်ယောက်စလုံး ညနေစောင်းအချိန်တွင် ပြန်ရောက်လာ၏။

ထိုနေ့ညနေပိုင်းတွင် ကျန်ဝူးတောက်၏အလောင်းသင်္ဂြိုလ်သဖြင့် သချိုင်းတွင် လူစည်ကားသွား၏။

ယန်းကျိုကွေတို့လူစုမှာ စားသောက်သုံးစွဲဖို့မပူရပါ။

လီလီ အငိုကောင်းသဖြင့် ငွေတစ်သောင်းတိတိ အမွေရခဲ့၏။

ထို့ပြင် ဖိန်းကိုကလည်း ယန်းကျိုကွေအား ငွေသုံးရာပေးလိုက်၏။ ထိုငွေများအားလုံးကို ရှင်းယုံက သိမ်းထား၏။

ထိုငွေများသည် သူတို့လူစု(၆)လခန့် ထိုင်စားနိုင်သည်မဟုတ်ပါလား။

ယန်းကျိုကွေသည်မူးကာ အိပ်ပျော်နေ၏။ လီလီနှင့်ကျင်းစုမှာ အတွေ့အကြုံများပြောနေကြ၏။

လုကျောင်းမှာ သခင်လေးစုံနှင့်ဂျင်လှည့်နေ၏။ ရှင်းယုံမှာ လျှိဖုံးရှန်အား ဂရုတစိုက် ပြုစုနေ၏။

သူမသည် အဘယ်ကြောင့်မှန်းမသိ လျှိဖုံးရှန်တစ်စုံတစ်ခု

ဖြစ်မည်ကို အလွန်စိုးရိမ်နေ၏။(၂)ရက်ခန့်အကြာတွင် လှိုဖုံးရှန်မှာ သက်သာလာ၏။

သူသည် ဤတစ်ကြိမ်ပေါ့လျော့၍ ခံလိုက်ရသဖြင့် အနည်းငယ် ခံပြင်းနေ၏။

ယန်းကျိုကွေတို့က သူ့အား ယခုလိုလာရောက်ကယ်တင်နိုင်လိမ့်မည်ဟု သူက လုံးဝမျှော်လင့်မထားချေ။

လီဖုံးရှန်သည် ယခုရက်ပိုင်းအတွင်း စိတ်ချမ်းသာနေ၏။ သူ့စိတ်များ အနည်းငယ် ထူးခြားနေသည်ဟု ခံစားမိ၏။

သူ လုံးဝစိတ်မဝင်စားခဲ့သော မိန်းကလေးတစ်ယောက်၏ နူးညံ့သောပြုစုယုယမှုကို ကျေနပ်နေ၏။

ရှင်းယုံသည် သူ့အား ဂရုတစိုက်များ ဒဏ်ရာများဆေးကြောကာ ဆေးဝါးများလိမ်းပေး၏။ ဆေးကျိုကာ အချိန်မှန်မှန်တိုက်ကျွေး၏။

သူသည် ရှင်းယုံအပေါ် တစတစနှင့်မေတ္တာသက်ဝင်လာလေတော့သည်။

(၃)ရက်ဟူသောအချိန်သည် တစ်ခဏအတွင်းမှာပင် ကုန်ဆုံးသွား၏။

ရှင်းယုံတို့ငှားရမ်းထားသောအိမ်ကလေးမှာ ဆင်းရဲသားရပ်ကွက်တွင်ဖြစ်၏။ မည်သူကမှ သူတို့အား အရေးမထားဂရုမစိုက်ကြပါ။

ထို့ကြောင့် သူတို့သည် သုံးရက်လုံး မည်သည့်အန္တရာယ်မှမ



ကြုံတွေ့ရပါ။

ထိုသုံးရက်အတွင်း ယန်းကျိုကွေ၊ လုကျောင်းနှင့်သခင်လေးစုံတို့သည် မြစ်ဆိပ်သို့သွားကာ သူတို့တတ်မြောက်ထားသောသိုင်းပညာများကို ပြန်လည်လေ့ကျင့်နေ၏။

ယန်းကျိုကွေမှာ အရက်သောက်ရင်းလေ့ကျင့်၏။

လုကျောင်းက မနေနိုင်သောဝါသနာကြောင့် လောင်းကစားဝိုင်းသို့ခေတ္တသွားပြီးမှ သိုင်းလေ့ကျင့်၏။

သခင်လေးစုံကလည်း လီလီနံဘေးတွင် အချိန်ပြည့်မနေနိုင်တော့ဘဲ သိုင်းပညာလေ့ကျင့်နေရ၏။

ရှင်းယုံတို့သုံးယောက်မှာ သူတို့အတွက် လိုလေသေးမရှိအောင်ပင် လုပ်ကိုင်ပေးကြ၏။

သူတို့လူစုအားကြည့်ကာ လှိုဖုံးရှန်အား စိတ်ကျေနပ်နေလေတော့သည်။

ည....။

ယန်းကျိုကွေတို့လူစုသည် ညစာစားပြီးသည်နှင့် ဝိုင်းဖွဲ့ထိုင်ကာ ဆွေးနွေးကြ၏။

ဆွေးနွေးပွဲတွင် အငိုသန်သောလီလီအား မပါဝင်စေသလို အေးအေးဆေးဆေး နေတတ်သောကျင်းစုကိုလည်း မပါဝင်စေပေ။

သူမတို့နှစ်ယောက်အား ရှင်းယုံက ထိန်းနေရ၏။

လှိုဖုံးရှန်က....

"ငါတို့မကြာခင် ပွဲကြီးပွဲကောင်း နွှဲရတော့မယ်"

ယန်းကျိုကွေတို့သည် ယခင်က လွှိဖုံးရှန်အား ကြည့်မရကြသော်လည်း ယခု လွှိဖုံးရှန်၏စိတ်ရင်းအမှန်ကိုသိသောအခါ လေးစားလာကြ၏။

ယန်းကျိုကွေက....

"ဟုတ်တယ်... ငါတို့ရင်ဆိုင်ရမှာ နယ်နယ်ရရ မဟုတ်ဘူး... လုကျောင်းသိရသမျှဆိုရင် သူတို့က အင်အားတောင့်တဲ့ဒုစရိုက်ဂိုဏ်းပဲကွ"

လွှိဖုံးရှန်က လုကျောင်းအားကြည့်ကာ...

"မင်းက ဘာသိထားလို့လဲ"

လုကျောင်းက....

"ကျန်ဝူးတောက်က ကျန်ရှန်းမြို့ရဲ့မျက်နှာဖုံးရတနာကုန်သည်သူဌေးကြီးဆိုဘာ မှန်တယ်... ဒါပေမယ့် သူ့ကိုနောက်ကွယ်က နေ ကြိုးကိုင်တဲ့လူရှိနေတယ်... သူ့တပည့်စကားအရဆိုရင် သူက ကျုံကွမ်းမြို့ကိုသွားတယ်... ဒါပေမယ့် ပြန်လာတော့ အလောင်းပဲပါတယ်... ထူးဆန်းတာက ကျန်ဝူးတောက်ကိုသတ်လိုက်တဲ့လူက စိတ်နာနေတဲ့မိန်းမလို့ပြောတာပဲ"

"ဟော...."

သူ့စကားကို အားလုံးက စိတ်ဝင်စားသွား၏။

လုကျောင်းက....

"ဟုတ်တယ်... အလောင်းမှာ'တဏှာရူးတို့သွားရာလမ်း'ဆိုပြီး စာပါတယ်... ကျန်ဝူးတောက်ရဲ့(....)ကိုဖြတ်ပြီး သတ်လိုက်တာဆိုတော့ မိန်းမနဲ့ပျော်ပါးနေတုန်းမှာ အသတ်ခံလိုက်ရတာဖြစ်မယ်"

သူ့စကားကြောင့် ရှင်းယုံတို့သုံးယောက်မှာ မသိမသာ ပြုံးလိုက်၏။



လွှိဖုံးရှန်က လေးလေးနက်နက် စဉ်းစားလိုက်၏။

"အဲ့ဒါတွေက လူသတ်သမားရဲ့လှည့်ကွက်ဖြစ်နိုင်တယ်... ငါတို့အစကိုခြေရာပြန်ကောက်မယ်... ဖိမာက စိန်တုံးလိုချင်လို့ နတ်မိမယ်တလျှံကို အသုံးချတယ်... တလျှံက ချယ်ရီကိုသတ်ပြီး အယောင်ဆောင်တယ်... ဖိမာကလက်ထဲကိုစိန်တုံးရတော့ ကျန်ဝူးတောက်ကိုပေးတယ်... ကျန်ဝူးတောက်က ဖိမာကိုသတ်ပြီး အလောင်းကိုချန်အန်းမြို့ပြင်မှာလာထားတယ်... အဲ့ဒါတွေက လှည့်ကွက်တွေပဲ"

လုကျောင်းက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

လွှိဖုံးရှန်က စကားဆက်လိုက်၏။

"ကျန်ဝူးတောက်က စိန်တုံးရပေမယ့် သူ့အတွက် မဟုတ်ဘူး ... တစ်စုံတစ်ယောက်က ခိုင်းလို့လုပ်ရတာ... အဲ့ဒီလူကသတ်ပြီး မိန်းမတွေကသတ်သလို လှည့်ကွက်ဆင်လိုက်တာ"

သခင်လေးစုံက....

"အဲ့ဒီလူကို ငါတို့စုံစမ်းရမှာပေါ့... အဲ့ဒီလူကလည်း ကြိုးကိုင်ခံထားရတဲ့လူဆိုရင် အခုလောက်ဆို သေနေလောက်ပြီ"

လွှိဖုံးရှန်က ခေါင်းညိတ်ကာ....

"ကျန်ဝူးတောက်က ကျုံကွမ်းမြို့က ဘယ်သူ့ဆီသွားတာလဲဆိုတာ စုံစမ်းရမယ်... အဲ့ဒါကို အလောင်းပြန်သယ်လာတဲ့လူတွေနဲ့ ဂေဟာကအရေးပါတဲ့လူတွေပဲ သိနိုင်တယ်"

ရှင်းယုံက....

"သူတို့က အလွယ်တကူ ပြောမယ်မထင်ဘူး"

လွှိဖုံးရှန်က....

"ဟုတ်တယ်... နောက်ပြီး သူတို့ထဲက ဉာဏ်ကောင်းတဲ့လူဆိုရင် ကျုပ် ဘာကြောင့်လွတ်သွားသလဲ... ဘယ်သူလာကယ်သွားသ

လဲဆိုတာ သိလောက်ပြီ... ပထမလုကျောင်းကိုထင်မယ်... ဒီထက် ဆက်တွေးရင် ငါတို့တစ်စုလုံးကိုတွေးမိမယ်... အခုလောက်ဆို ငါတို့ လူစုကို လိုက်ရှာနေလောက်ပြီ"

လုကျောင်းက....

"ငါ သွေးကြောပိတ်ခဲ့တဲ့လူတွေကို ဘယ်သူမှပြန်ဖွင့်နိုင်ဖို့မလွယ်ဘူး... နောက်တစ်ရက်လောက်ဆို သူတို့သေသွားနိုင်တယ်... ဘယ်လိုလုပ်ရမလဲ"

"ဘယ်တတ်နိုင်ပါ့မလဲကွာ... အခွင့်အခါသင့်ရင်တော့ ပြန်ဖွင့်ပေးလိုက်ပေါ့... သူတို့ဆရာကတော့ သေသွားလည်း ဂရုစိုက်မှာမဟုတ်ဘူး"

ယန်းကျိုကွေက....

"ငါတို့ ဘယ်လိုရင်ဆိုင်ရမလဲ"

လှိုဖုံးရှန်က....

"တခြားနည်းလမ်းတော့ မရှိဘူး... ပြောင်ပြောင်တင်းတင်းပဲ ရင်ဆိုင်ကြတာပေါ့"

ယန်းကျိုကွေတို့က ပြိုင်တူခေါင်းညိတ်လိုက်လေတော့သည်။

နံနက်ခင်း....။

လုကျောင်းက ရှင်းယုံအား ပြုံးပြလိုက်၏။

"ရှင်းယုံ... ငါ့ကိုတစ်ရာပေးရင် နင့်ကိုသုံးရာပြန်ပေးမယ်"



သူ လောင်းကစားဝိုင်းသွားမည်ကိုသိသဖြင့် ရှင်းယုံက မျက်စောင်းထိုးလိုက်၏။

သူမက တစ်ရာထုတ်ပေးကာ....

"ရှင့်တော့ ဘာမှမပြောချင်တော့ဘူး... သတိထားဖို့ပဲ မှာလိုက်မယ်"

လုကျောင်းက ပြုံးကာ ထွက်သွား၏။ ယန်းကျိုကွေက ရှင်းယုံအား ပြုံးကြည့်လိုက်၏။

ရှင်းယုံက မျက်စောင်းထိုးကာ....

"ရှင်လည်း တစ်ရာယူမယ် မဟုတ်လား... သတိထားသွားပါ"

သူမက နှုတ်ခမ်းစူ၍ပြောကာ ငွေတစ်ရာပေးလိုက်၏။

ယန်းကျိုကွေက....

"ရှင်းယုံ... နင်က သိပ်လိမ္မာတာပဲ... ယောကျ်ားကောင်းကောင်းရမှာ သေချာတယ်"

သူက ထိုင်နေသောလှိုဖုံးရှန်အား မျက်စပစ်ပြ၍ ပြောလိုက်၏။

ရှင်းယုံ၏မျက်နှာနီရဲသွားကာ အနီးတွင်ရှိသောရေခွက်နှင့် ကောက်ပေါက်လိုက်လေတော့သည်။

ခွေကြက်စားသောက်ဆိုင်....။

ခွေကြက်စားသောက်ဆိုင်မှာ အစားအသောက်ကောင်းသည့်အပြင် အနောက်ဘက်တွင် လောင်းကစားခန်းမလည်းရှိ၏။

ကျန်ဝူးတောက်ဂေဟာမှ လူ(၃)ယောက်သည် ရွှေကြက်စားသောက်ဆိုင်ထဲသို့ဝင်လာကြ၏။

သူတို့သည် အလွန်ပင်ပန်းနွမ်းနယ်ဟန်ရှိပြီး ဒေါသလည်းထွက်နေပုံရ၏။

"တောက်… အဲ့ဒီလူတွေကို ဘယ်လိုက်ရှာရမှန်းတောင် မသိတော့ဘူး"

"အဲ့ဒီလူလွတ်သွားတာအကြောင်း မဟုတ်ဘူး… တို့လူ(၄)ယောက်က သေတော့မယ်"

"ငါတော့ ဆရာဖိန်းကိုကိုမကျေနပ်ဘူး… သူက ဖမ်းမိတဲ့လူကိုသတ်ရင်လည်းသတ် လွှတ်ရင်လည်း လွှတ်လိုက်တာမဟုတ်ဘူး… အချိန်ဆွဲပြီးဖမ်းထားတော့ လာကယ်ထုတ်သွားကြတာပေါ့"

ထိုအချိန်တွင် လောင်းကစားခန်းမဆီမှ ကျယ်လောင်သော အသံများ ဆူညံစွာ ထွက်ပေါ်လာ၏။

ကျန်ဝူးတောက်ဂေဟာမှလူ(၃)ယောက်က လောင်းကစားခန်းဆီသို့ လှမ်းကြည့်လိုက်၏။

ထိုစဉ် လုကျောင်းမှာ ရှင်းယုံပေးသည့်ငွေများကုန်သွားသဖြင့် လောင်းကစားခန်းမထဲမှ ထွက်လိုက်၏။

ကျန်ဝူးတောက်ဂေဟာမှလူများမှာ သူ့အား မှတ်မိကာ ချက်ချင်းဝိုင်းရံလိုက်၏။

လုကျောင်းသည် အခြေအနေကိုချက်ချင်း ရိပ်မိလိုက်၏။

"ဘာလုပ်တာလဲ"

လူ(၃)ယောက်အနက် အရပ်ရှည်သူက….

"ကျုပ်တို့လူ(၄)ယောက်ကို သွေးကြောဖွင့်ပေးမှာလား"

လုကျောင်းက မသိဟန်ဆောင်ကာ….



"မင်းတို့လူမှားနေပြီ"

အရပ်ရှည်သူက….

"ဘာမှလူမှားစရာ မရှိဘူး… မင်းတို့က ပရိယာယ်ဆင်ပြီး ရွှီဖုံးရှန်ဆိုတဲ့လူကိုလာကယ်ထုတ်သွားတာ မဟုတ်လား"

လုကျောင်းက ပြုံးကာ….

"ကဲပါကွာ… မင်းတို့လူတွေကို ငါ့ဆီခေါ်လာခဲ့ပါ"

ထိုအချိန်မှာပင်….

"ဒုတ်…."

ကုလားထိုင်တစ်လုံးသည် လုကျောင်း၏ဦးခေါင်းအား ရိုက်ချလိုက်လေသည်။

လုကျောင်းမှာ သတိလစ်သွားလေတော့သည်။

သခင်လေးစုံနှင့်လီလီသည် စားသောက်ဆိုင်တစ်ခုတွင် ပြတင်းပေါက်နှင့်နီးသော စားပွဲတွင်ထိုင်ကာ စားသောက်နေကြ၏။

သခင်လေးစုံသည် ရုပ်မလှသောလီလီအား မချစ်သော်လည်း တဖြည်းဖြည်းနှင့်သံယောဇဉ်တွယ်လာ၏။

လီလီမှာ ရုပ်မလှသော်လည်း စိတ်ထားကောင်းသောမိန်းကလေးဖြစ်သဖြင့် သူက စိန်တုံးကိစ္စပြီးလျှင် လက်ထပ်ရန်ဆုံးဖြတ်ထား၏။

လီလီက သူမ ပန်းကန်ထဲမှအသည်းဖတ်အား သခင်လေးစုံကိုခွံ့ကျွေးရင်း….

"အစ်ကို…."

"ပြော...."

"ကျွန်မ အစ်ကို့ကိုချစ်တာ သိပါတယ်နော်"

"သိပါတယ်ကွာ"

လီလီက ခေါင်းငုံ့ကာ....

"ကျွန်မတို့လက်ထပ်ရအောင် အစ်ကို... ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမှာ...."

သူမ၏စကားမဆုံးမီမှာပင် သခင်လေးစုံ၏မျက်လုံးအစုံပြူးကျယ်သွားကာ ခန္ဓာကိုယ်မှာမတ်သွား၏။

သူ၏ပုံစံကြောင့် လီလီက သူကြည့်သည့်ဘက်သို့ လိုက်ကြည့်လိုက်၏။

ဆိုင်ရှေ့မှမြင်းသုံးကောင် ဖြတ်သွား၏။ နောက်ဆုံးမြင်း၏ကျောပေါ်တွင် လူတစ်ယောက်အား တင်သွား၏။

အားလုံး၏အမြင်တွင် အမူးသမားတစ်ယောက်အား ထိန်း၍ခေါ်သွားသည့် အနေအထားဖြစ်၏။

ထိုအမူးသမားအားကြည့်ပြီး သခင်လေးစုံက အံ့အားသင့်သွားခြင်းဖြစ်၏။

လီလီက မျက်လုံးပြူးကာ....

"အစ်ကိုလုကျောင်း မဟုတ်လား"

သခင်လေးစုံက....

"ဟုတ်တယ်... လီလီ... ငါ လိုက်သွားမယ်... နင်က လွီဖုံးရှန်တို့ကိုသွားခေါ်လိုက်... ကျန်ဝူးတောက်ဂေဟာကိုလိုက်ခဲ့ပါလို့"

သူကပြောပြီး ဆိုင်ထဲမှပြေးထွက်သွားလေတော့သည်။



လုကျောင်းသည် ရှေ့မှလူအား စိုက်ကြည့်နေ၏။

သူ့ရှေ့တွင် ဖိန်းကိုရှိ၏။

"ဘယ်လိုလဲ... အသေခံမလား... သူတို့ကိုသွေးကြောဖွင့်ပေးမလား"

လုကျောင်းက အနည်းငယ် မျက်မှောင်ကုတ်ထား၏။

သူက လူလေးယောက်အား သွေးကြောဖွင့်ပေးသည့်တိုင်အောင် ဖိန်းကိုတို့လူစုက သူ့အား အသက်ချမ်းသာပေးမည်မဟုတ်ပါ။

လုကျောင်းသည် ထိုလူ(၄)ယောက်အား သွေးကြောမဖွင့်ပေး၍မရပါ။

သူက ထိုပညာဖြင့် လူမသတ်ရန် ကတိပြုထားသည်မဟုတ်ပါလား။

လုကျောင်းက....

"ကျုပ်က သူတို့ကိုသွေးကြောဖွင့်ပေးရင် ခင်ဗျားတို့က ကျုပ်ကိုလွှတ်ပေးမှာလား"

ဖိန်းကိုက ပြုံးလိုက်၏။

"ဖမ်းပါတယ်ဆိုမှတော့ လွယ်လွယ်နဲ့ဘယ်လွှတ်နိုင်မှာလဲ... သူတို့ကိုသွေးကြောဖြေပေးရမယ်... ပြီးရင် ငါနဲ့တိုက်ခိုက်ရမယ်... ငါ့ကိုဒဏ်ရာရအောင်လုပ်နိုင်ရင် မင်းကိုလွှတ်ပေးမယ်"

လုကျောင်းက မဲ့ပြုံးပြုံးလိုက်၏။

"ကောင်းပြီ... ကျုပ်ကိုကြိုးဖြည်ပေးပါ"

ဖိန်းကိုက အချက်ပြလိုက်၏။ ခွေးကြီးက ကြိုးဖြေပေးလိုက်၏။

လုကျောင်းသည် သတိလစ်နေသော လူ(၄)ယောက်၏ နောက်ကျောမှ အဓိကသွေးကြောသုံးနေရာကို ထောက်လိုက်၏။

တစ်ခဏအကြာတွင် လူ(၄)ယောက်မှာသတိရလာ၏။ ဖိန်းကိုက သူ၏အပေါ်အင်္ကျီအား ချွတ်လိုက်၏။

သူ့တစ်ကိုယ်လုံးတွင် မည်သည့်လက်နက်မှမရှိပါ။

သူ၏ပုံဟန်အားကြည့်ကာ သိုင်းပညာအဆင့်မြင့်လိမ့်မည်ဟု လုကျောင်းက တွက်ဆမိ၏

"မင်းကြိုက်တဲ့လက်နက်ယူပါ"

လုကျောင်းက ခေါင်းခါယမ်းလိုက်၏။

"ခင်ဗျားလက်နက်မကိုင်ရင် ကျုပ်လည်းမကိုင်ဘူး"

"သဘောကျတယ်ဟေ့"

သူတို့ကတိုက်ခိုက်ရန် နေရာယူလိုက်၏။

ထိုအခန်းမှာကျယ်ဝန်းပြီး ခွေးကြီးနှင့်တခြားလူများက တစ်ဘက်တစ်ချက်တွင် ရပ်တန့်ကာ ကြည့်နေ၏။

လုကျောင်းက ထိုလူများအား ဝေ့ကြည့်ကာ....

"ဒါနဲ့ ခင်ဗျားဒဏ်ရာရရင်ကော ကျုပ်က ကျန်တဲ့လူတွေနဲ့ ဆက်တိုက်ရမှာလား"

ဖိန်းကိုက ခေါင်းခါယမ်းလိုက်၏။

"မလိုတော့ဘူး"

လုကျောင်းက အနည်းငယ် စိတ်အေးသွားလေတော့သည်။



ဖိန်းကိုမှာ ခန္ဓာကိုယ်တောင့်တင်းသန်မာလှ၏။

သူ၏လက်မောင်းတွင် ကြွက်သားများ အမြောင်းမြောင်းထနေ၏။

သူက လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင်ယှက်ထားရာမှ တဖြည်းဖြည်း ခွဲထုတ်ပြီး ညာသံပေးကာ တိုက်ခိုက်လိုက်၏။

"ယား....."

လုကျောင်းမှာ မျက်နှာပျက်သွား၏။

ဖိန်းကို၏သိုင်းကွက်မှာ ပြန်လည်ခုခံရန်မလွယ်သလို ရိုက်ချက်ထိသွားပါက မလွယ်မှန်းရိပ်မိလိုက်၏။

သူက သတိထားကာ ရှောင်တိမ်းလိုက်သော်လည်း မလွတ်ပါ။

"ဖြန်း....."

ဖိန်းကို၏လက်က သူ၏ရင်ဘတ်အား ရိုက်ချမိ၏။

"အင့်....."

လုကျောင်းမှာ ရင်ဘတ်မှအရိုးများ ကျိုးသွားသလိုပင် နာကျင်ခံစားမိ၏။

လုကျောင်းက လူချင်းပူးကာ သွေးကြောပိတ်ရန် ကြံစည်လိုက်၏။

သူက လုကျောင်း၏အကြံကိုသိထားသည့်အလား လုံးဝအ

ကပ်မခံပါ။

ထိုစဉ် ခြံစည်းရိုးအားကျော်ကာ လူတစ်ယောက်ပြေးဝင်လာ၏။

လုကျောင်းက မျက်လုံးပြူးသွား၏။

"သခင်လေးစုံ... နောက်ဆုတ်...."

သူက အော်ဟစ်ဟန့်တားလိုက်၏။

သို့သော် ဖိန်းကို၏ညာဘက်ခြေထောက်သည် ပြေးဝင်လာသောသခင်လေးစုံ၏ရင်ဝအား ဆီးကန်လိုက်၏။

"ဝုန်း...."

သခင်လေးစုံမှာ ပြင်းထန်လှသောအရှိန်ကြောင့် နောက်သို့လွင့်စင်သွား၏။

လုကျောင်း၏မျက်လုံးများ ပြာဝေသွား၏။ သခင်လေးစုံအား လှမ်းကြည့်လိုက်၏။

သခင်လေးစုံမှာ နှုတ်ခမ်းထောင့်မှသွေးများယိုစီးကာ ဇက်ကျိုး၍သေဆုံးနေပြီဖြစ်၏။

လုကျောင်းသည် ဒေါသကိုမထိန်းနိုင်တော့ပါ။

သူသည် ဖိန်းကိုအား မိုက်မိုက်မဲမဲပင် တိုက်ခိုက်လိုက်လေတော့သည်။

ထိုအချိန်တွင် ယန်းကျိုကွေနှင့်လွီဖုံးရှန်မှာ ဂေဟာရှေ့သို့ရောက်ရှိနေ၏။

ဂေဟာအတွင်းမှတိုက်ခိုက်သံကြားလိုက်ရသဖြင့် ယန်းကျိုကွေက တံခါးပေါက်မှဝင်ရန် ဟန်ပြင်လိုက်၏။

"နေဦးကွ"

လွီဖုံးရှန်က သူ့လက်အား လှမ်းဆွဲကာ ဟန့်တားလိုက်၏။

သူက တံခါးပေါက်ရှိ နံရံကြီးနှစ်ဘက်ကို မသင်္ကာသောကြောင့်ဖြစ်၏။

အဝင်ဝ အုတ်တံတိုင်းနှစ်ခု၏ အတွင်းဘက်တွင် အပေါက်သုံးယောက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။

ထိုအပေါက်မှ ရိုးရိုးသားသားပြုလုပ်ထားခြင်း မဖြစ်နိုင်ပါ။

ထိုအပေါက်မှတစ်စုံတစ်ရာသည် လျှပ်တစ်ပြက် ထွက်လာပါက ဝင်ရောက်သူ၏ခန္ဓာကိုယ်သို့နှစ်ဘက်ညှပ်ကာ ထုတ်ချင်းပေါက်ဖြစ်သွားစေနိုင်သည်။

လွီဖုံးရှန်သည် ထိုသို့တွေးမိသောအခါ ဖိမာသေဆုံးပုံကိုပြန်မြင်ယောင်လာ၏။

ယန်းကျိုကွေက....

"ဘာဖြစ်လို့တားတာလဲ"

လွီဖုံးရှန်က....

"ငါတို့နံရံကိုကျော်ပြီး ဝင်ကြမယ်"

သူတို့သည် နံရံပေါ်သို့ခုန်တက်လိုက်၏။ ပြီးမှ ခြံထဲခုန်ဆင်းကာ ဂေဟာအတွင်းသို့ခုန်ဝင်လိုက်၏။

ဂေဟာထဲတွင် လုကျောင်းနှင့်ဖိန်းကိုတိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

"ရပ်လိုက်"

လွီဖုံးရှန်က ဟန့်တားလိုက်၏။

ဖိန်းကိုက တိုက်ခိုက်ရာမှရပ်ကာ သူတို့အား လှမ်းကြည့်

လိုက်၏။

လွှိုဖုံးရှန်သည် လဲကျသေဆုံးနေသော သခင်လေးစုံ၏အလောင်းအား တွေ့မြင်လိုက်၏။

သူ၏သွေးများ ဆူပွက်လာကာ ဒေါသမထိန်းနိုင်တော့ပါ။

"ငါတို့လူကိုသတ်တယ်... သေပေတော့"

သူက ဖိန်းကိုထံ တရကြမ်း ပြေးဝင်ကာ တိုက်ခိုက်လိုက်၏။

ဖိန်းကိုမှာ လုကျောင်းလက်ချက်ဖြင့် အတော်မောပန်းနေပြီဖြစ်၏။

ထို့ကြောင့် လွှိုဖုံးရှန်ကတိုက်ခိုက်လာသောအခါ လျင်မြန်စွာမရှောင်နိုင်တော့ပေ။

လွှိုဖုံးရှန်သည် ဖိန်းကို၏လည်ပင်းအား ခြေနှစ်ချောင်းဖြင့် လိမ်ထားလိုက်လေတော့သည်။

---

ယန်းကျိုကွေ၏လက်သီးမှာ ကြီးမားပြီးပြင်းထန်လှ၏။

သူ၏လက်သီးကိုထိမှန်သောလူများမှာ မသက်သာပေ။

သူ့လက်သီးထိပြီး လူတစ်ယောက်ပြတင်းပေါက်အပြင်သို့ လွင့်စင်ကာ သေဆုံးသွား၏။

လုကျောင်းမှာ အားတက်လာ၏။

သခင်လေးစုံအတွက် ကလဲစားချေရန် အခွင့်အရေးရပြီဖြစ်၏။

ဖိန်းကို၏တပည့်ငါးယောက်သည် ယန်းကျိုကွေအား ဓားများ လှံများဖြင့်ချိန်ထား၏။



ယန်းကျိုကွေမှာ ဒေါသထွက်ပြီး သွေးပူနေသဖြင့် လုံးဝဂရုမစိုက်တော့ပါ။

သူက ထိုလူများကြားထဲသို့တိုးဝင်ကာ တိုက်ခိုက်လိုက်၏။ ဓားသမားများမှာ တဖြည်းဖြည်း နောက်ဆုတ်သွားကြ၏။ ထိုစဉ် ယန်းကျိုကွေရှေ့သို့ ခွေးကြီးရောက်လာ၏။

ခွေးကြီးမှာ လက်ထဲမှလှံတံဖြင့် ဆက်တိုက်တိုက်ခိုက်လိုက်၏။

ယန်းကျိုကွေက အပေါ်သို့ခုန်တက်လိုက်၏။ အပေါ်ထပ်မှာ စားသောက်ခန်းဖြစ်၏။

ယန်းကျိုကွေမှာ အရက်တစ်အိုးဆွဲကာ မော့သောက်လိုက်ပြီး လှေကားမှပြေးတက်လာသူများကို အရက်အိုးများ သစ်သီးများဖြင့် ကောက်ပေါက်လိုက်၏။

"ခွပ်...."

"အား...."

ဓားသမား(၃)ယောက် မှေ့လဲသွား၏။

ထိုစဉ် ခွေးကြီးပြေးဝင်လာသဖြင့် ယန်းကျိုကွေက ဆီးကြို တိုက်ခိုက်လိုက်လေတော့သည်။

---

လွှိုဖုံးရှန်နှင့်ဖိန်းကိုမှာ အလွန်မောပန်းနေကြ၏။ သူတို့၏ တိုက်ခိုက်မှုမှာ တစတစ နှေးကွေးလာ၏။

လွှိုဖုံးရှန်မှာ အသက်ကိုပြင်းစွာရှူလိုက်ပြီး ဖိန်းကို၏ညာဘက်လက်မောင်းကိုသာ ဦးတည်တိုက်ခိုက်လိုက်၏။

ဖိန်းကိုမှာ ကြိုးစားရှောင်တိမ်းသော်လည်း အလွန်မော

ဟိုက်နေသဖြင့် ခန္ဓာကိုယ်မှာ ထင်သလောက်မလှုပ်ရှားနိုင်ပါ။

"ဖြောင်း....."

လှိုင်ဖုံးရှန်၏လက်သီးသည် ဖိန်းကို၏လက်မောင်းအား ပြင်းထန်စွာ ထိုးချမိ၏။

"အား....."

ဖိန်းကို၏မျက်နှာရှုံ့မဲ့သွားပြီး နာကျင်စွာအော်လိုက်၏။

လှိုင်ဖုံးရှန်သည် ခါးမှဓားမြှောင်ဖြင့် သူ၏လည်မျိုအား ထောက်ထားလိုက်၏။

ဖိန်းကိုအား ချုပ်ကိုင်နိုင်သဖြင့် တိုက်ပွဲမှာ အလိုလိုရပ်သွားလေတော့သည်။ ဂေဟာထဲမှလူများတစ်ယောက်မှ မလှုပ်ရဲတော့ပါ။

ခွေးကြီးနှင့်ဓားသမားအချို့မှာ ယန်းကျိုကွေလက်ချက်ဖြင့် သတိမေ့နေကြပြီဖြစ်၏။

လှိုင်ဖုံးရှန်က ဖိန်းကိုအား စိုက်ကြည့်ကာ....

"စိန်တုံးကြီး ဘယ်မှာလဲ"

"ဘာစိန်တုံးကိုပြောနေတာလဲ"

"ကျုပ်စကား သိပ်မပြောချင်ဘူး... စိန်တုံးကြီး ဘယ်မှာလဲ.. ဘယ်ကိုပို့လိုက်သလဲ"

"မသိဘူး"

လှိုင်ဖုံးရှန်က မဲ့ပြုံးပြုံးလိုက်၏။

"ကောင်းပြီ... ခင်ဗျားပြောအောင် လုပ်ရတော့မှာပေါ့"

သူက ဖိန်းကိုအား တံခါးဝသို့ခေါ်သွား၏။

ပြီးနောက် လုကျောင်းဘက်လှည့်ကာ....

"လုကျောင်း... သူ့ကို ဒီတံခါးပေါက်မှာ ရပ်အောင်လုပ်စမ်းပါ"

လုကျောင်းက ဖိန်းကို၏နောက်ကျောတစ်နေရာရှိ သွေး



ကြောအား ပိတ်လိုက်၏။ ကြိုးတုပ်ထားသည်ထက်ပင် ပို၍ စိတ်ချရပေသည်။

ဖိန်းကို၏မျက်လုံးအစုံ ပြူးကျယ်နေ၏။

အုတ်နံရံတစ်ဘက်တစ်ချက်မှထွက်လာမည့် လှံတံများကို သူကောင်းကောင်းသိ၏။

လှိုင်ဖုံးရှန်က....

"ယန်းကျိုကွေ... မင်းက ဟိုနေရာက မောင်းခလုတ်ကို ဖြုတ်ချဖို့ အသင့်ပြင်ထားပါ... ငါ အချက်ပြတာနဲ့ ဖြုတ်လိုက်ပါ"

ယန်းကျိုကွေသည် တံခါးနားရှိ မောင်းခလုတ်နားတွင် ရပ်လိုက်၏။

ဖိန်းကို၏မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်သွား၏။

လှိုင်ဖုံးရှန်က....

"ဘယ်လိုလဲ... ပြောတော့မလား"

ဖိန်းကို၏နဖူးမှချွေးများ စီးကျလာ၏။

လှိုင်ဖုံးရှန်က....

"ဖိမာကို ဒီနေရာမှာသတ်ပြီး အလောင်းကို မြင်းလှည်းနဲ့ချန်အန်းမြို့ပြင်မှာ သွားချထားတာမဟုတ်လား"

ဖိန်းကိုက ပါးစပ်ပိတ်ထား၏။

လှိုင်ဖုံးရှန်က....

"ဖိန်းကို... ကျုပ် စိတ်မရှည်တော့ဘူး... ဒီတစ်ခွန်းပဲမေးမယ်... စိန်တုံးကြီး ဘယ်မှာလဲ"

ဖိန်းကိုက....

"အဲ့ဒါသခင်ကြီးကိစ္စပါ... ကျုပ် မသိပါဘူး"

"ကျန်ဝူးတောက်က စိန်တုံးကြီးကို တစ်နေရာကိုသွားပို့တာ

ခင်ဗျားသိတယ် မဟုတ်လား"

ဖိန်းကိုမှာ ပါးစပ်ပိတ်ထား၏။

လွှီဖုံးရှန်က....

"ဖိန်းကို... ဒီကိစ္စကိုဖွင့်ပြောလို့ ခင်ဗျားကို ဘယ်သူမှမသတ်ဘူး... ခင်ဗျားတို့သခင်ကြီးကျန်ဝူးတောက်က သေသွားပြီလေ... ခင်ဗျားကို ဘယ်သူက ဘာလုပ်နိုင်မှာလဲ"

ဖိန်းကိုသည် သူ့လူများအား တစ်ချက်ဝေ့ကြည့်ကာ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ... ကျုပ်သိသလောက် ပြောပ့ါမယ်"

လွှီဖုံးရှန်သည် ပြုံးကာ လုကျောင်းအား ခေါင်းညိတ်ပြလိုက်၏။

လုကျောင်းက သွေးကြောဖြေပေးလိုက်၏။

ဖိန်းကိုက....

"ကျုပ်က လွန်ခဲ့တဲ့(၅)နှစ်ကမှ ဒီကိုရောက်လာတာပါ... ကျန်ဝူးတောက်က လက်ထောက်ရာထူးပေးထားပါတယ်... ဒါပေမယ့် ကျန်ဝူးတောက်က ရတနာကုန်သည်အစစ်မဟုတ်ပါဘူး... တစ်ခါတလေ ဓားပြတိုက်ရပါတယ်... ဒါပေမယ့် ရတဲ့ပစ္စည်းတွေရဲ့ တော်တော်များများကို တစ်စုံတစ်ယောက်ကိုပေးနေရတယ်လို့ ကျုပ်ထင်တယ်"

လွှီဖုံးရှန်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"သူ့ကိုကြိုးကိုင်တဲ့လူရှိတယ်ပေါ့"

ဖိန်းကိုက....

"အဲ့ဒီလိုထင်ပါတယ်... အခု စိန်တုံးကိစ္စလည်း ကျုပ်တို့ကိုမခိုင်းဘဲ ဖိမာကိုခိုင်းပါတယ်... ဖိမာကိုသတ်ပြီးတာနဲ့ စိန်တုံးကိုယူပြီး



ခရီးထွက်သွားပါတယ်"

"ဘယ်သွားတာလဲ"

"ကျုပ် မသိဘူး... သူ့ကိုယ်ရံတော်(၄)ယောက်ကို မေးကြည့်ပါ"

လွှီဖုံးရှန်က ကိုယ်ရံတော်များအား မေးလိုက်၏။

ကိုယ်ရံတော်တစ်ယောက်က....

"ခရီးထွက်တယ်ဆိုတာ ကျုံကွမ်းမြို့ကိုသွားတာပါ... မြို့ထဲရောက်တာနဲ့ ကျွန်တော်တို့ကို ဧည့်ခရီးသည်စားသောက်ဆိုင်မှာတည်းခိုင်းပါတယ်... ဒါပေမယ့် နောက်တစ်နေ့ကျတော့ သခင်ကြီးရဲ့အလောင်းပါတဲ့မြင်းလှည်းဘဲ ဧည့်ခရီးသည်စားသောက်ဆိုင်ရှေ့ကို ရောက်လာပါတယ်"

ကိုယ်ရံတော်များ၏အမှုအရာကို အကဲခတ်နေသောလွှီဖုံးရှန်က သူတို့စကားကိုလက်ခံလိုက်၏။

စိန်တုံးကြီးမှာ ကျုံကွမ်းမြို့မှ တစ်စုံတစ်ယောက်ထံရောက်သွားပြီးဆိုသည်မှာ သေချာနေ၏။

ထိုစဉ် လီလီတို့သတင်းပေးမှုကြောင့် ကျန်ရှန်းမြို့မှလူဆိုးထိန်းနှင့် တပ်သားအချို့ရောက်ရှိလာ၏။

လွှီဖုံးရှန်က အကျိုးအကြောင်းပြောကာ ဖိန်းကိုတို့လူစုအား အပ်နှံလိုက်လေတော့သည်။

## တန်ခိုးရှင်

သခင်လေးစုံ၏မြေပုံ....။

လီလီသည် ယခုမှပင် အမှန်တကယ် ငိုကြွေးနေ၏။

သူမသည် ဟန်ဆောင်နေခြင်းမဟုတ်ဘဲ မြေပုံအားဖက်ကာ ဝမ်းနည်းကြေကွဲစွာ ငိုကြွေးနေ၏။

ရှင်းယုံနှင့်ကျင်းစုမှာလည်း တရှုံ့ရှုံ့ငိုကြွေးနေ၏။

လွှီဖုံးရှန်၊ လုကျောင်းနှင့်ယန်းကျိုကွေ့မှာ မျက်ရည်ကျငိုကြွေးခြင်းမရှိသော်လည်း မျက်လုံးများနီရဲကာ အံတင်းတင်း ကြိတ်ထားကြ၏။

သူတို့သည် သွေးသားတော်စပ်ခြင်းမရှိသော်လည်း ဖြူစင်သောသံယောဇဉ်များနှင့်နှောင်ဖွဲ့မိကြ၏။

အတူသွား အတူစားနေလာရာမှ ယခုကဲ့သို့သခင်လေးစုံသေဆုံးသွားသောအခါ ဖြေမဆည်နိုင်ဖြစ်နေကြ၏။

သခင်လေးစုံသည် ဝါသနာကြောင့်မိန်းကလေးများတွေ့လျှင် မနေနိုင်မထိုင်နိုင် ချစ်ကြိုက်စကားပြောတတ်သော်လည်း အလွန်စိတ်ထားကောင်းသည့်လူကောင်းတစ်ယောက်ဖြစ်၏။

သူတို့သည် ကိုယ်စီကိုယ်ငှဝမ်းနည်းကြေကွဲနေကြသော်



လည်း အူလှိုက်သည်းလှိုက်ငိုကြွေးနေသောလီလီအား မကြည့်ရက်သဖြင့် မျက်နှာလွှဲနေကြ၏။

သခင်လေးစုံအား လီလီ အဘယ်မျှချစ်သည်ကို သူတို့အားလုံးသိထားသည် မဟုတ်ပါလား။

အတန်ကြာမှ သခင်လေးစုံက ကျင်းစုနှင့်ရှင်းယုံအား မျက်ရိပ်ပြလိုက်၏။

ကျင်းစုနှင့်ရှင်းယုံမှာ လီလီအား ဖျောင်းဖျပြောဆိုကာ ဆွဲခေါ်သွားကြ၏။

သူတို့လူစုထွက်ခွာသွားသော်လည်း မြေပုံထဲမှသခင်လေးစုံမှာ တမလွန်၌ ငြိမ်းချမ်းစွာ အိပ်စက်ကျန်ရစ်ခဲ့လေတော့သည်။

လွှီဖုံးရှန်၏ဖျောင်းဖျပြောဆိုမှုကြောင့် လီလီ အငိုတိတ်သွား၏။

သို့သော် လီလီပြန်ပြောပြသော အကြောင်းအရာကြောင့် လီဖုံးရှန် မျက်လုံးပြူးသွားရ၏။

အကြောင်းမှာ လီလီသည် သခင်လေးစုံနှင့်ရသော ကိုယ်ဝန်ရှိနေပြီဖြစ်၏။

ထို့ကြောင့် လီလီမှာ ဖြေမဆည်နိုင်အောင်ဖြစ်နေခြင်း ဖြစ်၏။

လွှီဖုံးရှန်သည် ကျုံကွမ်းမြို့သို့သွားချင်သော်လည်း လီလီစိတ်ပြေလက်ပျောက်ဖြစ်စေရန် အချိန်စောင့်နေရ၏။

သူတို့ရှိသောအချိန်တစ်လတွင် (၁၀)ရက်အချိန်ကုန်သွား

ပြီ ဖြစ်၏။ ရက်ပေါင်း(၂၀)နှင့်စိန်တုံးကြီးအား ခြေရာခံမိပါ့မည်လော။

ယန်းကျိုကွေသည် ခါတိုင်းကဲ့သို့ အရက်မှန်မှန်မသောက်တော့ဘဲ အချိန်ရှိသရွေ့ သိုင်းလေ့ကျင့်နေ၏။

လုကျောင်းမှာ ပို၍ပင် စိတ်ထိခိုက်နေ၏။

သခင်လေးစုံက သူ့အား ကယ်တင်ရန် စိတ်စောနေသဖြင့် ဖိန်းကို၏တိုက်ခိုက်မှုကို ခံလိုက်ရခြင်း ဖြစ်၏။

အကယ်၍ သူသာ လုကျောင်းအတွက် အလွန်မပူပင်ဘဲ အချိန်စောင့်၍ လက်နက်ပုန်းဖြင့်တိုက်ခိုက်လျှင် ယခုကဲ့သို့သေဆုံးရမည် မဟုတ်ပေ။

လုကျောင်းမှာ လီလီအားမြင်လျှင် သခင်လေးစုံအတွက် ပို၍ ထိခိုက်ခံစားရသဖြင့် သိုင်းပညာကိုသာ ကြိုးစားလေ့ကျင့်နေလေတော့သည်။

လွီဖုံးရှန်မှာ သူတို့အား ကြည့်ကာ ဝမ်းနည်းဝမ်းသာခံစားရလေတော့သည်။

ညဦးပိုင်း....။

ကျုံကွမ်းမြို့မှရတနာကုန်သည် ရဲလောက်ဟို၏အိမ်သို့ ဧည့်သည်များ တဖွဲဖွဲရောက်ရှိလာ၏။

သို့သော် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ မြင်းရထားဖြင့် ပြန်ထွက်သွားကြသည်ကို မည်သူမှမသိပါ။

ထိုလူများက တန်ခိုးရှင်ထံသို့ လျှို့ဝှက်စွာသွားနေကြခြင်းဖြစ်၏။



သန်းခေါင်ယံအချိန်တွင် တန်ခိုးရှင်၏ ချိန်းဆိုထားသောသီးသန့်ခန်းထဲတွင် လူ(၂၀)ကျော်ခန့် ရောက်ရှိနေကြပြီဖြစ်၏။

လူစုံသောအခါ သံဇကာပေါက်မှ တန်ခိုးရှင်၏အသံထွက်ပေါ်လာ၏။

"အားလုံး သေချာနားထောင်ကြပါ... ခင်ဗျားတို့ အခုသတိထားရမှာက ဘုရင်မင်းမြတ်ရဲ့ အာဏာသားတွေအပြင် လူ(၆)ယောက်ရဲ့ အန္တရာယ်က အကြီးဆုံးပဲ... ကျန်ရှန်းမြို့က ကျန်ဝူးတောက်ရဲ့ ဂေဟာကို သူတို့ဖြိုခွဲကြပြီးဖြစ်တယ်... ဒါကြောင့် အားလုံးပဲ သတိထားကြပါ... သူတို့က အခုလောက်ဆိုရင် ကျုံကွမ်းမြို့ကိုတောင် ခြေရာခံမိချင် ခံမိနိုင်တယ်"

လူအားလုံးမှာ တိတ်ဆိတ်စွာပင် နားစွင့်နေ၏။ တန်ခိုးရှင်၏အသံထွက်ပေါ်လာပြန်၏။

"ကျုပ်တို့လူစုထဲမှာ နည်းနည်းသစ္စာဖောက်ချင်တဲ့ လူတစ်ယောက် ရှိတယ်... အဲ့ဒီလူကို ကျုပ် အခုပဲ ဆုံးမမယ်"

လူအားလုံး ထိတ်လန့်သွားကာ တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြ၏။

တန်ခိုးရှင်၏အသံတစ်လုံးချင်း ထွက်လာ၏။

"ကူချန်းဝါး... ထစမ်း"

လူတစ်ယောက် တုန်လှုပ်ချောက်ချားစွာဖြင့် မတ်တတ်ထရပ်လိုက်၏။

"ခင်ဗျားက အရက်မူးပြီး တန်ခိုးရှင်ကိုတွေ့ချင်လိုက်တာလို့ ေပြာင်းဆိုတယ်မဟုတ်လား"

ကူချန်းဝါးမှာ မျက်နှာတစ်ခုလုံး သွေးဆုတ်သွား၏။

"ကျွန်... ကျွန်တော်...."

ခန်းမ၏လေးဘက်လေးတန်မှာ အုတ်နံရံဖြစ်၏။ အုတ်နံရံတွင် အပေါက်ကလေးပေါင်းများစွာရှိ၏။

"ဝှစ်... ဝှစ်... ဝှစ်"

မည်သည့်အပေါက်မှထွက်လာမှန်းမသိသော မြားသုံးစင်းသည် ကူချန်းဝါး၏ခန္ဓာကိုယ်ပေါ်သို့ တည့်တည့်မတ်မတ် စိုက်ဝင်သွား၏။

"အား...."

ကူချန်းဝါးမှာ မချိမဆန့်အော်ဟစ်ကာ လဲကျသေဆုံးသွား၏။ ကျန်လူများမှာ အသက်ပင်မရှူရဲပေ။

တန်ခိုးရှင်၏အသံထွက်လာပြန်၏။

"ကဲ... ကျုပ်ကိုတွေ့ချင်တဲ့လူ ဘယ်သူရှိသေးလဲ"

မည်သည့်အသံမှ မကြားရပါ။

တန်ခိုးရှင်က....

"ခင်ဗျားတို့ဟာ တစ်ယောက်မှ ကိုယ့်လက်ကိုယ့်ခြေနဲ့ ဘဝကို စနိုင်ခဲ့ကြတာမဟုတ်ဘူး... ခင်ဗျားတို့ ဒီလိုလူရိုသေခံရတဲ့ဘဝရောက်အောင် ကျုပ် လုပ်ပေးခဲ့တယ်... ခင်ဗျားတို့က ခိုင်းတာကိုလုပ်နိုင်တဲ့အတွက် ကျုပ် ချီးကျူးပါတယ်... ဒါပေမယ့် လုပ်သလောက်လည်း အကျိုးခံစားခွင့်ပေးထားတယ် မဟုတ်လား... အဲ့ဒါကိုဘာကြောင့် ကျုပ် ဘယ်သူဆိုတာသိချင်ရတာလဲ... သိရရင် ဘာအကျိုးအမြတ်မှရမှာမဟုတ်ဘူး... ကူချန်းဝါးလိုဘဝဆုံးရမှာပဲ... ဒါကြောင့် အသက်ရှည်ရှည်နေချင်ရင် ကျုပ် ညွှန်ကြားသလိုလိုက်နာပါ... ကဲ... သွားနိုင်ပြီ... ဩော်... ခင်ဗျားတို့စိတ်မပူပါနဲ့... မကြာခင်မှာ ခင်ဗျားတို့က ကျုပ်လက်အောက်မဟုတ်ဘဲ လွတ်လွတ်လပ်လပ်နေနိုင်ကြတော့မယ်ဆိုတာ ကျုပ် ကတိပေးပါတယ်"



အသံပြန်ပျောက်သွား၏။

ခန်းမထဲမှလူများသည် အလာတုန်းကကဲ့သို့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲဖြင့် ရဲလောက်ဟို၏ဂေဟာသို့ပြန်ရောက်လာကြ၏။

ထိုမှတစ်ဆင့် သွားလိုသည့်နေရာသို့ဆက်သွားကြလေတော့သည်။

လီဖုံးရှန်သည် မိမိတို့(၆)ယောက်အတွက် အန္တရာယ်များရှိနေသည်ကို ကြိုတင်တွက်ဆမိ၏။

ကျန်ဝူးတောက်သည် ဒုစရိုက်ဂိုဏ်းတစ်ခု၏ဩဇာခံဖြစ်၏။ ယခု ကျန်ဝူးတောက်ဂေဟာ ဖြိုခွဲခံလိုက်ရခြင်းအပေါ် သူတို့၏ဂိုဏ်းချုပ်က ကျေနပ်မည်မဟုတ်ပေ။

ယခုဆိုလျှင် မိမိတို့လူစုကိုပင် စုံစမ်းသိရှိနေလောက်ပြီဖြစ်၏။ ထို့ကြောင့် တစ်ယောက်တစ်ကွဲစီနေရန် အကြံပြုလိုက်၏။

သို့သော် မည်သူကမှ လက်မခံပါ။

ယန်းကျိုကွေက....

"ကျုပ်တို့အားလုံး အတူနေလာကြပြီးမှတော့ မခွဲဘူးဗျာ... တခြားနည်းလမ်း စဉ်းစားပါ"

လုကျောင်းက....

"ဟုတ်တယ်... ငါတို့ခွဲနေတာထက် စုနေတာပိုကောင်းတယ်... သေအတူရှင်မကွာဘဲ"

ရှင်းယုံက....

"ကျွန်မတို့ကိုလည်း သိပ်အထင်မသေးပါနဲ့... လိုအပ်တဲ့နေရာကနေ ကူညီတိုက်ခိုက်မှာပါ"

လွီဖုံးရှန်က ငါးယောက်တစ်ယောက်ဖြစ်သဖြင့် အလျော့ပေးလိုက်ရ၏။

"ကောင်းပါပြီဗျာ... ဒီလိုဆို သေအတူရှင်မကွာပေါ့"

ယန်းကျိုကွေက....

"ကျုပ်တို့အတွက် အချိန်သိပ်မလိုတော့ဘူး"

"သိပ်စိတ်မပူပါနဲ့ဗျာ... ရန်သူနဲ့ကျုပ်တို့နီးနေပါပြီ... ကျုပ်တို့ဘက်က အင်အားပြည့်နေဖို့ပဲလိုတယ်"

ရှင်းယုံက....

"ကျုံကွမ်းရောက်ရင်တော့ ကျွန်မအတတ်နိုင်ဆုံး ပုန်းနေရမယ်... ကျွန်မ မမြင်ချင်တဲ့ပထွေးမျက်နှာကို မြင်နေရဦးမယ်"

လုကျောင်းက....

"နင်ကလည်း ပူစရာမလိုတော့ပါဘူး... နင့်အနေကို ကျွန်မအိမ်ထောင်ကျနေပြီလို့ပြောလိုက်ပေါ့... ဘယ်သူလဲလို့မေးရင် လွီဖုံးရှန်ကိုပြလိုက်ပေါ့"

လွီဖုံးရှန်မှာပြုံးကာ တစ်ဘက်သို့လှည့်နေလိုက်၏။

ရှင်းယုံမှာမျက်နှာနီရဲပြီး လုကျောင်း၏ကျောပြင်အား ထုနက်နေလေတော့သည်။

လွီဖုံးရှန်တို့မှာ ကျုံကွမ်းမြို့သို့ထွက်လာရင်း မြို့ကလေးတစ်မြို့တွင် တစ်ညတည်းခိုကြ၏။



သူတို့က တည်းခိုခန်းတစ်ခုတွင် တည်းခိုရင်း ညစာစားသောက်နေစဉ် လူတစ်စုဝင်ရောက်လာ၏။

ချန်အန်းမြို့မှ လူဆိုးထိန်းဝမ်နှင့် ထောက်လှမ်းရေးသမားတို့အဖွဲ့ဖြစ်၏။

လူဆိုးထိန်းဝမ်မှာ လွီဖုံးရှန်တို့လူစုအားတွေ့မြင်လိုက်သည်နှင့်မျက်မှောင်ကုတ်ကာ....

"ဟိုတစ်ယောက်ကော... သခင်လေးစုံဆိုတဲ့လူ"

လုကျောင်းက လူဆိုးထိန်းဝမ်အား မျက်မှောင်ကုတ်ကာကြည့်နေ၏။

လွီဖုံးရှန်က ခပ်တည်တည်ပင်....

"ထွက်ပြေးသွားပြီ"

"ဘာ... အဲ့ဒီကိစ္စ ခင်ဗျားတာဝန်ပဲ... တရားခံတွေ ထွက်ပြေးရင် ခင်ဗျား ဘာဖြစ်မယ်ဆိုတာသိတယ် မဟုတ်လား"

ဝမ်က ဒေါသတကြီးပြောသော်လည်း လွီဖုံးရှန်က ခပ်ပြုံးပြုံးပင်....

"အဲ့ဒါ ကျုပ်ကိစ္စပါ... ဒါနဲ့ခင်ဗျားက ဘယ်သွားမလို့လဲ"

လူဆိုးထိန်းဝမ်က....

"မင်းတို့က စိန်တုံးကြီးကို တစ်လအတွင်း ပြန်ယူပေးမယ်လို့ကြွားသွားတာ အုပ်ချုပ်ရေးမှူးတာဟန်းသိတယ်... ဒါကြောင့် ငါတို့က ကျန်ရှန်းမြို့ကိုသွားမလို့... အဲ့ဒီမှာသတင်းရထားတယ်"

"ဟုတ်လား... ဘာသတင်းလဲ"

ဝမ်နှင့်ပါလာသော ထောက်လှမ်းရေးမှူးက....

"ကျန်ရှန်းမြို့က ကျန်ဂူးတောက်ဆိုတာ တန်ခိုးရှင်ရဲ့လက်အောက်ခံအဖွဲ့တစ်ခုပဲ... တန်ခိုးရှင်ဆိုတာ သူ့ကိုမတွေ့ရဘဲ အသံနဲ့ပဲ

ဆက်သွယ်တယ်... ရှင်းရှင်းပြောရရင် ဓားပြဂိုဏ်းတစ်ခုပေါ့... တော်တော် အဆင့်မြင့်တဲ့ဂိုဏ်းပဲ"

လှိုဖုံးရှန်မှာ အဖိုးတန်သောသတင်းအား ရလိုက်၏။

ကျန်ဝူးတောက်မှာ တန်ခိုးရှင်၏လက်အောက်ခံဆိုလျှင် ယခုစိန်တုံးမှာ တန်ခိုးရှင်လက်ထဲရောက်နေမည်မှာ သေချာသည် မဟုတ်ပါလား။

ထောက်လှမ်းရေးမှူးက စကားဆက်လိုက်၏။

"အခု ကျန်ဝူးတောက်ဂေဟာလည်း ဖြိုခွဲခံလိုက်ရတယ်လို့ သတင်းရတယ်... အဲ့ဒီကိစ္စကနေ စိန်တုံးသတင်းခြေရာခံမိနိုင်မယ်လေ"

လှိုဖုံးရှန်က မသိဟန်ဆောင်ကာ....

"ဘယ်သူဖြိုခွဲလိုက်တာလဲ"

လူဆိုးထိန်းဝမ်က....

"မင်းက ဉာဏ်ရှိသလိုနဲ့တော်တော် အတာပဲ... ကျန်ဝူးတောက်ဆီက စိန်တုံးလုယူတဲ့လူက ဖြိုခွဲလိုက်တာပေါ့"

"ဗျာ...."

လှိုဖုံးရှန်တို့လူစုမှာ အလွန်ပင်ရယ်ချင်မိ၏။

လှိုဖုံးရှန်က....

"လူဆိုးထိန်းကြီးက တော်တော် စဉ်းစားတွေးခေါ်တတ်တာပဲ"

လူဆိုးထိန်းဝမ်က....

"ဒါတွေ ထားပါတော့... ထွက်ပြေးသွားတဲ့လူတစ်ယောက်အတွက် မင်း ဘာလုပ်မှာလဲ"

"အခု သူ့ကိုလိုက်ရှာနေတာဗျ... ခင်ဗျားတွေ့ရင် ဖမ်းပေးပါ... ကျုပ်ငွေတစ်သောင်း ပေးပါ့မယ်"



"မင်းက အာမခံကောင်းတဲ့လူဆိုတော့ ငွေတစ်သောင်းရတော့မှာပေါ့လေ... ကောင်းပြီ... ဆယ်ရက်အတွင်း ငါ ဖမ်းပေးမယ်"

လူဆိုးထိန်းဝမ်တို့လူစုသည် စားသောက်အပန်းဖြေပြီး ညတွင်းချင်းပင် ခရီးဆက်သွားလေတော့သည်။

❋ ❋ ❋

တန်ချိုမြို့မရောက်မီ ဆယ်မိုင်ခန့်အကွာတွင် မည်သည့်ရွာမှမရှိဘဲ လမ်းမရှည်ကြီးသာရှိ၏။

ထိုလမ်းမရှည်ကြီး၏တစ်နေရာတွင် ဘုရားကျောင်းပျက်တစ်ခုရှိနေ၏။

လှိုဖုံးရှန်တို့လူစုသည် ထိုဘုရားကျောင်းပျက်ကြီးထဲတွင် အနားယူလိုက်ကြ၏။

သူတို့သည် ညနေစောင်းအချိန်တွင် ထိုနေရာသို့ရောက်လာကြခြင်းဖြစ်၏။

မိန်းကလေးသုံးယောက်မှာ ညစာအတွက် စီစဉ်ချက်ပြုတ်ရင်း နေနိုင်ရန် နေရာရှင်းနေကြ၏။

ယန်းကျိုကွေတို့သုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက်တိုက်ခိုက်ကာ သိုင်းလေ့ကျင့်နေကြ၏။

အတန်ကြာမှရပ်တန့်ကာ လှိုဖုံးရှန်က....

"ခင်ဗျားတို့နှစ်ယောက်က သေသေချာချာ ဆန်းစစ်ကြည့်မှ အဆင့်မြင့်သိုင်းသမားတွေဖြစ်မှန်း သိရတယ်"

လုကျောင်းက....

"ခင်ဗျားရဲ့သိုင်းပညာက ကျုပ်တို့ထက် ပိုအဆင့်မြင့်ပါတယ်ဗျာ"

ယန်းကျိုကွေက....

"ဟုတ်တယ်... ကျုပ်တော့ ခင်ဗျားကို တဖြည်းဖြည်းနဲ့လေးစားလာပြီ"

လုကျောင်းက....

"ဟဲ... ဟဲ... အရက်သမားကတောင် လေးစားတယ်ဆိုတော့ ခင်ဗျား ဂုဏ်ယူသင့်ပါတယ်ဗျာ"

ယန်းကျိုကွေက သူ၏လက်သီးဆုပ်ကြီးဖြင့် လုကျောင်း၏ ဦးခေါင်းအား ထုချလိုက်သဖြင့် လွှီဖုံးရှန်က ရယ်မောလိုက်၏။

လုကျောင်းက....

"ယန်းကျိုကွေ... ဒီကိစ္စမှာ ငါတို့အောင်မြင်ရမယ်လို့စိတ်ထဲထင်နေတယ်... တစ်လပြည့်ရင် အချုပ်ထဲပြန်မသွားရတော့ဘူးဆိုတာ ငါအလိုလို သိနေတယ်ကွ"

လွှီဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"ယုံကြည်မှုက အင်အားတစ်ခုပဲဗျ... ယုံကြည်မှုရှိတဲ့လူက ဖွဲလည်းရှိတယ်... ဖွဲရှိတာအောင်မြင်ဖို့နီးစပ်တယ်ဗျ"

ယန်းကျိုကွေနှင့်လုကျောင်းက ခေါင်းညိတ်လိုက်၏။

လုကျောင်းက....

"ဒါနဲ့ ခင်ဗျားနဲ့လူဆိုးထိန်းဝမ်ပြောတဲ့စကားထဲမှာ တန်ခိုးရှင်ဂိုဏ်းဆိုတာပါတယ်"

ယန်းကျိုကွေက....

"ဟုတ်တယ်... ကျုပ်လည်း သိပ်နားမလည်ဘူး"

လွှီဖုံးရှန်က....



"တန်ခိုးရှင်ဂိုဏ်းဆိုတာ ဓားပြတိုက်တဲ့အဖွဲ့အစည်းတစ်ခုပဲ... အဲ့ဒီလူတွေက လူအများအမြင်မှာ ဂုဏ်သိက္ခာရှိတဲ့လူတွေပဲ... ဒါပေမယ့် တန်ခိုးရှင်ခိုင်းစေတဲ့အတိုင်း လုပ်ရတယ်... ကျန်ဝူးတောက က တန်ခိုးရှင်ရဲ့လက်အောက်ခံပဲ... တန်ခိုးရှင်ကို သူတို့မမြင်ဖူးကြဘူး... လျှို့ဝှက်တဲ့နေရာကနေ အသံနဲ့ပဲဆက်သွယ်တယ်... သူတို့ကို သူဌေးအဖြစ် ဆန်ဆင်းပေးထားလို့ တန်ခိုးရှင်လို့ခေါ်တာပဲ"

ယခုမှပင် လုကျောင်းနှင့်ယန်းကျိုကွေမှာ သဘောပေါက်သွား၏။

ထိုအချိန်တွင် သူတို့အား မျက်လုံးတစ်စုံက စောင့်ကြည့်နေသည်ကို မည်သူမှသတိမထားမိပါချေ။

ကျားကြီးတဟူ....။

ကျားကြီးတဟူမှာ ရွာကလေးတစ်ရွာတွင် အရက်သောက်နေ၏။

သူက အနည်းငယ် စိတ်ညစ်နေ၏။

သူ့သခင်ရဲလောက်ဟိုက ရှင်းယုံအား အပါခေါ်ရမည်ဟုအမိန့်ပေးထား၏။

သို့သော် လုကျောင်းနှင့်ယန်းကျိုကွေတို့ကြောင့် ရှင်းယုံအား အပါမခေါ်နိုင်ခဲ့ပေ။

ထိုအခါ ရဲလောက်ဟိုက သူ့အားဆူပူကြိမ်းမောင်းသဖြင့် သူက လက်ရွေးစင်တပည့်လေးယောက်ခေါ်ကာ ရှင်းယုံအား လိုက်ရှာရင်း ဤရွာကလေးသို့ ရောက်လာခြင်းဖြစ်၏။

ညနေစောင်းအချိန်တွင် သူ့တပည့်တစ်ယောက် အပြေးအလွှားရောက်ရှိလာ၏။

"ဆရာ... ကျွန်တော် လူ(၆)ယောက်ကိုတွေ့ခဲ့တယ်"

ကျားကြီးတဟူ၏မျက်နှာရှုံ့မဲ့သွား၏။

"အဲ့ဒါ ငါက ဘာလုပ်ရမှာလဲ"

"အဲ့ဒီမှာ ယောကျ်ားသုံးယောက်... မိန်းမသုံးယောက်... နောက်ပြီး ယန်းကျိုကွေလို့ခေါ်လိုက်သံကြားရတယ်... အဲ့ဒါဆရာရှာနေတဲ့လူစုလို့ ထင်တယ်"

"ယန်းကျိုကွေ... သေချာလား"

"သေချာပါတယ်"

ကျားကြီးတဟူက ပြုံးလိုက်၏။

"မင်းတော်တယ်... သူတို့ကို ဘယ်မှာတွေ့ခဲ့တာလဲ"

"ဘုရားကျောင်းပျက်ထဲမှာ...."

"ဟေ့... သွားကြမယ်"

ကျားကြီးတဟူက ထိုင်ရာမှထလိုက်လေတော့သည်။

ဆယ့်ငါးရက်ဟူသောအချိန်သည် တစ်ခဏလေးနှင့်ကုန်ဆုံးသွား၏။

ရှင်းယုံမှာ အနည်းငယ်စိတ်ပူနေ၏။

ညစာစားနေစဉ် လို့ဖုံးရှန်အား မေးလိုက်၏။

"အစ်ကို... နောက်ဆယ့်ငါးရက်နဲ့ စိန်တုံးကိုပြန်ရှာနိုင်ပါ့မလား"



လို့ဖုံးရှန်က....

"ကြိုးစားရမှာပေါ့... ကျုပ်ကတော့ မရ,ရအောင် ရှာမှာပဲ... တကယ်လို့စိန်တုံးကိုပြန်မရရင်တောင် ခိုးသွားတဲ့ဂိုဏ်းကိုမိအောင် ပြန်ဖမ်းပေးရမှာပေါ့"

လုကျောင်းက....

"မင်းကလည်း ခိုးသွားတဲ့ဂိုဏ်းကိုမိမှတော့ ပြန်ရမှာပေါ့"

ယန်းကျိုကွေက....

"ဒီလိုပြောလို့ ဘယ်ရမလဲ... သူ့လက်ထဲရောက်ပြီး ရောင်းလိုက်ရင် ဘယ်တတ်နိုင်မလဲ... သူခိုးတယ်ဆိုတာဝန်ခံရင် ငါတို့တာဝန်ကျေပြီ... ငါတို့အပြစ်လွတ်ပြီ"

သူတို့ကစကားပြောရင်း ဆိတ်သားခြောက်နှင့် အရက်အားအရသာခံကာ စားသောက်လိုက်၏။

ထိုစဉ် လုကျောင်းက လို့ဖုံးရှန်အား ဂျင်လုမ်းပေးလိုက်၏။

"လို့ဖုံးရှန်... မင်း ဂျင်လှည့်ပြီး အုပ်ထားပေးပါ"

လို့ဖုံးရှန်က ဂျင်လှည့်ကာ အုပ်လိုက်၏။

လုကျောင်းက....

"မင်းတို့ကြိုက်တဲ့အကောင်ယူကြ... ကျန်တာ ငါယူမယ်"

လို့ဖုံးရှန်က....

"ငါက ငါးရှဉ့်"

ကျင်းစုက....

"ကျွန်မက ဖား"

ယန်းကျိုကွေက....

"ငါက မြွေကွ"

လုကျောင်းက....

"ကောင်းပြီ... ဝက်ပဲကျန်တော့တယ်... ဝက်ကျရင် ငါ အောင်မြင်မယ်... မဟုတ်ရင် ကျဆုံးမယ်"

လွှိဖုံးရှန်က....

"မင်းက ဗေဒင်ကြည့်တာလား"

လုကျောင်းက....

"ဟုတ်တယ်... ငါကိစ္စတစ်ခု အကောင်အထည်ဖော်မလို့... မင်းအလှည့်တုန်းက ငါဗေဒင်ကြည့်တာ မှန်တယ်"

ယန်းကျိုကွေက....

"အဲ့ဒါတော့ ဟုတ်တယ်... ဒါနဲ့ မင်းက ဘာအကောင်အထည်ဖော်မလို့လဲ"

လုကျောင်းက....

"ငါ့ကိစ္စပါကွာ... ကဲ... ဖွင့်"

လွှိဖုံးရှန်က လက်အား တဖြည်းဖြည်း ဖွင့်လိုက်၏။

"ဝက်ကွ"

"လုကျောင်း... မင်း အောင်မြင်မယ်"

လုကျောင်း၏မျက်နှာတည်ကြည်လေးနက်သွား၏။ ပြီးနောက် တဖြည်းဖြည်းပြုံးကာ ဘာမှမပြောဘဲ သူအိပ်မည့်နေရာတွင် လှဲချလိုက်လေတော့သည်။

ကျင်းစုက....

"အစ်ကိုလုကျောင်းက ဘာမှလည်းမပြောဘူး"

ယန်းကျိုကွေက....

"နင်တော်တော် အတာပဲ... သူက မကစားရမနေနိုင်လို့ ဂျင်လှည့်ပြီး ကစားသွားတာကွ"

သူ၏စကားကြောင့် အားလုံးက ရယ်မောလိုက်လေတော့



သည်။

လွှိဖုံးရှန်တို့လူစု ခရီးပန်း၍အိပ်ပျော်သွားကြသော်လည်း လုကျောင်းမှာ မအိပ်နိုင်သေးပါ။

သူ့ခေါင်းထဲတွင် ကိစ္စတစ်ခုအား အပြန်ပြန်အလှန်လှန် တွေးတောနေ၏။

သူတို့သုံးယောက်က အရှေ့ဘက်တွင်အိပ်ပြီး ရှင်းယုံတို့မှာ တစ်ဘက်ခန်းတွင်အိပ်ကြ၏။

လုကျောင်း အိပ်မပျော်သဖြင့် လူးလိမ့်သံကို လီလီလည်း ကြား၏။ သူမလည်း အိပ်၍မပျော်ပါ။

ဖခင်မရှိသည့်ကိုယ်ဝန်ကိစ္စအတွက် သူမက အမြဲတစေ စိတ်လေးနေ၏။

လီလီမှာ အိပ်မပျော်သဖြင့်ထကာ အရှေ့ဘက်သို့အသံပြု လိုက်၏။

"အစ်ကိုလုကျောင်း အိပ်မပျော်ဘူးလား"

"ဟုတ်တယ်ဗျာ"

"ကျွန်မလည်း အိပ်မပျော်လို့ ရေနွေးတည်လိုက်မယ်"

သူမက ဘုံကျောင်းပျက်ရှေ့တွင် ထင်းများစုပုံ၍ မီးမွှေးကာ ရေနွေးတည်လိုက်၏။

လုကျောင်းက မီးပုံဆီသို့ထလာခဲ့၏။

လီလီက....

"အစ်ကိုလုကျောင်းက စောစောက ပြောတဲ့လောင်းကစား

ဗေဒင်က အောင်မြင်မယ်ဆိုတာ ဘာကိုပြောတာလဲ"

လုကျောင်းက ဘာမှမဖြေဘဲ မီးပုံကိုစိုက်ကြည့်နေ၏။

တစ်ခဏကြာမှ....

"ကျုပ်ကိစ္စတစ်ခု လုပ်မလို့ပါ... အဲ့ဒါအောင်မြင်မယ် ကျဆုံးမယ်ဆိုတာ ဆန်းစစ်ကြည့်တာပါ"

"ဘာကိစ္စလဲ အစ်ကိုလုကျောင်း"

လုကျောင်းက သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက် လီလီ၏မျက်နှာအားကြည့်ကာ တစ်စုံတစ်ခု ပြောရန်ဟန်ပြင်လိုက်စဉ် နားထဲမှမြင်းခွာသံများ ကြားလိုက်ရ၏။

သူက ဘုံကျောင်းထဲဝင်ကာ ယန်းကျိုကွေတို့အား နှိုးလိုက်လေတော့သည်။

* * *

လုကျောင်းတို့လူစုမှာ ဘုံကျောင်းပျက်ထဲတွင် သတိကြီးစွာဖြင့် အခြေအနေကို စောင့်စားနေ၏။

အတန်ကြာသည့်တိုင်အောင် မည်သည့်လှုပ်ရှားမှုကိုမှမတွေ့ရသဖြင့် သူတို့သည် ထင်းများထပ်ထည့်ကာ ရေနွေးကြမ်းသောက်လိုက်ကြ၏။

ယန်းကျိုကွေက....

"မင်းကြားတာကော သေချာရဲ့လား"

"ငါတစ်ယောက်တည်းကြားတာ မဟုတ်ဘူး... လီလီလည်းကြားတယ်"

လီလီက ခေါင်းညိတ်လိုက်၏။



"ဟုတ်တယ်... ဒီဘက်ကိုလာတဲ့မြင်းခွာသံ ကြားလိုက်ရတယ်... ဒါပေမယ့် ချက်ချင်း ပြန်ပျောက်သွားတယ်"

လို့ဖုံးရှန်က....

"ငါတို့ရန်သူလည်းဖြစ်နိုင်တယ်... သူတို့ကအိပ်တုန်း အလစ်ဝင်တိုက်မယ့်သဘောရှိတယ်... မင်းတို့က မီးဖိုပြီးထိုင်နေတာတွေ့လို့ ရုတ်တရက် ဝင်မတိုက်ရဲဘဲ မိုးလင်းထိအခြေအနေစောင့်နေတာဖြစ်မယ်... ဒါမှမဟုတ် ကျွဲပျောက်နွားပျောက်လိုက်ရှာတဲ့ တောင်သူတွေလည်းဖြစ်နိုင်တယ်... ဘာပဲဖြစ်ဖြစ် အားလုံး သတိထားကြပါ"

သူတို့သည် ပြန်မအိပ်တော့ဘဲ ဆက်ထိုင်နေကြ၏။

မကြာမီ အာရုဏ်ဦး၏အလင်းရောင်ထွက်ပေါ်လာတော့မည်ဖြစ်၏။

* * *

အာရုဏ်ဦး၏အလင်းရောင်ထွက်ပေါ်လာ၏။

လို့ဖုံးရှန်တွက်ဆထားသည့်အတိုင်းပင် အလင်းရောင်ထွက်လာသည်နှင့် စောင့်ဆိုင်းနေသောရန်သူများ သူတို့အား ဝိုင်းရံလိုက်၏။

ရှေ့ဆုံးမှလူအား သူတို့က မှတ်မိလိုက်၏။

"ဩော်... ကျားကြီးတဟူပါလား"

ကျားကြီးတဟူသည် လုကျောင်းတို့လူစုအားခြုံကြည့်ကာ ရှေ့သို့တစ်လှမ်းတိုးလိုက်၏။

"မင်းတို့နဲ့ ငါ စကားပြောချင်တယ်"

"ဘာပြောမှာလဲ"

သူ့အား တွေ့မြင်လိုက်သဖြင့် ရှင်းယုံ၏မျက်နှာ ရှုပ်သွားး၏။

ကျားကြီးတဟူက ရှင်းယုံအား ညွှန်ပြကာ....

"ငါလူမသတ်ချင်ဘူး... တကယ်တော့ အဲဒီမိန်းကလေးက မင်းတို့နဲ့ဘာမှမပတ်သက်ဘူး... ငါနဲ့လည်း မဆိုင်ဘူး... သူ့မိဘက ခေါ်ခိုင်းလို့ခေါ်နေရတာ... အသာတကြည် ထည့်လိုက်ပါ"

လှိုဖုံးရှန်က ရှင်းယုံအား တစ်ချက်ကြည့်လိုက်၏။ ရှင်းယုံက လုံးဝလိုက်ချင်ဟန်မရှိပါ။

သူကလည်း စိတ်မရှည်နိုင်တော့ပါ။ ထို့ကြောင့် ဘာစကားမှမပြောဘဲ ကျားကြီးတဟူထံ ပြေးဝင်ကာ တိုက်ခိုက်လိုက်၏။

တဟူ၏တပည့်များမှာ ချက်ချင်းပင် လက်နက်များဆွဲထုတ်လိုက်၏။

လုကျောင်းက သူ့ထံပြေးဝင်လာသူများကို ဆီးကြိုတိုက်ခိုက်လိုက်ရာ နှစ်ယောက်စလုံးနောက်သို့ လန်ကျသွား၏။

ရှင်းယုံ၊ ကျင်းစုနှင့်လီလီမှာလည်း အနားတွင်တွေ့ရသောခဲလုံးများကိုကောက်ယူကာ ပစ်ပေါက်လိုက်၏။

သူမတို့သည် သိုင်းပညာမတတ်သော်လည်း တဟူ၏တပည့်များအား အနှောင့်အယှက်ပေးနိုင်၏။

ယန်းကျိုကွေမှာ သူ၏သန်မာသောလက်သီးဖြင့် အနီးဆုံးမှ လူအား ပြေးထိုးလိုက်၏။

"ခွပ်...."

"ဝုန်း...."

ထိုလူမှာ ဇက်ကျိုးကျသွား၏။

လုကျောင်းကလည်း သခင်လေးစုံကိစ္စနှင့်ပတ်သက်ပြီး ရန်



သူများကို လုံးဝမညှာနိုင်တော့ပါ။

ရန်သူတစ်ယောက်၏ဓား သူ့လက်ထဲရောက်သွားပြီး....

"အား...."

ရန်သူတစ်ယောက်၏ဝိညာဉ်အား ဆွဲထုတ်လိုက်၏။

သူ့လူများ တစ်ယောက်ပြီးတစ်ယောက်သေဆုံးနေသဖြင့် ကျားကြီးတဟူမှာ အခြေအနေမဟန်မှန်း နားလည်လိုက်၏။

သူက လှည့်ထွက်ပြေးရန် ဟန်ပြင်လိုက်၏။ သို့သော် လှိုဖုံးရှန်က အလွတ်မပေးတော့ပါ။

တဟူ လှည့်ထွက်ပြေးမည့်ဘက်အား ညှပ်ကာ တိုက်ခိုက်လိုက်၏။

လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်ရာ တဟူမှာ အသံမထွက်နိုင်ပါ။

ထိုအချိန်တွင် သခင်လေးစုံအတွက် စိတ်နာနေသောလီလီက သူ့အနီးတွင်ကျနေသော ဓားအားကောက်ယူပြီး တဟူ၏ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်၏။

"ဖွပ်...."

ကျားကြီးတဟူနှင့်သူ့တပည့်လေးယောက်မှာ တစ်ယောက်မှအသက်မရှိကြတော့ပါ။

လှိုဖုံးရှန်က....

"ကောင်းတယ်... ရန်သူကို ဒီလိုပဲတိုက်ခိုက်ရမယ်"

ကျန်လူများက သူ့စကားအားထောက်ခံသော်လည်း ရှင်းယုံက သူ့အား မျက်လုံးပြူးကာ ကြည့်မိနေလေတော့သည်။

ကျုံ့ကွမ်းမြို့....။

လှိုင်ဖုံးရှန်တို့လူစုသည် ကျုံ့ကွမ်းမြို့သို့ ရောက်နေသည်မှာ (၃)ရက်ခန့်ရှိပြီဖြစ်သော်လည်း ရန်သူအား ခြေရာမခံနိုင်သေးသဖြင့် စိတ်လေးနေကြ၏။

တစ်လပြည့်ရန်ရက်မှာ အနည်းငယ်သာ ကျန်တော့၏။

သူတို့သည် ကျုံ့ကွမ်းမြို့မှ ရှင်းယုံ၏သူငယ်ချင်းတစ်ယောက် အိမ်တွင် တည်းခိုကြ၏။

သူငယ်ချင်းမှာ ထိုချောင်ကျလှသောအိမ်အား ဝယ်ယူထားသော်လည်း ချောင်ကျလှသဖြင့်မနေပေ။

ရှင်းယုံက တိတ်တဆိတ်ဆက်သွယ်ပြီး အကူအညီတောင်းသောအခါ လက်ခံလိုက်၏။

သူမသည် ထိုသူငယ်ချင်းမှတစ်ဆင့် မိခင်နှင့်ဆက်သွယ်၏။

သို့သော် မိခင်ဖြစ်သူ နေပြည်တော်သို့ခရီးထွက်သွားသဖြင့် အဆက်အသွယ်မရပေ။

လှိုင်ဖုံးရှန်၊ ယန်းကျိုကွေနှင့်လုကျောင်းသည် မနက်မိုးလင်းမှညနေစောင်းအထိ စုံစမ်းကြသော်လည်း မည်သည့်သတင်းမှမရပါ။

သူတို့သည် ညဘက်တွင် ဝိုင်းဖွဲ့အရက်သောက်ရင်း ဆွေးနွေးတိုင်ပင်ကြ၏။

လှိုင်ဖုံးရှန်က....

"ကျန်ဝူးတောက်က တကယ်ပဲ ဒီကိုရောက်ခဲ့တာ မှန်လိမ့်



မယ်... ဒါပေမယ့် သူက ဘယ်သူ့ဆီသွားတယ်... ဘယ်လိုဆက်သွယ်တယ်ဆိုတာ အခုထိစုံစမ်းလို့မရဘူး"

သူ၏အသံမှာ အနည်းငယ် စိတ်ဓာတ်ကျနေ၏။

လုကျောင်းက....

"မင်းက ရွှေခရုစားသောက်ဆိုင်ကိုကော စုံစမ်းပြီးပြီလား'

လှိုင်ဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"ရောက်ပြီးပြီ"

"ဘာသိရသလဲ"

"ဘာမှမထူးပါဘူးကွာ... လွန်ခဲ့တဲ့ရက်ပိုင်းက လူတစ်ယောက် လာတည်းခိုတယ်... သူ့တပည့်လေးယောက်ပါတယ်... ဒါပေမယ့် နောက်တစ်နေ့မနက်မှာပဲ အဲ့ဒီလူရဲ့အလောင်းပြန်ရောက်လာတယ်"

လုကျောင်းက....

"သူ့ကိုမိန်းမတွေက စိတ်နာပြီး သတ်လိုက်တာကောမဖြစ်နိုင်ဘူးလား"

လှိုင်ဖုံးရှန်က....

"ငါပြောပြီးလေ... အဲ့ဒါလှည့်ကွက်ဖြစ်နိုင်တယ်... ကျန်ဝူးတောက်က စိန်တုံးကိုရလာရင် ပေးစရာရှိတဲ့လူကို အရင်သွားပေးမှာပဲ... မိန်းမနဲ့အပျော်အပါး အရင်လိုက်စားမှာမဟုတ်ဘူး... ဒါဟာ ကျန်ဝူးတောက်ဆီက စိန်တုံးကိုရသွားတဲ့လူ ဆင်လိုက်တဲ့လှည့်ကွက်လို့ ငါထင်တယ်"

သူတို့အားလုံး ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်သွား၏။

အတန်ကြာမှ လှိုင်ဖုံးရှန်က....

"ငါကတော့ ဒီလိုလုပ်ချင်တယ်"

လုကျောင်းနှင့်ယန်းကျိုကွေက ပြိုင်တူပင်....

"ဘယ်လိုလုပ်ချင်တာလဲ"

လှိုဖုံးရှန်က....

"ရန်သူကိုဖိတ်ခေါ်ချင်တယ်"

"ဘယ်လိုဖိတ်ခေါ်ချင်တာလဲ"

လှိုဖုံးရှန်က....

"ဒီလိုကွာ... ဒီမှာရှိနေတဲ့ဒုစရိုက်သမားတွေက အာရုံစိုက်လာအောင် အနိုးခံရတဲ့စိန်တုံးကိုပြန်စုံစမ်းဖို့ ရောက်လာတာပါလို့ ငါ လျှောက်ပြောရင် တကယ့်စိန်တုံးရှိထားတဲ့ရန်သူက ငါ့ကိုမျက်ခြေပြတ်ထားတော့မှာမဟုတ်ဘူး... သတ်ပစ်ဖို့ကြိုးစားမှာပဲ"

လုကျောင်းက....

"ဟာကွာ... ကိုယ့်သေတွင်းကိုယ်တူးသလို ဖြစ်နေပါဦးမယ် ... ရန်သူကမသိရင် ငါတို့တပန်းသာနေတယ် မဟုတ်လား"

လှိုဖုံးရှန်က....

"မင်းပြောတာ မှန်တယ်... ဒါပေမယ့် ငါတို့မှာ အချိန်မရှိဘူးကွ... အချိန်ကိုလုပြီး လှုပ်ရှားရတော့မယ်"

ယန်းကျိုကွေက....

"ငါတို့ကကြောက်လို့မဟုတ်ဘူး.. မင်းတခြားနည်းလမ်းစဉ်းစားပါဦးကွာ"

လှိုဖုံးရှန်က အတန်ကြာစဉ်းစားပြီးမှ....

"ရှင်းယုံ... နင့်ပထွေး ရဲလောက်ဟိုက လူဆိုးကြီးတစ်ယောက်ဆို... ဘယ်လိုဆိုးတာလဲ"

ရှင်းယုံက....

"သူက ရတနာကုန်သည်ကြီးပါ... ရတနာအရောင်းအဝယ်



လုပ်ပါတယ်... သူ့မှာတပည့်တွေ တော်တော်များတယ်... ကျွန်မ အကဲခတ်မိတာတော့ သူတို့က တစ်ခါတလေ ဓားပြတောင် ထွက်တိုက်တယ်ထင်တယ်"

လှိုဖုံးရှန်က မျက်မှောင်ကုတ်ကာ တွေးနေ၏။

ရှင်းယုံ၏ပထွေး ရဲလောက်ဟိုသည် ကျန်ဂူးတောက်နှင့် အဖြစ်အပျက်တူနေ၏။

သူတို့သည် တန်ခိုးရှင်၏ လက်အောက်ခံဂိုဏ်းဖြစ်နေမည်လော။

လှိုဖုံးရှန်သည် ရဲလောက်ဟို၏အကြောင်းအား **စုံစမ်း၏။**

သို့သော် ရှင်းယုံ၏မိခင်နှင့် ပတ်သက်နေသဖြင့် သူက ဘာလုပ်ရမှန်းမသိပေ။

သူက ရှင်းယုံအား တစ်ချက်ကြည့်ကာ....

"ရှင်းယုံ... ကျုပ် ရဲလောက်ဟိုကိုစုံစမ်းချင်တယ်... တကယ်လို့ ကျုပ်ထင်တဲ့အတိုင်းဖြစ်လာရင် ကျုပ် ဘယ်လိုမှညှာနိုင်မှာမဟုတ်ဘူး... နင့်သဘောက ဘယ်လိုလဲ"

ရှင်းယုံက ချက်ချင်းပြန်မဖြေပါ။ ရဲလောက်ဟိုသည် သူမ၏ ပထွေးဖြစ်သော်လည်း မိခင်၏ ယောကျ်ားဖြစ်နေ၏။

ထို့ပြင် ရဲလောက်ဟိုတွင် တပည့်လက်သားများစွာရှိသဖြင့် လှိုဖုံးရှန်အတွက် စိုးရိမ်မိ၏။ သူမက မည်သို့ဆုံးဖြတ်ရမှန်းပင်မသိပါ။

"အစ်ကိုက ဘယ်လိုစုံစမ်းချင်လို့လဲ"

လှိုဖုံးရှန်က....

"ငါက စိန်တုံးခိုးတဲ့အဖွဲ့ကိုဖော်ထုတ်ချင်လို့ ကျုံကွမ်းမြို့ကိုလာတယ်ဆိုတဲ့အကြောင်းကို ဒုစရိုက်သမားတွေသိအောင် ပြောမယ် ... အဲ့ဒီအခါမှာ ရန်သူအစစ်က ငါ့ကိုလုပ်ကြံဖို့ကြိုးစားမှာပဲ"

ရှင်းယုံက....

"သူတို့ ဘယ်လောက်ကောက်ကျစ်သလဲဆိုတာ သိရဲ့သားနဲ့ ... ဒီလိုပြောင်ပြောင်တင်းတင်းဖော်ထုတ်ဖို့ မသင့်ဘူး... တခြားနည်းနဲ့ ရန်သူကိုစုံစမ်းပါ"

လွှီဖုံးရှန်မှာ ပါးစပ်ပိတ်သွား၏။

အတန်ကြာမှ သူက ခေါင်းတစ်ချက်ခါယမ်းကာ....

"ငါတို့မှာ အချိန်မရှိတော့ဘူး ရှင်းယုံ... အန္တရာယ်ကြားကိုပဲ တိုးဝင်ရတော့မှာပဲ... လုကျောင်းနဲ့ယန်းကျိုကွေ...."

လုကျောင်းနှင့်ယန်းကျိုကွေက သူ့အား မော့ကြည့်ကာ....

"ပြောပါ"

လွှီဖုံးရှန်က....

"ငါ တခြားနည်းလမ်း သိပ်စဉ်းစားလို့မရတော့ဘူး... မင်းတို့က ငါ့နောက်ကနေ အခြေအနေကိုတစေ့တစောင်း အကဲခတ်ပါ... ရှင်းယုံကိုလည်း လုံးဝမျက်ခြေပြတ်မထားပါနဲ့...."

"ကောင်းပါပြီ"

"ငါ မနက်ဖြန်ကစပြီး လှုပ်ရှားမယ်... အချိန်သိပ်မရှိတော့ဘူး"

လုကျောင်းက....

"ကောင်းပါတယ်... ထိုင်စောင့်နေတာထက် ပြေးတွေ့လိုက်တာ အကောင်းဆုံးပါပဲ"

သူတို့သည် နောက်ဆုံး လွှီဖုံးရှန်၏အကြံကိုလက်ခံသဘောတူလိုက်ရလေတော့သည်။



## သူဌေးကြီးရဲ့လောက်ဟို

သူဌေးကြီးရဲ့လောက်ဟို....။

သူဌေးကြီးရဲ့လောက်ဟိုသည် ကျုံကွမ်းမြို့တွင်နာမည်ကြီးသော သူဌေးကြီးတစ်ဦးဖြစ်၏။

ယခု သူဌေးကြီးရဲ့လောက်ဟို၏ ဂေဟာရှေ့ မလှမ်းမကမ်းတွင် အသက်(၃၀)ခန့် အမျိုးသမီးတစ်ဦး မယောင်မလည်ရပ်နေ၏။

သူမ၏မျက်နှာပေါ်တွင် ဝမ်းနည်းသော၊ နာကြည်းသောအရိပ်အယောင်များ ဖုံးလွှမ်းနေ၏။

သူမသည် ဂေဟာကြီးရှေ့သို့လာရောက်ကာ တစ်စုံတစ်ယောက်အား တွေ့လိုတွေ့ငြား ရှာကြည့်နေတတ်၏။

သူမ ထိုသို့ကြည့်နေသည်မှာ (၃)ရက်ခန့်ရှိပြီ ဖြစ်၏။

ယနေ့လည်း သူမသည် ထုံးစံအတိုင်း မယောင်မလည်နှင့် ရပ်ကြည့်နေ၏။

ထိုစဉ် သူမရှေ့မှ အစိမ်းရောင်ဝတ်စုံနှင့် လူတစ်ယောက် ဖြတ်လျှောက်သွားကာ ဂေဟာကြီးထဲ ဝင်ရောက်သွား၏။

အမျိုးသမီးသည် ထိုလူပြန်ထွက်အလာကို စောင့်ဆိုင်းနေ၏။

လူငယ်မှာ ဂေဟာထဲသို့ တန်းတန်းမတ်မတ် ဝင်ရောက်သွားလေသည်။

ရဲလောက်ဟိုး၏ဂေဟာထဲသို့ ဝင်ရောက်သွားသည့် အစိမ်းရောင်ဝတ်စုံနှင့်လူမှာ လွီဖုံးရှန်ဖြစ်၏။

လွီဖုံးရှန်သည် ဂေဟာထဲသို့ဝင်ရောက်ကာ ခေါင်းလောင်းကြိုးကိုဆွဲလှုပ်လိုက်၏။

"တောင်... တောင်...."

ဂေဟာထဲမှာ ခန္ဓာကိုယ်အနည်းငယ်ထွားကျိုင်းသောလူတစ်ဦး ထွက်လာ၏။

ထိုလူမှာ အသက်(၄၀)ကျော် (၅၀)ခန့်ရှိမည်ဟု ထင်ရ၏။

မျက်နှာမှာ သဘောကောင်းမည့်ပုံဖြစ်၏။

"ဘာကိစ္စရှိလို့လဲ ငါ့တူ"

သူ၏အသံမှာ ချိုချိုသာသာဖြစ်၏။

လွီဖုံးရှန်က ဦးညွတ်ကာ....

"ကျွန်တော် သူဌေးကြီးရဲလောက်ဟိုနဲ့တွေ့ချင်လို့ပါ"

ထိုလူက တံခါးအားဆွဲဖွင့်ကာ....

"ရဲလောက်ဟိုက ကျုပ်ပါပဲ... အထဲဝင်ပါဦး"

သူ၏ဖိတ်ခေါ်စကားကြောင့် လွီဖုံးရှန်မှာ အံ့အားသင့်သွား၏။

သူသိထားသည်မှာ ရှင်းယုံ၏ပထွေးရဲလောက်ဟိုသည် လူ



ဆိုးလူမိုက်ဖြစ်၏။

တစ်ခါတလေ ခားပြပင်တိုက်သည်ဟု ရှင်းယုံ ပြောပြ၏။

မယားပါသမီး ရှင်းယုံအား ပြန်ရရန် လူမိုက်များကိုပင်လွှတ်၍ အခေါ်ခိုင်းသည်ကို သူကိုယ်တိုင်သိခဲ့ရ၏။

ယခု ရဲလောက်ဟိုမှာ ရတနာကုန်သည်တစ်ယောက်၏ ဥပမိရုပ်သွင်ရှိသည့်အပြင် စကားအပြောအဆိုမှာလည်း ယဉ်ကျေးညင်သာလှ၏။

ထိုလူမှာ ရဲလောက်ဟို ဟုတ်မှဟုတ်ပါ့မလားဟု လွီဖုံးရှန်က သံသယဖြစ်မိ၏။ ရှင်းယုံအား ပြန်မေးရမည်ဖြစ်၏။

လွီဖုံးရှန်သည် ရဲလောက်ဟိုညွှန်ပြသည့် ကုလားထိုင်၌ ဝင်ရောက်ထိုင်ချလိုက်၏။

"ခင်ဗျားက ရဲလောက်ဟို ဟုတ်လား"

ရဲလောက်ဟိုက သူ့အား ပြုံးကြည့်ကာ....

"ကျုပ်က ရဲလောက်ဟိုဆိုတာ ကျိုကွမ်းမြို့တစ်ခုလုံး သိတယ်... မင်းက မယုံဘူးလား... ဒါနဲ့ မင်းက ဘာကိစ္စလာတာလဲ"

လွီဖုံးရှန်က စိတ်ကိုတင်းလိုက်၏။

"ဒီလိုပါ... ကျွန်တော်က ချန်အန်းမြို့ကလာတာပါ... ဘုရင်မင်းမြတ်ရဲ့ စိန်တုံးပျောက်သွားတဲ့ကိစ္စဖော်ထုတ်စုံစမ်းဖို့ ချန်အန်းမြို့တော်ဝန်က ကျွန်တော့်ကိုတာဝန်ပေးထားပါတယ်"

လွီဖုံးရှန်က စကားရပ်ကာ ရဲလောက်ဟိုအား အကဲခတ်ကြည့်လိုက်၏။

ရဲလောက်ဟိုမှာ လုံးဝဟန်မပျက်ပါ။

"ဪ... မင်းက အထူးစုံစမ်းထောက်လှမ်းရေးသမားပေါ့

... ကောင်းပါတယ်... ဒါနဲ့ ကျုပ်ဆီကို ဘယ်လိုအကြောင်းထူးရှိလို့ ရောက်လာတာလဲ"

လွှီဖုံးရှန်က အနည်းငယ် စဉ်းစားပြီးမှ....

"ဩော်... သူဌေးမင်းက ရတနာကုန်သည်မဟုတ်လား... အကယ်၍ စိန်တုံးခိုးသူကရောင်းချင်ရင် သူဌေးမင်းတို့ကိုပဲ လာရောင်းမှာပေါ့... ဒါကြောင့်...."

ရဲလောက်ဟိုက လက်ကာပြလိုက်၏။

"ဒီလိုပြစ်မှုနဲ့ မလွတ်ကင်းတဲ့ရတနာပစ္စည်းကို ကျုပ်ကတော့ အရောင်းအဝယ်မလုပ်ရဲပါဘူး"

သူ၏ပြောဟန်ဆိုဟန်မှာ သာမန်ကုန်သည်သူဌေးကြီးကဲ့သို့ပင် ရိုးသားလှ၏။

ထိုစဉ် အိမ်စေမိန်းကလေးက အချိုရည်များ လာရောက်ချပေး၏။

"သုံးဆောင်ပါဦး"

ရဲလောက်ဟိုက လှမ်းပေးသဖြင့် လွှီဖုံးရှန်က ယူထားလိုက်၏။ သို့သော် မသောက်သေးဘဲ ရှေ့တွင်ချထားလိုက်၏။

ရဲလောက်ဟိုက သူ့ခွက်ထဲမှ အချိုရည်အား တစ်ဝက်သောက်လိုက်ပြီး....

"ဒီမြို့မှာ ကျုပ်လိုပဲ ရတနာကုန်သည်နှစ်ယောက် ရှိပါသေးတယ်... မင်း သွားစုံစမ်းပြီးပြီလား"

လွှီဖုံးရှန်က ခေါင်းခါယမ်းလိုက်၏။

"မစုံစမ်းရသေးပါဘူး"

ရဲလောက်ဟိုက ပြုံးကာ....



"ဒါနဲ့ မင်းက ချန်အန်းမြို့မှာနေပြီး ကျုပ်နာမည်ကိုသိနေတယ်နော်"

လွှီဖုံးရှန်မှာ သူလိုချင်သောအကွက်ထဲ ဝင်လာပြီဖြစ်၍ ခေါင်းညိတ်လိုက်၏။

"ဒီလိုပါ... သူဌေးမင်းရဲ့သမီးရှင်းယုံနဲ့ ကျွန်တော်နဲ့ခင်မင်ကြပါတယ်... ရှင်းယုံက သူ့အဖေက ရတနာကုန်သည်လို့ပြောလို့ သိခဲ့ရတာပါ"

ရှင်းယုံ၏အမည်ပါလာသောကြောင့် ရဲလောက်ဟို၏မျက်နှာ အနည်းငယ် ပျက်ယွင်းသွား၏။

"ဩော်... ငါ့တူက ရှင်းယုံနဲ့မိတ်ဆွေတွေကိုး... ရှင်းယုံက ကျုပ်သမီး အရင်းမဟုတ်ပါဘူး... ကျုပ်ဇနီးကပါလာတာပါ... ကျုပ်က သားသမီးမရတော့ သူ့ကိုသမီးလေး အရင်းလိုချစ်ပါတယ်... ဒါပေမယ့် သူကတော့ ကျုပ်ကိုပထွေးဆိုပြီး ခါးခါးသီးသီးမုန်းနေတယ်... ကျုပ်မှာတော့ သူအိမ်ကထွက်သွားတော့ ကျုပ် အပြစ်မကင်းသလိုခံစားရလို့ သူ့အမေကိုအားနာနေရတာ... ဒါကြောင့် တပည့်တွေလွှတ်ပြီး ရှာခိုင်းတယ်... ကံဆိုးချင်တော့ ကျုပ်တပည့်တွေတောင် အသတ်ခံရတယ်"

လွှီဖုံးရှန်မှာ ဘယ်စကားကိုယုံရမှန်းမသိတော့ပါ။

ရဲလောက်ဟို၏ပုံစံမှာ အမှန်တကယ်ပင် ဖခင်စိတ်ရှိသူတစ်ယောက်၏လေသံဖြစ်၏။

သူသည် လူဆိုးကြီးတစ်ယောက်ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားစရာဖြစ်လာ၏။

ရဲလောက်ဟိုပြောသကဲ့သို့ပင် ရှင်းယုံက ပထွေးကို အလိုလို

မုန်းတီးစိတ်ဝင်နေခြင်းလော။

ကျားကြီးတဟူသည် အသတ်ခံရသည်အထိ ရှင်းယုံအား လက်ဖျားနှင့်ပင် မတို့ခဲ့သည်ကို သတိရလာ၏။

အကယ်၍ ရဲလောက်ဟိုက မကောင်းစိတ်မွေးပါက သူ့တပည့်များအား မရရသည့်နည်းနှင့် ခေါ်ခိုင်းမှာသေချာ၏။

ရဲလောက်ဟိုက....

"ဒါနဲ့ ရှင်းယုံက ချန်အန်းမြို့မှာပဲလား"

လွီဖုံးရှန်က ခေါင်းခါယမ်းလိုက်၏။

"မတွေ့ရတာ ကြာပါပြီဗျာ"

ရဲလောက်ဟိုက....

"တကယ်တော့ ကျုပ်ကိုက ကံဆိုးတာပါဗျာ... နည်းနည်းလောက် ဆူပူမိတာနဲ့ ပထွေးဆိုပြီး အနိုင်ကျင့်တယ်လို့ အပြောခံရတယ်... တချို့မိဘတွေဆိုရင် သွေးထွက်သံယိုဖြစ်အောင်ကို ရိုက်နှက်ဆုံးမတတ်ကြတယ်ဗျ"

လွီဖုံးရှန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ဗျာ"

ရဲလောက်ဟိုက....

"တကယ်လို့ သူ့ကိုတွေ့ရင် ပြန်ပို့ပေးပါဗျာ... ကျုပ်ကျေးဇူးဆပ်ပါ့မယ်... သူထွက်သွားတာ ကျုပ်ကြောင့်ဆိုပြီး သူ့အမေက အပြစ်တင်နေတော့ ကျုပ် အနေရခက်လို့ပါ... သူ့ကိုလည်း ပြောပြပေးပါ... နောက်နောင် ကျုပ်က သူ့ကိုလုံးဝမဆူတော့ပါဘူးလို့... ပြန်လာခဲ့ပါလို့ ဖျောင်းဖျပေးပါ"

သူ၏စကားကြောင့် လွီဖုံးရှန်ပင် သူ့အား သနားမိ၏။



"ဒါနဲ့သူ့အမေကော...."

ရဲလောက်ဟိုက....

"သူ့အမေက ဗီကင်းသွားပါတယ်... မကြာခင် ပြန်လာမှာပါ"

လွီဖုံးရှန်က....

"ကျွန်တော် ပြန်လိုက်ပါဦးမယ်... တကယ်လို့ စိန်တုံးကိစ္စသတင်းရရင် ကျွန်တော့်ကိုအကြောင်းကြားပါ"

ရဲလောက်ဟိုက ခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီ... ဒါနဲ့ မင်းက ဘယ်မှာတည်းတာလဲ... အပြင်မှာတည်းရတာ အဆင်မပြေရင် ဒီမှာလာတည်းနိုင်ပါတယ်... ရှင်းယုံရဲ့မိတ်ဆွေဆိုတော့ လိုအပ်တာရှိရင် အကူအညီတောင်းနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

လွီဖုံးရှန်သည် နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့လေတော့သည်။

လွီဖုံးရှန်သည် ရဲလောက်ဟို၏ဂေဟာထဲမှ ပြန်ထွက်လာခဲ့၏။

သူ့စိတ်ထဲတွင် ပို၍ရှုပ်ထွေးသွား၏။

ရဲလောက်ဟိုသည် တန်ခိုးရှင်၏လူဖြစ်နေသည်လော။ သူ့စကားများမှာ သာမန်လူကဲ့သို့ ရိုးသားနေ၏။ သူက ဟန်ဆောင်နေခြင်းလော။

အကယ်၍ သူက ဟန်ဆောင်သူဖြစ်ပါက ယနေ့ပင် မိမိအား သတ်ရန် လူသတ်သမားများရောက်လာနိုင်၏။

သူသည် ထိုသို့တွေးရင်း ခေါင်းငိုက်စိုက်ချကာ ခြံဝင်းထဲမှ လှမ်းထွက်လာ၏။

ထိုစဉ် သူ့နောက်ဘက်မှခေါ်သံတစ်ခု ထွက်လာ၏။

"မောင်လေး... မောင်လေး..."

လှိုင်ဖုံးရှန်က လှည့်ကြည့်လိုက်၏။

သူ့ထက် အသက်အနည်းငယ် ကြီးဟန်တူသော အမျိုးသမီး တစ်ယောက်အား တွေ့လိုက်ရ၏။

"အစ်မ... ကျွန်တော့်ကိုခေါ်တာလား"

ထိုအမျိုးသမီးက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

"ဘာကိစ္စလဲဗျာ"

အမျိုးသမီးက သူ့အားကြည့်ကာ...

"မင်းက ရဲလောက်ဟိုရဲ့ဧည့်သည်လား"

လှိုင်ဖုံးရှန်က အမျိုးသမီးအားတစ်ချက် အကဲခတ်ကာ...

"ကျွန်တော်က သူ့ဧည့်သည်မဟုတ်ပါဘူး... ကိစ္စတစ်ခုရှိလို့ သူ့ကိုလာတွေ့တာပါ... အစ်မက ဘာဖြစ်လို့မေးတာလဲ"

အမျိုးသမီးက...

"အဲ့ဒီမှာ အစ်မတွေ့ချင်တဲ့လူတစ်ယောက် ရှိနေသလားလို့ ပါ"

လှိုင်ဖုံးရှန်က...

"အစ်မကိုယ်တိုင်ဝင်မေးပါလား"



အမျိုးသမီးက...

"မဖြစ်ဘူး... သူက ရတနာကုန်သည်ကလွဲပြီး ဘယ်သူ့ကိုမှ လက်ခံတာမဟုတ်ဘူး"

လှိုင်ဖုံးရှန်က...

"အစ်မက ဘယ်သူ့ကိုတွေ့ချင်တာလဲ"

အမျိုးသမီးက...

"ကျန်ဝူးတောက်ပါ... သူ အဲ့ဒီမှာရှိမလားလို့"

သူမ၏စကားကြောင့် လှိုင်ဖုံးရှန်မှာ အလွန်အံ့အားသင့်သွား ၏။

ထိုအမျိုးသမီးသည် အဘယ်ကြောင့် သေဆုံးသွားသော ကျန်ဝူးတောက်အား လာစုံစမ်းနေပါသနည်း။

သူက စိတ်ဝင်စားလာ၏။

"သူက အစ်မနဲ့ဘယ်လိုပတ်သက်လို့လဲ"

အမျိုးသမီးက...

"မင်းကို ဒါတွေပြောလို့မဖြစ်သေးပါဘူး... ဒီလူယုတ်မာနဲ့ ပေါင်းရင် တစ်နေ့ အန္တရာယ်နဲ့တွေ့ရမှာပဲ"

လှိုင်ဖုံးရှန်က မျက်မှောင်ကုတ်သွား၏။

"ရဲလောက်ဟိုက စိတ်ထားကောင်းပါတယ်... အစ်မက ဘာ ဖြစ်လို့ လူယုတ်မာလို့စွပ်စွဲရတာလဲ"

အမျိုးသမီးက သူ့အား မျက်စောင်းထိုးကြည့်ကာ...

"တော်စမ်းပါ... မင်းလည်း စုံချီလိုပဲ"

"စုံချီ... ဟုတ်လား"

လှိုင်ဖုံးရှန်မှာ ပို၍နားရှုပ်လာ၏။

"ဟုတ်တယ်... စုံချိုကလည်း ငါ့ကို ဒီလိုပဲပြောတယ်... ဟိုအရင်ကတော့ သူတို့ အဲ့ဒီလိုမထင်ကြဘူး"

လှိုဖုံးရှန်မှာ ခေါင်းရှုပ်လာသဖြင့်....

"အစ်မ... ကျွန်တော်သွားတော့မယ်"

ဟု နှုတ်ဆက်လိုက်၏။

အမျိုးသမီးက....

"ဒီအိမ်ထဲမှာ ကျန်ဂူးတောက်မရှိတာ သေချာတယ်နော်"

ကျန်ဂူးတောက် သေဆုံးသွားသည်ကို ထိုအမျိုးသမီး တကယ်မသိသေးပေ။

"အစ်မ... ကျန်ဂူးတောက်ကိုမစောင့်ပါနဲ့တော့"

အမျိုးသမီးက မျက်မှောင်ကုတ်သွား၏။

"ဟင်... မင်းစကားက ဘာအဓိပ္ပာယ်လဲ... သူ သေသွားပြီလား... သူသေတာဆိုရင်တော့ ရဲလောက်ဟိုသတ်တာပဲဖြစ်မယ်"

လှိုဖုံးရှန်က....

"အစ်မက သူသတ်တာလို့ ဘာဖြစ်လို့ပြောနိုင်တာလဲ"

"မင်းကိုပြောလည်း ယုံမှာမဟုတ်ပါဘူး"

အမျိုးသမီးက ပြောရင်း မျက်ရည်များစီးကျလာကာ လမ်းမကြီးအတိုင်း လျှောက်သွား၏။

သူမ၏နောက်မှ လှိုဖုံးရှန်က မသိမသာ လိုက်သွား၏။

သူမသည် လမ်းနှစ်လမ်းအား ကျော်လွန်ပြီး တတိယလမ်းချိုးတစ်ခုထဲသို့ ချိုးဝင်သွား၏။

ထို့နောက် အနည်းငယ်သေးသော်လည်း သပ်ရပ်သည့်အိမ်တစ်လုံးထဲသို့ဝင်ရောက်သွား၏။



လှီဖုံးရှန်မှာ အမျိုးသမီးကွယ်ပျောက်သွားမှပြန်လှည့်ထွက်လာလေတော့သည်။

လှီဖုံးရှန်သည် လမ်းလျှောက်ရင်း စဉ်းစားနေ၏။

သူက တစ်ခါတစ်ရံနောက်သို့မသိမသာ ကြည့်လိုက်၏။

ထိုအခါ လုကျောင်းနှင့် ယန်းကျိုကွေသည် လူချင်းခွဲကာ သူ့နောက် ခပ်လှမ်းလှမ်းတွင်ပါလာသည်ကိုတွေ့လိုက်၏။

သူက ရှင်းယုံတို့ရှိရာသို့ပြန်သွား၏။

ရှင်းယုံက သူ့အား ဆီးကြိုကာ....

"အစ်ကို... ကျွန်မတို့အိမ်ရောက်ခဲ့လား... ဘာထူးသလဲ"

လှီဖုံးရှန်က....

"နင် ခဏလိုက်ခဲ့"

ရှင်းယုံက ဘုမသိဘမသိနှင့်လှီဖုံးရှန်ခေါ်ဆောင်ရာသို့ လိုက်လာခဲ့၏။

"အစ်ကို ဘယ်သွားမလို့လဲ"

လှီဖုံးရှန်က....

"ငါပြတဲ့လူက နင့်ပထွေးဟုတ်မဟုတ် ကြည့်ပေးပါ"

ရှင်းယုံက မျက်လုံးပြူးကာ....

"ကျွန်မကို သူမြင်သွားဦးမယ်"

"မမြင်နိုင်အောင် တစ်နေရာက ကြည့်ကြမယ်"

သူတို့သည် သစ်ပင်တစ်ပင်အား အကာအကွယ်ယူကာ ရဲ

လောက်ဟို၏အိမ်သို့စောင့်ကြည့်ကြ၏။

မကြာမီ ရဲလောက်ဟိုအိမ်ရှေ့သို့ထွက်လာကာ ပန်းဥယျာဉ်ဘက်သို့ဆင်းသွား၏။

"အစ်ကို... အဲ့ဒါ ကျွန်မပထွေးပဲ"

ရှင်းယုံက ပြောလိုက်သဖြင့် လွှီဖုံးရှန်က မျက်မှောင်ကုတ်ကာ....

"ဟင်... ဒါဆိုရင် ငါ လူမမှားပါဘူး"

"ဘာဖြစ်လို့လဲ အစ်ကို"

လွှီဖုံးရှန်က....

"လာကွာ... ငါတို့ရွှေခရစားသောက်ဆိုင်မှာ စားသောက်ရင်း စကားပြောကြမယ်"

သူတို့နှစ်ယောက်သည် အခြားလူများကြားတွင်ရောနှောကာ ထိုနေရာမှထွက်လာခဲ့လေတော့သည်။

ရွှေခရစားသောက်ဆိုင်....။

ရွှေခရစားသောက်ဆိုင်သည် ကျန်ဂူးတောက်ကျုံကွမ်းမြို့ရောက်စဉ်က တည်းခိုခဲ့သောစားသောက်ဆိုင်ဖြစ်၏။

လွှီဖုံးရှန်သည် ကျန်ဂူးတောက်အကြောင်းစုံစမ်းရင်း ထိုဆိုင်မှ ဆိုင်လုလင်များနှင့်ရင်းနှီးခဲ့၏။

သူတို့သည် အနည်းငယ်ချောင်ကျသော စားပွဲတွင်ထိုင်ကာ စားစရာအချို့ကို မှာစားလိုက်၏။



ရှင်းယုံက....

"အစ်ကို... ဘာဖြစ်လို့လဲ"

လွှီဖုံးရှန်က သက်ပြင်းတစ်ချက်ချကာ....

"တစ်ခုခုတော့ မှားနေပြီ ရှင်းယုံ... ငါတွေးတောထားတဲ့အချက်တွေက မှားနေတာလား... လှည့်စားခံနေရတာလား မသိတော့ဘူး"

"ဘာဖြစ်လို့လဲ ပြောပါဦး"

လွှီဖုံးရှန်က....

"ရဲလောက်ဟိုက မင်းပြောသလိုမဟုတ်ဘူး ရှင်းယုံ"

"ဟင်... သူက ဘာဖြစ်နေလို့လဲ"

"သူက အင်မတန်ရိုးသားပြီး မှန်ကန်တဲ့စကားတွေကိုပြောတဲ့လူ ဖြစ်နေတယ်"

ရှင်းယုံက လွှီဖုံးရှန်အား အံ့အားသင့်သောမျက်နှာနှင့် ကြည့်လိုက်၏။

"မဖြစ်နိုင်ဘူး... သူက အစ်ကို့ကို ရတနာကုန်သည်လို့ထင်ပြီး ကောင်းကောင်းမွန်မွန် ဆက်ဆံတာဖြစ်မှာပေါ့"

လွှီဖုံးရှန်က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... ကျုပ်က ချန်အန်းမြို့ကလာတဲ့ မြို့တော်ဝန်ရဲ့ စုံစမ်းထောက်လှမ်းရေးသမားလို့ပြောတာ သူ လုံးဝဟန်မပျက်ဘူး... စိန်တုံးကိစ္စပြောတော့လည်း သူက အဲ့ဒီလိုပစ္စည်းကို အရောင်းအဝယ် မလုပ်ဘူးလို့ပြောတယ်"

ရှင်းယုံက....

"သူက အစ်ကို့ကို အချိုသပ်နေတာဖြစ်မှာပေါ့... အစ်ကို

သတိထားနေပါ… မကြာခင် သူ့တပည့်တွေလွှတ်ပြီး လုပ်ကြံခိုင်းလိမ့်မယ်”

လှိုဖုံးရှန်က….

“သူက ကျုပ်ကိုကောင်းကောင်းမွန်မွန် ဧည့်ခံဆက်ဆံတဲ့အပြင် မင်းအကြောင်းပြောတော့ သူက စိတ်မကောင်းတဲ့အကြောင်းပြောတယ်”

သူက ရဲလောက်ဟိုနှင့် ပြောဆိုခဲ့သည့်အကြောင်းများကို ပြန်လည်ပြောပြလိုက်၏။

ရှင်းယုံမှာ စဉ်းစားရကျပ်သွား၏။

“ကျွန်မကတော့ အစ်ကိုပြောလို့သာကြားရတာ… ဘယ်လိုမှ မယုံနိုင်ဘူး၊ သူက ကျွန်မကို မတရားကျင့်ဖို့ အမြဲကြံစည်နေတယ်ဆိုတာ ကျွန်မပြောရဲပါတယ်”

သူတို့သည် အစားအစာများကို လျင်မြန်စွာ စားသောက်လိုက်၏။

ပြီးမှ လှိုဖုံးရှန်က….

“တကယ်လို့သာ ရဲလောက်ဟိုက ဒုစရိုက်သမားမှန်ရင် ကျုပ်ကိုအချိန်ကြာကြာဆွဲထားမှာ မဟုတ်ဘူး… ရှင်းပစ်မှာပဲ၊ ဒီတော့ ကျုပ် ဒီနေ့နဲ့မနက်ဖြန် ဒုစရိုက်သမားတွေကို အာရုံစိုက်အောင်လုပ်လိုက်ဦးမယ်”

“အစ်ကိုရယ်… ရန်သူကို အတင်းဖိတ်ခေါ်သလိုဖြစ်နေဦးမယ်”

“ဒီနည်းပဲရှိတော့တာပဲ”

သူတို့သည် စားသောက်ပြီးပြန်ထွက်လာခဲ့ကြလေတော့သည်။



လှိုဖုံးရှန်၊ ယန်းကျိုကွေနှင့် လုကျောင်းသည် ထိုနှစ်ရက်အတွင်း စားသောက်ဆိုင်၊ အရက်ဆိုင်နှင့် လောင်းကစားအိမ်များတွင် စိန်တုံးခိုးသွားသည့်ဂိုဏ်းအား လိုက်လံရှာဖွေနေကြောင်း၊ ကျန်ဝူးတောက်၏ ဂေဟာအား ဖြိုခွင်းသည့်အကြောင်းများကို အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေကြ၏။

သို့သော် သူတို့သည် မည်သူကမှ စိတ်မဝင်စားပါ။ တစ်ဦးတစ်ယောက်ကပင် ရန်လိုသည့်အကြည့်နှင့်မကြည့်ပေ။

ညနေပိုင်းတွင် သူတို့ပြန်ဆုံရင်း အတွေ့အကြုံများကို စိတ်ဓာတ်ကျစွာ ပြောနေကြ၏။

ယန်းကျိုကွေက အားလုံးအတွက် အရက်များဝယ်လာသဖြင့် အားလုံးစားသောက်ကြ၏။

သူတို့သည် ကျယ်လောင်စွာပင် ပြောချင်ရာပြောနေကြ၏။

ရန်သူကြားလည်း ကြားပါစေဟူသောရည်ရွယ်ချက်နှင့်ဖြစ်၏။

သူတို့၏အန္တရာယ်ဖိတ်ခေါ်မှုကို ကျင်းစုတို့မှာ အနည်းငယ်ထိတ်လန့်နေကြ၏။

ယန်းကျိုကွေ၏အသံမှာ အကျယ်ဆုံးဖြစ်၏။

လုကျောင်းမှာ မည်သည့်အဖြေမှမပေါ်ဘဲ အချိန်ကုန်သွားမည်ကိုစိုးရိမ်မိ၏။

"ဒီအတိုင်းဆိုရင်တော့ ငါအချုပ်ခန်းထဲပြန်ဝင်ရတော့မယ် ထင်တယ်"

ယန်းကျိုကွေက....

"ကျန်ဝူးတောက်ဂေဟာကို ငါတို့ဖြိုခွဲခဲ့တဲ့အကြောင်း ဒီလောက်လျှောက်ပြောနေတာတောင် ဘယ်သူမှအရေးမလုပ်ဘူးဆိုတော့ ကျန်ဝူးတောက်က ကျိုကွမ်းမြို့နဲ့အဆက်အသွယ်မရှိဘူး ထင်တယ်"

ထိုစဉ် ရုတ်တရက်....

"ဝုန်း...."

အိမ်တံခါးအား ကန်ဖွင့်ကာ လူတစ်ယောက်ခုန်ဝင်လာ၏။

အားလုံးမှာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

ခုန်ဝင်လာသူက သူတို့အနီးတွင်ခါးထောက်ရပ်ကာ ဒေါသတကြီးဖြင့်မေးလိုက်၏။

"ကျန်ဝူးတောက်ဂေဟာကိုဖြိုခွဲတာ ဘယ်သူလဲဟေ့"

ယန်းကျိုကွေက အရက်အိုးဆွဲကာ....

"ငါပဲ...."

သူက ပြောပြောဆိုဆိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

"ယန်းကျိုကွေ... နေဦးကွ"

လှီဖုံးရှန်က ကပျာကယာ ဟန့်တားလိုက်၏။

အကြောင်းမှာ ဝင်ရောက်လာသူမှာ ရဲလောက်ဟိုဂေဟာ ရှေ့တွင်တွေ့ခဲ့ရသော အမျိုးသမီးဖြစ်နေသောကြောင့် ဖြစ်၏။



အမျိုးသမီးသည် ယခုမှပင် လှီဖုံးရှန်အား တွေ့သွား၏။

"သြော်.. မင်းကိုး... ရဲလောက်ဟိုဂေဟာထဲကထွက်လာကတည်းက ငါ မင်းကိုမသင်္ကာဖြစ်နေတာ... အခုတော့ ကျန်ဝူးတောက်ကိုသတ်တာ မင်းတို့ကိုး... တော်တော် ရက်စက်ကြတာပဲ"

သူမက ထိုသို့ပြောပြီး မတိုက်ခိုက်ဘဲ ရှိုက်ကြီးတငင်ငိုကြွေးလိုက်သဖြင့် အားလုံးမှာ ဘာလုပ်ရမှန်းမသိအောင်ဖြစ်သွားကြ၏။

ရှင်းယုံက အမျိုးသမီးအနီးသို့ကပ်သွားကာ ဖျောင်းဖျလိုက်၏။

"ထိုင်ပါဦး အစ်မကြီး... ကျန်ဝူးတောက်ကို သူတို့သတ်တာ မဟုတ်ပါဘူး... ကျန်ဝူးတောက်ကိုသတ်တဲ့တရားခံကို စုံစမ်းနေကြတာပါ... ကျွန်မ ပြောပြပါ့မယ်"

အမျိုးသမီးက ရှင်းယုံအား ကြည့်ကာ သူမအနီးတွင် ဝင်ထိုင်လိုက်၏။

ရှင်းယုံက....

"အစ်မကြီးမှာ အခက်အခဲရှိရင်ပြောပြပါ... ကျွန်မတို့ကူညီပါ့မယ်"

အမျိုးသမီးက....

"စောစောက သူတို့ပြောနေတာ ငါ့ယောကျ်ားရဲ့ဂေဟာကို ဖြိုခွဲခဲ့တယ်ဆို... ဘယ်လိုကူညီမှာလဲ... မင်းတို့က ရဲလောက်ဟိုရဲ့လူ

တွေလား”

လွှီဖုံးရှန်မှာ အံ့အားသင့်သွား၏။

“ကျန်ဝူးတောက်က အစ်မကြီးယောကျ်ား ဟုတ်လား”

အမျိုးသမီးက....

“ဟုတ်တယ်... ငါ့နာမည်က လန်ဟွားပါ... ကျန်ဝူးတောက် အတွက် ငါ ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းတို့သိမှာ မဟုတ်ဘူး... သူ ဟိုလူယုတ်မာရဲလောက်ဟိုရဲ့အိမ်ကို ဝင်ပြီးကတည်းက ပြန်ထွက်မလာတာ”

ရှင်းယုံသည် လန်ဟွားလက်ထဲသို့ အရက်တစ်ခွက်ထည့်ပေးလိုက်၏။

လန်ဟွားမှာ အရက်သောက်လိုက်မှ အနည်းငယ်စိတ်ငြိမ်သွား၏။

သူမက ရှင်းယုံအား ကြည့်ကာ....

“ငါ့ယောကျ်ား တကယ်သေပြီလားဟင်”

လွှီဖုံးရှန်က....

“သေပါပြီ... ကျွန်တော်တို့က သူ့ကိုသတ်တဲ့လူကိုဖော်ထုတ်မဲ့လူတွေပါ... အစ်မကြီးနဲ့ကျန်ဝူးတောက် ဘယ်အချိန်က နောက်ဆုံးတွေ့ခဲ့တယ်ဆိုတာ ကျွန်တော်တို့ကိုပြောပြပါ”

လန်ဟွားက ကျန်ဝူးတောက်နှင့်နောက်ဆုံးတွေ့ခဲ့ရပုံကို ပြောပြလိုက်၏။

“ခါတိုင်း သူလာရင် သူ့ကိုယ်ရံတော်တွေကို တည်းခိုခန်းတစ်ခုမှာထားပြီး ငါ့အိမ်ကိုလာတယ်... မနက်ကျမှ ရဲလောက်ဟိုဆီသွားတယ်... အဲ့ ဒီနေ့ကတော့ ညသန်းခေါင်အချိန်မှာ တစ်နေရာ



ကို သွားစရာရှိတယ်လို့ပြောတယ်... မနက်ကျမှ ရဲလောက်ဟိုဆီသွားမှာတဲ့”

လွှီဖုံးရှန်က....

“သူ ထသွားလား”

လန်ဟွားက....

“ဟုတ်တယ်... သန်းခေါင်အချိန်မှာထသွားလို့ ငါလည်း မသက်သာဘဲ နောက်က တိတ်တဆိတ်လိုက်ချောင်းတယ်”

လွှီဖုံးရှန်တို့လူစုမှာ အလွန်စိတ်ဝင်စားစွာ နားထောင်နေ၏။

လန်ဟွားက မျက်ရည်များကိုသုတ်ကာ....

“သူ လိမ်တယ်”

“ဘယ်လိုလိမ်တာလဲ”

“သူက အဲ့ဒီညမှာပဲ ရဲလောက်ဟိုရဲ့ဂေဟာထဲကို တန်းတန်းမတ်မတ် ဝင်သွားတယ်”

လွှီဖုံးရှန်တို့လူစုမှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်၏။

လန်ဟွားက....

“ငါလည်း သူထွက်မလာလို့ အမှောင်ရိပ်ထဲမှာ ဆက်စောင့်နေတယ်... သူက မကြာခင်မှာပဲ ဂေဟာထဲကပြန်ထွက်လာပြီး မြင်းလှည်းတစ်စီးပေါ်တက်လိုက်တယ်... ရဲလောက်ဟိုရဲ့လူတွေက သူ့ကိုဘယ်သွားပို့တာလဲ မသိဘူး... သိပ်မကြာဘူး... သူ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြန်လာတယ်... ပြန်ထွက်လာမလားလို့ ငါ ဆက်စောင့်နေတယ်... ဒါပေမယ့် မနက်လင်းလုလုအချိန်မှာပဲ မြင်းလှည်းတစ်စင်းထွက်သွားတာတွေ့လိုက်တယ်... လူထိုင်လိုက်လာတာတော့ မတွေ့ဘူး... ကျန်

ဝူးတောက်လည်း အဲ့ဒီဂေဟာထဲက ပြန်ထွက်မလာသေးဘူး”

လှိုဖုံးရှန်က....

“အဲ့ဒီမြင်းလှည်းပေါ်မှာ ခေါင်းတလားတစ်လုံးပါသွားတာ တွေ့လား”

လန်ဟွားက....

“လူမပါဘူး... တစ်ခုခုပါတာတော့ တွေ့လိုက်တယ်... မင်းပြောမှပဲ သေသေချာချာစဉ်းစားမိတယ်... အဲ့ဒါခေါင်းတလားပဲ ဖြစ်ရမယ်... ဒါ... ဒါဆိုရင်....”

လှိုဖုံးရှန်က သက်ပြင်းတစ်ချက်ချလိုက်၏။

“ကျွန်တော် ရွှေခရစားသောက်ဆိုင်မှာစုံစမ်းပြီးပြီ... အဲ့ဒီခေါင်းထဲမှာ ကျန်ဝူးတောက်ရဲ့အလောင်းဖြစ်ပါတယ်... သူ့ရဲ့ယောကျ်ားတန်ဆာကိုဖြတ်ပြီး သတ်ထားတာ... ပြီးတော့ တဏှာရူးတို့သွားရာလမ်းဆိုပြီး စာတစ်စောင်လည်း ရေးထားတယ်... အဲ့ဒီအလောင်းကို သူ့တပည့်တွေပြန်ယူသွားတယ်”

လှိုဖုံးရှန်သည် ကျန်ရှန်းမြို့တွင်ကြုံရသောအဖြစ်အပျက်များကိုပြောပြလိုက်၏။

လန်ဟွားမှာ အလွန်အံ့အားသင့်သွား၏။

“ဟင်... ငါ့ယောကျ်ားက ရတနာကုန်သည်ပါ... ရဲလောက်ဟိုကလည်း ရတနာကုန်သည်ပဲ... မင်းတို့ပြောသလို စိန်တုံးကိစ္စနဲ့ ပတ်သက်ပါမလား”

လှိုဖုံးရှန်က....

“သူ အသတ်ခံရတာ အဲ့ဒီစိန်တုံးကိစ္စပါနေတယ်”

“ဒါဖြင့် ရဲလောက်ဟိုသတ်တာပေါ့”



“အဲ့ဒီလိုလည်း ပြောလို့မရသေးဘူး... အစ်မပြောသလိုဆိုရင် သူက မြင်းရထားနဲ့တစ်နေရာကို သွားတယ်... အဲ့ဒါ ဘယ်နေရာလဲဆိုတာ သိဖို့လိုနေပြီ... နောက်ပြီး အဲ့ဒီကပြန်လာပြီး ရဲလောက်ဟိုဂေဟာရောက်မှ အသတ်ခံရတာဆိုတော့ တရားခံက ရဲလောက်ဟိုပဲ... ဒါပေမယ့် ရဲလောက်ဟိုကိုလည်း တစ်စုံတစ်ယောက်က ညွှန်ကြားထားလို့ ဖြစ်မယ်”

လန်ဟွားက....

“ဟိုတစ်ရက်ကလည်း ငါ ရဲလောက်ဟိုဂေဟာကို စောင့်ကြည့်နေတာ... ညဘက်မှာ လူတွေ တစ်ယောက်ပြီးတစ်ယောက်ရောက်လာတယ်... ပြီးတော့ မြင်းလှည်းနဲ့သွားကြတယ်... ပြန်လာကြတယ်... ပြီးတော့ ရဲလော်ကဟိုဂေဟာထဲကနေ ပြန်ထွက်သွားကြတယ်... ကျန်ဝူးတောက်ပြန်ထွက်မလာဘူး... နောက်ပြီး ဝင်သွားတဲ့လူတွေကိုရေကြည့်တော့ တစ်ယောက်လျော့နေတယ်”

လှိုဖုံးရှန်က မျက်မှောင်ကုတ်သွား၏။

“ဩော်... ဒါနဲ့ ဟိုတစ်နေ့က အစ်မပြောတဲ့စုံချီဆိုတဲ့လူက ကော အဲ့ဒီလိုဝင်သွားတဲ့လူထဲမှာ မပါဘူး”

လန်ဟွားက အနည်းငယ် စဉ်းစားကာ....

“မပါဘူး... ဒါပေမယ့် ကျန်ဝူးတောက်ဝင်သွားတဲ့နေ့က စုံချီကိုလည်း အဲ့ဒီလိုသွားတာတွေ့လိုက်တယ်... ဒါပေမယ့် စုံချီက သူ့အိမ်ကိုပြန်သွားတယ်”

လှိုဖုံးရှန်က....

“အဲ့ဒီစုံချီက ဘယ်မှာနေတာလဲ”

လန်ဟွားက....

"စုံချိုက အရင်ကဆင်းရဲတယ်... အခုရက်ပိုင်းမှာ အိမ်အကြီးကြီးတစ်လုံး ဝယ်လိုက်တယ်... ချက်ချင်းကိုချမ်းသာသွားတာပဲ"

လှိုဖုံးရှန်က ခုန်ထလိုက်၏။

"စုံချိုရဲ့အိမ် ဘယ်မှာလဲဆိုတာပြောပါ... အားလုံးအဖြေပေါ်သွားလိမ့်မယ်"

လန်ဟွားက အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွားပြီး စုံချို၏အိမ်နေရာကိုပြောပြလိုက်၏။

ယန်းကျိုကွေတို့သုံးယောက်မှာ သွက်လက်စွာပင် ထိုနေရာမှပြေးထွက်သွားကြလေတော့သည်။

---

စုံချို....။

စုံချို၏ဂေဟာမှာကြီးမားသော်လည်း သစ်သစ်လွင်လွင် မရှိပါ။

မကြာမီကမှဝယ်ထားဟန်တူပြီး ခြံများကိုပင် ပြုပြင်ထားခြင်း မရှိသေးပါ။

ခြံတံခါးဝတွင် အစောင့်တစ်ယောက်ငိုက်မျဉ်းနေ၏။

လုကျောင်းက သွေးကြောပိတ်ရန် စိတ်ကူးနေစဉ် ယန်းကျိုကွေက သူ၏ပြင်းထန်သောလက်သီးတစ်လုံး ပစ်သွင်းလိုက်၏။

"ခွပ်...."

အစောင့်မှာ ငိုက်မျဉ်းရာမှ အိပ်ပျော်သွားလေတော့သည်။

သူတို့သည် ဂေဟာထဲသို့သွက်လက်စွာ လှမ်းဝင်လာရာ လူ



ကြီးတစ်ယောက်မီးအိမ်ဆွဲကာ ထွက်လာ၏။

"ဟေ့... မင်းတို့ ဘာလုပ်တာလဲ"

လှိုဖုံးရှန်က ထိုလူ၏လက်အား နောက်သို့ဖမ်းလိမ်ကာ....

"စုံချို... ဘယ်မှာလဲ"

ထိုစဉ် ရုတ်တရက် အသံထွက်လာ၏။

"ငါ ဒီမှာ...."

အသံနှင့်အတူ အသက်(၄၀)ခန့် လူတစ်ယောက်ဓားဆွဲကာ ထွက်လာ၏။

သူက လှိုဖုံးရှန်အား တိုက်ခိုက်ရန် အသင့်ပြင်လိုက်၏။

"ဆရာစုံချို... ဒါဘာလဲဗျ"

လုကျောင်းက အော်ပြောရင်း လက်ထဲမှဂျင်လုံးဖြင့် ပစ်လိုက်၏။

စုံချိုမှာ ရုတ်တရက် ရှောင်တိမ်းချိန်မရဘဲ လက်နှစ်ဖက်စလုံးတွဲလောင်းကျကာ ဓားလွတ်ကျသွား၏။

လှိုဖုံးရှန်က သူ့အား လည်ကုပ်မှဆွဲကာ ကုလားထိုင်တစ်လုံးတွင်ထိုင်စေ၏။

"ခင်ဗျား မှန်မှန်ကန်ကန်ဖြေပါ"

"ဘာ... ဘာဖြေရမှာလဲ"

"ကျုပ်မေးတာဖြေရမှာ...."

လှိုဖုံးရှန်က ဓားမြောင်ထုတ်ကာ သူ၏လည်ပင်းရှေ့တွင် ထောက်လိုက်၏။

"ကျုပ်.. ဖြေ... ဖြေမှာပါ... မလုပ်ပါနဲ့...."

လှိုဖုံးရှန်က....

"ယန်းကျိုကွေ... ကျုံ့ကွမ်းမြို့ လူဆိုးထိန်းအာဏာသားတွေကို အကျိုးအကြောင်းပြောပြပြီး ရဲလောက်ဟိုဂေဟာကိုဝိုင်းထားပါ... တစ်ယောက်မှမလွတ်စေနဲ့... ရဲလောက်ဟိုကိုလွတ်အောင်ကူညီတဲ့လူက ဘုရင့်ဘဏ္ဍာတော်စိန်တုံးကိုခိုးမှုကို အားပေးတဲ့လူပဲ"

ယန်းကျိုကွေက ခေါင်းညိတ်ကာ ပြေးလွှားထွက်ခွာသွားလေတော့သည်။



## နာမည်ကျော်ပုဂ္ဂိုလ်များ

စုံချီသည် လက်နှစ်ဖက်တွဲလောင်းကျကာ လည်ပင်းတွင် ဓားထောက်ခံထားရသဖြင့် ကြောက်ရွံ့ကာ အသားတဆတ်ဆတ်တုန်နေ၏။

လွိဖုံးရှန်က အေးစက်စွာပင်....

"တန်ခိုးရှင်က ဘယ်သူလဲ"

စုံချီမှာ ထိတ်လန့်သွား၏။

တန်ခိုးရှင်အား သစ္စာဖောက်လျှင် လုံးဝခွင့်လွှတ်လိမ့်မည်မဟုတ်ပေ။

"ကျုပ်... ကျုပ်မသိဘူး"

လွိဖုံးရှန်၏ဓားဦးက သူ၏လည်မျိုအား အနည်းငယ် စိုက်လိုက်သဖြင့် သွေးများစို့လာ၏

"ကျုပ် တကယ်မသိတာပါ"

"သူက ခင်ဗျားတို့ကိုညွှန်ကြားနေတယ် မဟုတ်လား"

စုံချီမှာ အသံမထွက်လာပါ။

"ခင်ဗျား အမှန်အတိုင်းပြောရင် သက်သာမယ်... ကျုပ်တို့

တန်ခိုးရှင်ကိုဖမ်းတော့မှာပါ”

“ကျုပ် တကယ်မသိတာပါ… အစကတော့ တန်ခိုးရှင်ရှိပါတယ်… အခုတော့ မရှိတော့ပါဘူး”

လှိုင်ဖုံးရှန်သည် အခြေအနေကိုတွက်ဆမိ၏။

တန်ခိုးရှင်သည် စိန်တုံးအားရရှိပြီးသည်နှင့်သူ၏အဖွဲ့အားဖျက်ကာ တပည့်များကိုလည်း ထိုက်တန်ချီးမြှင့်လိုက်သဖြင့် စုံချီတို့နေ့ချင်း ညချင်းချမ်းသာလာခြင်းဖြစ်၏။

“တန်ခိုးရှင်က ခင်ဗျားတို့ကို ကောင်းရောင်းကောင်းဝယ်လုပ်စားတော့ဆိုပြီး ငွေတွေခွဲဝေပေးလိုက်တယ်မဟုတ်လား”

“ဟုတ်ပါတယ်”

လှိုင်ဖုံးရှန်က ပြုံးလိုက်၏။

လုကျောင်းက….

“တန်ခိုးရှင်က ရဲလောက်ဟိုပဲမဟုတ်လား”

စုံချီက….

“အဲ့ဒါတော့ မဖြစ်နိုင်ဘူးဗျ… ရဲလောက်ဟိုကလည်း ကျုပ်တို့လိုပဲ တန်ခိုးရှင်ရဲ့လက်အောက်ခံတွေပါ… အခုမှချမ်းသာသွားတာ”

လှိုင်ဖုံးရှန်က အနည်းငယ်စဉ်းစားကာ….

“တန်ခိုးရှင်ဆီသွားရင် ရဲလောက်ဟိုရဲ့အိမ်က မြင်းလှည်းနဲ့သွားရတယ်မဟုတ်လား”

စုံချီက လုံးဝကွယ်ဝှက်၍မရတော့မှန်း နားလည်လိုက်၏။

“ဟုတ်ပါတယ်… မြင်းလှည်းပေါ်ရောက်တာနဲ့ မျက်စိကိုအဝတ်နဲ့စည်းပါတယ်… တန်ခိုးရှင်ရဲ့အခန်းကိုရောက်မှ မျက်လုံးဖွင့်ပေးတာပါ”



“ဒါနဲ့ကျန်ဝူးတောက်ကိုခေါ်တွေ့တဲ့နေ့က ခင်ဗျားတို့ကိုလည်း ခေါ်တယ်မဟုတ်လား”

စုံချီက….

“ဟုတ်ပါတယ်… ကျုပ်တို့က တန်ခိုးရှင်ရဲ့အခန်းအပြင်ကပုန်းနေရတာပါ… တကယ်လို့ ကျန်ဝူးတောက်က သူ့ဆီကပစ္စည်းမပေးရင်တိုက်ခိုက်ပြီး ပစ္စည်းရအောင်ယူဖို့ပဲ… ဒါပေမယ့် ကျန်ဝူးတောက်က ရှောရှောရှူရှူပဲ ပေးသွားပါတယ်”

လှိုင်ဖုံးရှန်က….

“ပြီးတော့ တစ်ခါတည်းပြန်ခဲ့ရတာလား”

“ဟုတ်ပါတယ်… ကျုပ်တို့က အရင်ရဲလောက်ဟိုရဲ့အိမ်ကိုပြန်ရပါတယ်… ပြန်ခါနီးနှုတ်ဆက်တဲ့အချိန်မှာပဲ ရဲလောက်ဟိုက ကျန်ဝူးတောက်ကိုဧည့်ခံဖို့ စန်းကျူအပါအဝင် မိန်းကလေး(၃)ယောက်ကိုခေါ်လာတာတွေ့ပါတယ်”

လှိုင်ဖုံးရှန်က မျက်မှောင်ကုတ်ကာ….

“အဲ့ဒီစန်းကျူဆိုတဲ့မိန်းကလေးက ဘယ်မှာနေတာလဲ”

စုံချီက နေရာတစ်ခုအား ပြောပြလိုက်၏။

လှိုင်ဖုံးရှန်က မှတ်ထားကာ….

“ဒီမှာစုံချီ… ခင်ဗျား ကျုပ်တို့ကိုကူညီပါ… ခင်ဗျား ဘာမှမဖြစ်စေရပါဘူး… ဘုရင့်စိန်တုံးကြီးခိုးတဲ့အဖွဲ့ကို ကူညီဖော်ထုတ်ပေးလို့ နာမည်ကောင်းလက်မှတ်တောင်ရနိုင်ပါ တယ်”

စုံချီမှာ အပြစ်မှချမ်းသာရာရမည်ဖြစ်၍ ဝမ်းသာသွား၏။

“ကောင်းပြီ… ကျုပ် ကူညီပါ့မယ်”

လှိုင်ဖုံးရှန်က ပြုံးကာ….

"ဒါဖြင့် ကျုပ်တို့မြင်းလှည်းနဲ့သွားမယ်... ရဲလောက်ဟိုအိမ်ရှေ့ရောက်ရင် မျက်နှာကိုအဝတ်စည်းထားမယ်... ဘယ်ကိုမြင်းလှည်းပြေးသလဲဆိုတာတော့ ခင်ဗျားမှတ်မိမှာပေါ့"

"အင်း... မှတ်မိသလောက်တော့ ပြောပြမယ်"

"ကောင်းပြီ... လုကျောင်း မြင်းလှည်းတစ်စီးစီစဉ်လိုက်ပါ"

လုကျောင်းက မြင်းလှည်းတစ်စီးစီစဉ်လိုက်လေတော့သည်။

မြင်းလှည်းတစ်စီးသည် ရဲလောက်ဟို၏အိမ်ရှေ့ရောက်သောအခါ ရပ်တန့်လိုက်၏။

မြင်းလှည်းပေါ်တွင် လုကျောင်းကထိုင်ကာ မောင်းနှင်၏။

အတွင်းတွင် စုံချီနှင့်လှိုဖုံးရှန်ထိုင်နေ၏။ လှိုဖုံးရှန်က စုံချီအား အဝတ်စည်းလိုက်၏။

ထိုစဉ် ယန်းကျိုကွေက မြင်းလှည်းထဲဝင်လာ၏။

"အာဏာသားတွေက ခင်ဗျားပြောတဲ့အတိုင်းပဲ ဂေဟာပတ်လည်မှာ ကင်းပုန်းချထားတယ်... ခွေးတစ်ကောင်တောင် ထွက်ပြေးလို့လွတ်မှာမဟုတ်ဘူး"

လှိုဖုံးရှန်က ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

"အဲ့ဒါကောင်းတယ်... ရဲလောက်ဟိုလွတ်သွားရင် သူတို့တရားခံဖြစ်မယ်ဆိုတာသိလို့ ကောင်းကောင်းစောင့်နေကြမှာပဲ"

လှိုဖုံးရှန်က....

"ကဲ... စုံချီ... ဂေဟာရှေ့ကထွက်လာပြီ... ဘယ်ဘက်ကိုမောင်းရမှာလဲ"



"ညာဘက်ကိုမောင်းပါ"

လုကျောင်းက သူပြောသည့်အတိုင်း မောင်းထွက်လိုက်၏။

လှိုဖုံးရှန်က....

"ဘယ်လောက်ကြာရင် ကွေ့ရမယ်ဆိုတာ ပြောပါ"

စုံချီက....

"ကျုပ် သတိထားနေပါတယ်"

မြင်းလှည်းမှာ တည့်တည့်ပင်သွား၏။

တစ်ခဏအကြာတွင် စုံချီက....

"ညာဘက်ကိုထပ်ချိုးရမယ် ထင်တယ်"

လုကျောင်းက....

"ဟုတ်တယ်... ညာဘက်မှာပဲလမ်းရှိတယ်"

မြင်းလှည်းမှာ ညာဘက်သို့ချိုးကာ တည့်တည့်ဆက်မောင်းသွား၏။

စုံချီက....

"ဒီတစ်ခါမကွေ့ဘဲ တန်းတန်းမတ်မတ်သွားတာ တောတောကထက် ပိုကြာမယ်"

လှိုဖုံးရှန်က အပြင်ဘက်သို့လှမ်းကြည့်လိုက်၏။

စုံချီမှာ မျက်နှာကိုအဝတ်စည်းထားသဖြင့် လမ်းဖြောင့်သည်ဟုထင်နေ၏။ အမှန်တော့ လမ်းမှာညာဘက်သို့ တဖြည်းဖြည်း စက်ဝိုင်းပုံ ကွေးနေခြင်းဖြစ်၏။

အချိန်နည်းနည်းကြာလာသောအခါ လုကျောင်းက....

"ရှေ့မှာ လမ်းဆုံရှိတယ်"

စုံချီက....

"အင်း... ညာဘက်ကိုပဲချိုးပါ"

လမ်းနှစ်ကွေ့ချိုးပြီးသွားပြီဖြစ်၏။

စုံချီက....

"ဒီတစ်ခါလည်း ညာဘက်ကိုပဲ ထပ်ချိုးရမယ်... သုံးခါချိုးပြီး ဝါးတစ်ရိုက်လောက်အကွာကျရင် ရပ်လိုက်ပါ"

မြင်းလှည်းမှာ ခပ်မှန်မှန်ပင်ပြေးနေ၏။

လှိုဖုံးရှန်မှာ အနည်းငယ်အံ့အားသင့်နေ၏။ သေသေချာချာကြည့်လျှင် လမ်းမှာ ရဲလောက်ဟို၏ဂေဟာဘက်သို့ ပြန်ဦးတည်နေ၏။

မကြာမီ ရဲလောက်ဟို၏ဂေဟာရှိသော လမ်းချိုးသို့ရောက်လာ၏။ သို့သော် စုံချီက မချိုးခိုင်းသေးပါ။

အကယ်၍ ချိုးခိုင်းလျှင် ရဲလောက်ဟို၏အိမ်ဂေဟာသို့ ဝင်သောလမ်းဖြစ်ပေမည်။

ယခု အနည်းငယ်လွန်သွားပြီးမှ နောက်ထပ် တစ်လမ်းရောက်ကာနီးတွင် စုံချီက....

"ညာဘက်ထပ်ချိုးရမယ် ထင်တယ်"

သူပြောသည့်အတိုင်းပင် ညာဘက်တွင်လမ်းရှိနေသဖြင့် လူကျောင်းက ချိုးဝင်လိုက်၏။

ချိုးဝင်ပြီး ဝါးတစ်ရိုက်ခန့်အကွာတွင် စုံချီက....

"ရပ်တော့"

လှိုဖုံးရှန်သည် မြင်းလှည်းရပ်သောနေရာအားကြည့်လိုက်၏။



အိမ်တစ်လုံးကဲ့သို့ ဝင်ပေါက်တစ်ခုသာရှိသော အလုံပိတ်အဆောက်အအုံတစ်ခုကို တွေ့ရ၏။

လှိုဖုံးရှန်က အလွန်အံ့အားသင့်သွား၏။

အကြောင်းမှာ ထိုအဆောက်အအုံနှင့် ရဲလောက်ဟို၏နောက်ဘက်မှာ ဆက်စပ်နေသောကြောင့်ပင်ဖြစ်၏။

သူတို့အားလုံး စုံချီ၏အိမ်သို့ပြန်ရောက်လာ၏။

မကြာမီ မိုးလင်းတော့မည်ဖြစ်၏။ လှိုဖုံးရှန်က စုံချီအားသူ၏အခန်းထဲတွင် ပြန်ပို့ထားလိုက်၏။

"ခင်ဗျား ဒီအခန်းထဲက ဘယ်မှမထွက်ပါနဲ့.... ကျုပ်တို့အားလုံးကိစ္စပြီးရင် ပြန်လာခဲ့ပါ့မယ်"

စုံချီက....

"ကျုပ်ကိုသွေးကြောဖွင့်ပေးခဲ့ဦး"

လူကျောင်းက....

"ကျုပ် ဆက်ဆက်လာဖွင့်ပေးပါ့မယ်... အခု ခင်ဗျားရဲ့အစောင့်တွေကို မှာထားပါ... ဘယ်သူ့ကိုမှမဝင်လာပါစေနဲ့"

လှိုဖုံးရှန်က....

"ဒါနဲ့ ခင်ဗျားတန်ခိုးရှင်ရဲ့အသံကို မှတ်မိသလား"

"မှတ်မိပါတယ်"

"နောက်တစ်ခုမေးဦးမယ်... အခု ရဲလောက်ဟိုဂေဟာက ခင်ဗျားတို့ကိုပို့ပေးတဲ့လူတွေ ဘယ်ရောက်သွားပြီလဲ"

စုံချိကာ....

"ရဲလောက်ဟိုက သူနဲ့ပတ်သက်တဲ့လူတွေ ဘယ်သူ့ကိုမှမထားတော့ဘူး... အားလုံးကိုငွေပေးပြီး အလုပ်ထုတ်လိုက်ပြီ"

လှိုဖုံးရှန်က ပြုံးလိုက်၏။

သူက မကြာခင် တရားခံကိုမိတော့မည်ဖြစ်မှန်း ကောင်းစွာနားလည်လိုက်၏။

သူက ယန်းကျိုကွေနှင့်လုကျောင်းအား ခေါ်ကာ စန်းကျူတို့မိန်းကလေး(၃)ယောက်နှင့်တွေ့ရန် ထွက်လာခဲ့လေတော့သည်။

စန်းကျူ....။

သူမသည် နံနက်လင်းကတည်းက အရက်ထိုင်သောက်နေပုံရ၏။

သူမ၏မျက်နှာတစ်ခုလုံး နီရဲနေ၏။

သူမနှင့်အခန်းဖော်မိန်းကလေးနှစ်ဦးမှာလည်း အရက်များသောက်ထား၏။ သို့သော် သူမလောက် မများသေးချေ။

စန်းကျူသည် အခန်းထဲသို့ဝင်လာသူ(၃)ယောက်အား တစ်ချက်ကြည့်ကာ....

"ရီမေ... တံခါးသွားပိတ်လိုက်စမ်း"

ရီမေဆိုသောမိန်းကလေးက တံခါးများပြန်ပိတ်လိုက်၏။

စန်းကျူက အရက်အိုးအား စားပွဲပေါ်ပြန်တင်လိုက်၏။

ယန်းကျိုကွေက အရက်အိုးအားကြည့်ကာ နှုတ်ခမ်းကိုလျှာ



ဖြင့်သပ်ရင်း....

"နှစ်ချို့အရက်က တော်တော်အရသာရှိမဲ့ပုံပဲ"

လုကျောင်းက ပြုံးလိုက်၏။

"အဲ့ဒီအရက် သူ မင်းကိုမတိုက်ဘူး... လောင်းမလား"

စန်းကျူက သူတို့သုံးယောက်အား စိုက်ကြည့်ကာ....

"ဒီနေ့တော့ ဈေးဦးပေါက်ကောင်းတယ်... သူတို့ကလည်းသုံးယောက်ဆိုတော့ တို့သုံးယောက်စလုံး အဆင်ပြေတာပေါ့"

ယန်းကျိုကွေမှာ မျက်လုံးပြူးသွား၏။ သူက အရက်မှလွဲလျှင် မိန်းမကိစ္စလုံးဝစိတ်မဝင်စားပေ။ သူက အခန်းအား မျက်လုံးဝေ့ကြည့်လိုက်၏။

ကုတင်သုံးလုံး စီချထားသော်လည်း မည်သည့်အကာအရံမှမရှိပါ။ သူက ထိုမိန်းကလေးများကို အံ့အားသင့်မိ၏။

စန်းကျူက ထရပ်လိုက်၏။ အသားနှင့်ကပ်နေအောင်ချုပ်ထားသောဝတ်စုံမှာ သူမ၏အလှကို ပို၍ စွဲမက်အောင် ဆွဲဆောင်နေ၏။

"ရှင်တို့ အရက်အရင်သောက်မှာလား"

ယန်းကျိုကွေက ကမန်းကတန်းခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... အရက်အရင်သောက်မှာ...."

စန်းကျူက....

"ကောင်းပြီ... ရှင်တို့ရွေးပါ.. ကျွန်မတို့က ဘယ်သူ့ကို အရက်ရမှာလဲ"

ကျန်မိန်းကလေးနှစ်ယောက်က သူမနှင့်ယှဉ်ကာ ရပ်လိုက်၏။ သုံးယောက်စလုံး အလွန်လှပချောမောပြီး စွဲမက်ဖွယ် ကောင်း

နေ၏။

သခင်လေးစုံသာဆိုလျှင် ပျော်နေလောက်ပြီဟု လုကျောင်းကတွေးကာ ပြုံးလိုက်၏။

လွှီဖုံးရှန်က ယန်းကျိုကွေမျက်လုံးပြူးပြကာ စန်းကျူရှေ့တွင်ပင် ဝင်ထိုင်လိုက်၏။

"ကျုပ်တို့က အရက်လည်းမသောက်ဘူး… မင်းတို့ကိုလည်း လက်ဖျားနဲ့တောင် မထိဘူး… စကားပြောရုံသက်သက်ပဲလာတာဆိုရင် ဘယ်လောက်ပေးရမလဲ"

"ဝုန်း…."

လွှီဖုံးရှန်ထိုင်နေသောခုံမှာ နောက်သို့လန်ကျသွား၏။ လွှီဖုံးရှန်က ထခုန်လိုက်သဖြင့် ပက်လက်လန်မကျသွားပေ။

စန်းကျူက သူမရှေ့မှစားပွဲအား ဆောင့်တွန်းလိုက်သောကြောင့် ဖြစ်၏။

လွှီဖုံးရှန်က ပြုံးကာ….

"မင်းတို့က မပင်ပန်းဘဲ စကားပြောရုံနဲ့ ငွေရမှာကို ဘာဖြစ်လို့ မကျေနပ်တာလဲ"

စန်းကျူက မဲ့လိုက်၏။

"ကျွန်မတို့အလုပ်က စကားပြောတဲ့အလုပ်မဟုတ်ဘူး… မေးရတာ ဖြေရတာ စကားပြောရတာက အလုပ်လုပ်ရတာထက် ပိုပင်ပန်းတယ်ဆိုတာ ရှင်တို့သဘောပေါက်ပါ"

လုကျောင်းက စိတ်မရှည်တော့ပါ။

"လွှီဖုံးရှန်… စကားမပြောနဲ့တော့… ငါပဲ အရင်ရွေးလိုက်မယ်"



သူကပြောရင်း မိန်းကလေး(၃)ယောက်ရှေ့တွင်ရပ်ကာ တစ်ယောက်ချင်း ကြည့်လိုက်၏။

ရှိမေဆိုသောမိန်ကလေး၏ခါးအား တစ်ချက်ကိုင်ကြည့်ကာ

"ခါးလေးက နွဲ့နေတာပဲ"

ထို့နောက် ဒုတိယတစ်ယောက်၏လက်မောင်းအား ပွတ်သပ်ကာ….

"ဒီညီမလည်း လှတာပဲ… လက်မောင်းလေးကပြည့်ပြည့်လေး"

သူက စန်းကျူအား ခြေဆုံးခေါင်းဆုံးကြည့်ကာ….

"ဒီမိန်းကလေးကို ငါကြိုက်သွားပြီ… သူ့ရဲ့လက်ကလေးနဲ့ အဖက်ခံလိုက်ရရင် ပါသမျှ ငွေပေးမိမှာပဲ"

သူကပြောရင်း စန်းကျူ၏လက်အား လှမ်းကိုင်လိုက်၏။ ထိုအချိန်မှာပင် မိန်းကလေးသုံးယောက်၏မျက်လုံးများ ပြူး သွားကြ၏။

သူမတို့၏လက်နှစ်ဖက်သည် အောက်သို့တွဲကျနေ၏။ အရိုးအကြောများမရှိသကဲ့သို့ ဖြစ်နေ၏။

ယခုမှပင် လုကျောင်းက သူမတို့အား သွေးကြောပိတ်လိုက်မှန်းသိလိုက်ရ၏။

လုကျောင်းက….

"လွှီဖုံးရှန်… မင်းကို သူတို့က စကားမပြောချင်မှတော့ ငါတို့သွားကြပါစို့"

သူက လှိုင်ဖုံးရှန်နှင့်ယန်းကျိုကွေအားခေါ်ကာ အပြင်ထွက်ရန် ဟန်ပြင်လိုက်၏။

"အို... ရှင်တို့ ဒီလိုမလုပ်နဲ့... နေပါဦး"

လှိုင်ဖုံးရှန်က ပြုံးကာ စန်းကျူ၏ပါးအား ဆွဲလိုက်၏။

"မင်းကစကားပြောတော့မယ် ဟုတ်လား"

"ရှင်တို့ဘယ်သူလဲ... ဘာသိချင်တာလဲ"

လှိုင်ဖုံးရှန်က....

"ကျုပ်တို့မှာ အချိန်သိပ်မရဘူး... မှန်မှန်ဖြေပါ... မင်းတို့သုံးယောက် ကျန်ဝူးတောက်ကို ဘယ်လိုလုပ်လိုက်တာလဲ"

စန်းကျူမှာ မျက်နှာပျက်သွား၏။

ရှိမေက ကြောက်ရွံ့စွာဖြင့်....

"အဲ့ဒီကိစ္စကို ကျွန်မတို့သဘောအတိုင်း လုပ်ချင်လို့လုပ်တာမဟုတ်ပါဘူး... ရဲလောက်ဟိုက ခိုင်းလို့လုပ်ရတာပါ"

စန်းကျူက ရှိမေအား မျက်စောင်းထိုးလိုက်၏။ လှိုင်ဖုံးရှန်က ရှိမေရှေ့သို့လျှောက်သွား၏။

"ငါ့ညီမ သိပ်တော်တယ်... ဆက်ပြောပါ"

ရှိမေက....

"ရဲလောက်ဟိုက ကျွန်မတို့သုံးယောက်ကို ငွေငါးသောင်းပေးတယ်... ကျန်ဝူးတောက်နဲ့ပျော်ပါးဖို့...."

ယန်းကျိုကွေက မျက်လုံးပြူးသွားကာ....၊

"ဟော... အဲ့ဒါကြောင့် ကျန်ဝူးတောက် သေသွားတာလား"



ရှိမေက ပြုံးကာ....

"မဟုတ်ပါဘူး... ရဲလောက်ဟိုက အရက်ထဲမှာအဆိပ်ခပ်ထားတာ ကျန်ဝူးတောက်မသိဘူး"

"ဩော်... ဒီလိုလား"

လှိုင်ဖုံးရှန်က....

"မင်းတို့က အဲ့ဒီမှာ ကျန်ဝူးတောက်ရောက်ပြီးမှလာတာလား... ကျန်ဝူးကောက်မရောက်ခင်ကတည်းက လာစောင့်နေတာလား"

ရှိမေက....

"မရောက်ခင်ကတည်းက လာစောင့်နေတာပါ"

"အဲ့ဒီလိုစောင့်နေတဲ့အချိန်မှာ ရဲလောက်ဟိုရှိလား"

ရှိမေက....

"မရှိပါဘူး... ကျန်ဝူးတောက်ပြန်လာကာနီးမှ သူရောက်လာပြီး ကျန်ဝူးတောက်လာရင် မှာတဲ့အတိုင်း လုပ်ပါလို့အမိန့်ပေးလို့ပါ"

လှိုင်ဖုံးရှန်က ပြုံးကာ....

"ကျေးဇူးပဲ... ငါတို့ပြန်ကြမယ်"

စန်းကျူက မျက်နှာပျက်သွားကာ....

"ကျွန်မတို့ကို ဒီအတိုင်းပဲထားတော့မှာလား"

လုကျောင်းက ရယ်မောကာ....

"အနှိပ်သည်ငွားနှိပ်ရင် မင်းတို့တစ်ယောက်နှစ်ဆယ်ပဲပေး

ရမှာ ငှားနိုင်လိုက်ပါ"

စန်းကျူက....

"ကျွန်မတို့နှစ်ရာပေးပါ့မယ်... သွေးကြောဖွင့်ပေးသွားပါရှင်"

လုကျောင်းက ငွေနှစ်ရာတောင်းကာ သွေးကြောပြန်ဖွင့်ပေးလိုက်၏။

သူတို့အခန်းအပြင်ရောက်သည်နှင့် တခါးဆောင့်ပိတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာလေတော့သည်။

ရှင်းယုံတို့မှာ တစ်ညလုံး ပြန်မလာသော လှိုင်ဖုံးရှန်တို့သုံးယောက်အတွက် စိတ်ပူပန်စွာ စောင့်မျှော်နေ၏။

လန်ဟွားမှာလည်း ကျန်ဝူးတောက်အား သတ်သည့်တရားခံကိုသိလိုသဖြင့် မပြန်သေးဘဲ စောင့်နေ၏။

လှိုင်ဖုံးရှန်တို့ပြန်ရောက်လာမှပင် သူမတို့မှာ စိတ်သက်သာရာရသွားကြ၏။

လှိုင်ဖုံးရှန်က....

"ရှင်းယုံ...."

"ပြောပါ အစ်ကို"

"မင်းစိတ်မကောင်းတော့ မဖြစ်နဲ့... မင်းအမေပီကင်းသွား



တယ်လို့သိရတယ်... ငါ သိပ်မသက်သာဘူး... သူ့နောက်ကို အချိန်မီလိုက်နိုင်အောင် အမြန်ဆုံးကြိုးစားရမယ်"

"အစ်ကို ဘာသတင်းရလို့လဲ"

"သိပ်တော့ မသေချာသေးပါဘူး"

လှိုင်ဖုံးရှန်က လန်ဟွားဘက်လှည့်ကာ....

"အစ်မကြီးယောက်ျား ကျန်ဝူးတောက်ကိုသတ်တဲ့လူကို သိချင်လို့လား"

"သိပ်သိချင်တာပေါ့... ဘယ်သူလဲ"

လှိုင်ဖုံးရှန်က....

"စန်းကျူဆိုတဲ့အမျိုးသမီးပဲ... ခင်ဗျားတစ်ယောက်တည်း မသွားနဲ့... လူဆိုးထိန်းတွေခေါ်သွားပါ"

သူက စန်းကျူတို့နေရာကိုပြောပြလိုက်၏။

လန်ဟွားက ချက်ချင်းပင် ပြေးထွက်သွားလေတော့သည်။

သူမထွက်သွားသည်နှင့် လှိုင်ဖုံးရှန်က....

"ရှင်းယုံ... ငါတို့တော့ ရဲလောက်ဟိုနဲ့စာရင်းရှင်ရတော့မယ်"

ရှင်းယုံက ပြုံးကာ....

"ကျွန်မပြောတာ ရှင်ကမယုံဘူး... သူက လူဆိုးမဟုတ်ဘူးလို့ ရှင်ပြောခဲ့တယ်လေ"

လှိုင်ဖုံးရှန်က ပြုံးကာ....

"ဟုတ်တယ်... ငါတွေးတာတစ်ကွက် မှားသွားတယ်... သူက စိန်တုံးကိုရပြီးကတည်းက မကောင်းတာတွေကိုဆက်မလုပ်တော့ဘူးလို့ဆုံးဖြတ်ပြီး သူ့လူတွေအားလုံးကို နှင်ထုတ်လိုက်တယ်... ပြီးတော့ သူကသဘောကောင်းပြီး ရိုးသားတဲ့လူအဖြစ် ဟန်ဆောင်တယ်"

ရှင်းယုံက....

"ကျွန်မတို့က အိမ်သွားကြမှာလား"

"ဟုတ်တယ်"

"ကျွန်မက ဘာလုပ်ရမှာလဲ"

"မင်းအမေ ဘယ်သွားသလဲဆိုတာပဲမေးပါ"

ရှင်းယုံက မျက်လုံးဝိုင်းသွားကာ....

"ကျွန်မအမေအတွက် စိုးရိမ်ရတယ် **ဟုတ်လား**"

လှိုင်ဖုံးရှန်က....

"ကျုပ်တွေးတာမှန်ရင်တော့ ရဲလောက်ဟိုက မင်းအမေကို ဝီကင်းသွားခိုင်းတာပဲ... မင်းအမေဆီမှာစိန်တုံးပါသွားမယ်လို့ ငါယူဆတယ်... အားလုံးမှန်မမှန် ရဲလောက်ဟိုဆီရောက်မှသိရမှာပေါ့"

သူတို့အားလုံး ရဲလောက်ဟို၏အိမ်ဂေဟာသို့ထွက်ခွာသွားကြလေတော့သည်။



ရဲလောက်ဟိုသည် ဝင်ရောက်လာသူများအားကြည့်ကာ အံ့အားသင့်သွား၏။

ထို့နောက် မျက်နှာပျက်ပျက်နှင့် အနောက်ဘက်ခန်းသို့ဝင်ရောက်သွား၏။ အချိန်အတန်ကြာသည်အထိ ပြန်ထွက်မလာပါ။

ဝင်ရောက်လာသောလှိုင်ဖုံးရှန်တို့လူစုမှာ တစ်အိမ်လုံးအားမွှေနှောက်ရှာဖွေလိုက်၏။ သူတို့ရှာဖွေသောပစ္စည်းမရှိပါ။

လှိုင်ဖုံးရှန်က အတော်ကြာမှပင် ရဲလောက်ဟို၏စာဖတ်ခန်းထဲမှ စာရွက်တစ်ရွက်အား ရရှိလိုက်၏။

သူက ကျေနပ်သွား၏။ ရှင်းယုံတို့မှာ မျက်နှာပျက်နေ၏။

"တစ်အိမ်လုံး ရှာပြီးပြီ... ရဲလောက်ဟိုမရှိတော့ဘူး"

လှိုင်ဖုံးရှန်က ပြုံးကာ....

"စိတ်မပူပါနဲ့... သူ ပြန်ရောက်လာမှာပါ"

သူ့စကားအဆုံးမှာပင် လုံခြုံရေးတပ်သားများနှင့် လူဆိုးထိန်းနှစ်ယောက်သည် ရဲလောက်ဟိုနှင့်အတူ လူနှစ်ယောက်အားကြိုးတုပ်ကာ အခန်းထဲသို့ပြန်ခေါ်လာ၏။

လှိုင်ဖုံးရှန်မှာ ရဲလောက်ဟိုအား အရေးမစိုက်နိုင်သေးပါ။

"လူဆိုးထိန်းကြီး... ခင်ဗျားရဲ့တပ်သားတွေနဲ့ ဝီကင်းကို

သွားတဲ့လမ်းမကြီးအတိုင်း လိုက်ခိုင်းပါ... ရှင်းယုံရဲ့အမေကိုတွေ့ရင် အမြန်ဆုံး ပြန်ခေါ်လာခဲ့ပါ... သူက လမ်းတစ်ဝက်လောက်ပဲရှိဦးမယ်... စာပို့ခိုတွေနဲ့အကြောင်းကြားရင် ပိုကောင်းမယ်"

လူဆိုးထိန်းက သူခိုင်းသည့်အတိုင်းပင် ချက်ချင်းအမိန့်ပေးခိုင်းစေလိုက်၏။

လို့ဖုံးရှန်က ရဲလောက်ဟိုအား ကြည့်ကာ....

"ခင်ဗျားမိန်းမကို မြင်းရထားနဲ့လွှတ်တာလား"

"ဟုတ်တယ်"

ရဲလောက်ဟိုသည် မည်သို့မျှငြင်းဆန်မရမှန်း နားလည်သောကြောင့် ဝန်ခံလိုက်၏။

သူ့အတွက် အချိန်သုံးရက်လောက်နောက်ကျသွားသဖြင့် ယခုကဲ့သို့ စိန်တုံးကိစ္စပေါ်ပေါက်သွားခြင်းဖြစ်၏။

လုံခြုံရေးတပ်မှူးကြီးက....

"လို့ဖုံးရှန်... ခင်ဗျားပြောသမျှ ကျုပ်တို့အားလုံးလုပ်ပေးတယ်... ကျုပ်တို့ကိုအကြောင်းစုံ ပြန်ပြောပြပါဦး"

လို့ဖုံးရှန်က ခေါင်းညိတ်ကာ....

"ရဲလောက်ဟိုက ခင်ဗျားတို့သိပြီးတဲ့အတိုင်း စိန်တုံးကိုခိုးသွားတဲ့တရားခံကြီးပါပဲ"

လုံခြုံရေးတပ်မှူးကြီးနှင့်ကျန်လူများက သူ့စကားအား စိတ်ဝင်စားစွာ နားထောင်နေကြ၏။

"တစ်ခုကံကောင်းတာက ကျုပ်တို့တရားခံကို တိုက်ခိုက်စ



ရာ သွေးမြေကျစရာမလိုဘဲ ဖမ်းမိလိုက်တာပါပဲ... ရဲလောက်ဟိုက စိန်တုံးကြီးရတာနဲ့ သူ့ဂိုဏ်းသားတွေကို လုံလောက်တဲ့ငွေကြေး အပြည့်အဝပေးပြီး ဂိုဏ်းကိုဖျက်လိုက်တယ်"

လုံခြုံရေးတပ်မှူးကြီးက....

"ဒါနဲ့ တန်ခိုးရှင်ဆိုတာ...."

"တန်ခိုးရှင်ဆိုတာလည်း ရဲလောက်ဟိုပါပဲ... သူက တန်ခိုးရှင်အဖြစ်နဲ့ ဓားပြတိုက်ခိုင်းနေတဲ့လူပါပဲ... သူက တန်ခိုးရှင်ဆီပို့ပေးမယ်ဆိုတာ သူ့နောက်ကျောမှာရှိတဲ့ အဆောက်အအုံကို စက်ယန္တရားတွေတပ်ဆင်ပြီး တစ်နေရာသပ်သပ်ရှိနေသယောင် လှည့်စားထားတာပါပဲ"

လုံခြုံရေးတပ်မှူးကြီးက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

"ကျုံကွမ်းမြို့မှာတော့ သူ့ကိုရတနာကုန်သည်ကြီးအနေနဲ့ပဲသိထားကြတာပါ... ဝီကင်းက ရတနာကုန်သည်ကြီးပိန်းရွှင်းက သူ့ဆီကို ဟောဒီစာလေးပို့လိုက်တာနဲ့ သူက ဒီပြစ်မှုကို ကျူးလွန်တော့တာပါပဲ"

လို့ဖုံးရှန်က ရဲလောက်ဟို၏ စာဖတ်ခန်းထဲမှရသော စာရွက်အား ဖတ်ပြလိုက်၏။

"ရတနာကုန်သည်ကြီးရဲလောက်ဟိုခင်ဗျာ....

ခင်မင်လေးစားစွာဖြင့် ကမ်းလှမ်းလိုက်ပါတယ်။ တိဘက်နယ်က ဘုရင်မင်းမြတ်အား လာဆောင်ဆက်သသောစိန်တုံးကြီးကို

လူကြီးမင်းက ဝယ်ယူပေးနိုင်ရင် ကျုပ်က သိန်းငါးဆယ်နဲ့ပြန်ဝယ်ယူချင်ပါတယ်၊ လူကြီးမင်းဆီရောက်ရင် လူကြီးမင်းရဲ့ ဇနီးနဲ့ပို့ခိုင်းလိုက်ပါ၊ သိန်းငါးဆယ်ကို ကျုပ်က အသင့်ပြင်ထားမယ်ဆိုတဲ့အကြောင်း ဝမ်းမြောက်စွာ ကမ်းလှမ်းလိုက်ပါတယ်ခင်ဗျာ။

ပိန်းရှင်း

ရတနာကုန်သည်၊ ပီကင်းမြို့"

အားလုံးက စိတ်ဝင်စားစွာဖြင့် နားထောင်နေ၏။

လွီဖုံးရှန်က....

"ဒီစာကိုရတာနဲ့ သူက ငွေသိန်းငါးဆယ်ကို အလကားလိုချင်လာတယ်... ကျန်ရှန်းမြို့က ကျန်ဂူးတောက်ကိုခိုင်းတယ်... ကျန်ဂူးတောက်က ဖိမာကိုခိုင်းတယ်... ဖိမာက နတ်မိမယ်တလျှံကိုခိုင်းတယ်... တလျှံက ချယ်ရီကိုသတ်ပြီး ချယ်ရီအယောင်ဆောင်တယ်... စိန်တုံးကိုခိုးတယ်... စိန်တုံးရတော့ ဖိမာက တလျှံကိုသတ်တယ်... ဖိမာကို ကျန်ဂူးတောက်က သတ်တယ်... ကျန်ဂူးတောက်ကို ရဲလောက်ဟိုက ကြေးစားမိန်းကလေးစန်းကျူတို့နဲ့ပေါင်းပြီး သတ်တယ်... စိန်တုံးကို သူ့မိန်းမဆီကနေ ပီကင်းက ပိန်းရှင်းဆီပို့ခိုင်းတယ်... ဒါပေမယ့် သူ့မိန်းမက စိန်တုံးပါလို့ပါမှန်းတောင် သိမှာမဟုတ်ဘူး... ပိန်းရှင်းက မြင်းရထားအံဝှက်ထဲမှာ စိန်တုံးပါလာတာသိတယ်... ငွေသိန်းငါးဆယ်နဲ့ညီမျှတဲ့ ရွှေတုံးတွေကို ပြန်ထည့်ပေးလိုက်မယ်ဆိုတဲ့စာလည်း ဒီမှာရထားတယ်"

သူက စာအား ပြလိုက်၏။



ရဲလောက်ဟိုမှာ ဘာစကားမှမပြောနိုင်တော့ပါ။

ထိုစဉ် လန်ဟွားနှင့်လူဆိုးထိန်းများက စန်းကျူတို့အား ဖမ်းဆီးခေါ်ဆောင်လာသောအခါ သူက ခေါင်းငိုက်စိုက်ကျသွားလေတော့သည်။

တစ်လအကြာ....။

ချန်အန်းမြို့တွင် ခမ်းနားသောဂုဏ်ပြုပွဲတစ်ခုကျင်းပ၏။ ချန်အန်းတစ်မြို့လုံးက စိတ်ဝင်စားကြ၏။

စိန်တုံးအား ပြန်ရအောင်ကြိုးစားပေးနိုင်သော လွီဖုံးရှန်၊ ယန်းကျိုကွေ၊ လုကျောင်း၊ ရှင်းယုံ၊ ကျင်းစုနှင့်လီလီတို့အား သူ့ရဲကောင်းဘွဲ့နှင့် ငွေသားသုံးသောင်းစီ ချီးမြှင့်သောဂုဏ်ပြုပွဲဖြစ်၏။

တရားခံအဖြစ်မှ သူရဲကောင်းဖြစ်သွားသော ယန်းကျိုကွေနှင့်လုကျောင်းအား ချန်အန်းတစ်မြို့လုံး ချီးကျူးကြ၏။

သေဆုံးသွားသော သခင်လေးစုံ၏ရျာပနာကို ခမ်းနားစွာ ပြုလုပ်ပြီး ဂုဏ်ပြုပေးကြ၏။

ထို့ပြင် သုံးလခန့်ကြာသောအခါ ရှင်းယုံနှင့်ယန်းကျိုကွေ အမွေရထားသောအိမ်ကြီးမှာ ကြီးမားသော တည်းခိုစားသောက်ဆိုင်ဖြစ်လာ၏။

ထိုစားသောက်ဆိုင်၏ တာဝန်ခံလင်မယားဖြစ်သော လွီဖုံး

ရှိန်နှင့်ရှင်းယုံက ဧည့်သည်များကို'ဂျူဂျာ'စွာ ဆက်ဆံ၏။

အရက်ခန်းတာဝန်ခံလင်မယားဖြစ်သော ယန်းကျိုကွေနှင့် ကျင်းစုမှာလည်း အရက်သောက်သူများအား စိတ်ချမ်းသာအောင် ဆက်ဆံ၏။

လောင်းကစားခန်းတာဝန်ခံဖြစ်သော လုကျောင်းမှာ တစ်ခါတလေ ထိုးသားလုပ်ရင်း တစ်ခါတလေ ဒိုင်ကိုင်ရင်း လောင်းကစားသမားများအား ပျော်ရွှင်အောင်ဆောင်ရွက်ပေး၏။

သူနံဘေးတွင် ဇနီးဖြစ်သူက ငွေကိုင်သိမ်းဆည်းပေး၏။

သူ့ဇနီးမှာ ယခုကိုယ်ဝန်ကြီးနှင့်ဖြစ်နေသောလီလီပင် ဖြစ်၏။

သခင်လေးစုံသေရသည်မှာ သူ့ကြောင့်ဖြစ်သည်ဟု ခံယူမိသောလုကျောင်းက လီလီအား လက်ထပ်ကာ တာဝန်ယူလိုက်လေတော့သည်။

ပြီး၏။

နန္ဒကျော်သူ